# ရတနာပုံ

၁၉၉၂ ခုနှစ်၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁)ရက်၊ တနင်္ဂနွေနေ့၊ (25-2-2024)၊ အတွဲ (၃၂)၊ အမှတ် (၃၀၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတု စစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်၍ ဂုဏ်ပြုအမှာစကားပြောကြား






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတု စစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့အထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

(၇၅)နှစ်မြောက် စိန်ရတု စစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ(၇၅)နှစ်မြောက် စိန်ရတု စစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အငြိမ်းစား စစ်အင်ဂျင်နီယာတပ်ဖွဲ့ဝင် အရာရှိကြီးများ၊ အရာရှိ စစ်သည်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**





STARMART nine mile Showroom

KHA YAE PIN MART

STARMART MANDALAY Wholesale

STARMART Nay Pyi Taw

ရတနာပုံ
၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်

အယ်ဒီတာ့အာဘော်

# စစ်မှုထမ်းဆောင်ခြင်းမှ ယုံကြည်မှုရဲစွမ်းသတ္တိပြည့်စုံသူများအဖြစ်သို့

နိုင်ငံ၏အနာဂတ်ကို အကောင်းဆုံးဖန်တီးနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များသည် နိုင်ငံတွင်းရှိလူငယ်များသာဖြစ်ပါသည်။ ထို့ကြောင့် လူငယ်များတွင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ပြည့်ဝနေရန်အရေးကြီးပါသည်။ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်အခြေခံကာ မိမိနိုင်ငံနှင့် မိမိလူမျိုးကို ကာကွယ်နိုင်ရန်အတွက် တစ်နည်းအားဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် စစ်ပညာရပ်များ၊ ကာကွယ်ရေးပညာရပ်များသင်ယူထားကြမည်ပင်ဖြစ်သည်။ သို့မှသာ နိုင်ငံတကာက လေးစားခန့်ညားလောက်သောလူငယ်များ၊ စွမ်းအင်စွမ်းအားပြည့်စုံသောလူငယ်များဖြင့် ကာကွယ်ရေးစွမ်းအားစုတည်ဆောက်ထားနိုင်မည်ဖြစ်သည်။

နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကာကွယ်ရန် တာဝန်ရှိသူများဖြစ်ပါသည်။ အထူးသဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်အတွက် အခြေအနေနှင့်အချိန်အခါအရ ပြည်သူ့စစ်မှုထမ်းဥပဒေကို ယခုနှစ်ဖေဖော်ဝါရီ ၁၀ ရက်နေ့၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အသက်သွင်းအာဏာတည်စေခြင်းပင်ဖြစ်သည်။ မိမိနိုင်ငံကာကွယ်ရေးအတွက် ပြည်သူများစစ်မှုထမ်းဆောင်ခြင်းသည် ရှေးယခင်ကတည်းကပင်ရှိနှင့်ပြီးဖြစ်သည်။ ရှေးအခါက ကျူးကျော်ရန်ပြုလာသူ တိုင်းတစ်ပါးသားများကိုကာကွယ်ရန် ရာပြမြို့၊ ထောင်ပြမြို့ စသည့်မြို့ရွာများ အခိုင်အမာဖွဲ့စည်းကာ အမြဲတမ်းအမှုထမ်းဖြစ်သော ရွှေနန်းတော်မှ ရဲမက်ဗိုလ်ပါများနှင့်အတူ ပြည်သူများသည် ရန်အပေါင်းကို ရှုပ်ရှုပ်ချွံချွံတွန်းလှန်ချေဖျက်ကြမြဲဖြစ်ပါသည်။

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံသည် ပထဝီနိုင်ငံရေးအခြေအနေအရ အချက်အချာကျပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည့်အလားအလာကောင်းများစွာရှိနေသည်။ ထိုအခွင့်အလမ်းကောင်းများနှင့်အတူ ကပ်ပါလာမည့်စိန်ခေါ်မှုများကိုကျော်လွှားနိုင်ရန် နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးလုံခြုံရေး၊တည်ငြိမ်အေးချမ်းရေးရှိရန်မှာ အသက်တမျှအရေးကြီးသည်။ ထို့ကြောင့် နိုင်ငံတကာက လေးစားခန့်ညားရသောကာကွယ်ရေးအင်အားစုကြီးရှိရန်အတွက် နိုင်ငံသားတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ကြရမည်ပင်ဖြစ်ပါသည်။ သို့ရာတွင် သတ်မှတ်အသက်အပိုင်းအခြားအတွင်းမှ သင့်တင့်လျောက်ပတ်သောအင်အားကိုသာ သတ်မှတ်ကာလအတွင်း ထမ်းဆောင်ကြရမည်ဖြစ်ပြီး နိုင်ငံအတွက်၊ ပြည်သူ့အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး နိုင်ငံတော်အပိုင်းက ဆောင်ရွက်သွားမည်ဖြစ်ရာ လတ်တလောတွင် အမျိုးသမီးများကို စစ်မှုထမ်းရန်အတွက် ခေါ်ယူရန်အစီအစဉ်မရှိသေးကြောင်း သတင်းထုတ်ပြန်ထားသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေပါ အချက်များနှင့်အကျုံးဝင်သော လူငယ်လူရွယ်များသည် သတ်မှတ်ချက်နှင့်အညီ စစ်ပညာရပ်များသင်ကြားခွင့်ရပါက လူတိုင်းမရနိုင်သောအခွင့်အရေးကို ကြုံကြိုက်ခြင်းပင်ဖြစ်ပါသည်။ စစ်ပညာရပ်များသင်ယူလေ့ကျင့်ရခြင်းဖြင့် အလုံးစုံစည်းကမ်းကောင်းလာမည်ဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာလည်း ကြံ့ခိုင်လာမည်ဖြစ်သည်။ ထို့ပြင် တာဝန်ယူစိတ်၊ ခေါင်းဆောင်ကောင်းစိတ်၊ ရဲဘော်ရဲဘက်စိတ်များ ပေါက်ဖွားလာမည်ဖြစ်ပြီး မိမိကိုယ်ကိုယုံကြည်စိတ်၊ မိမိအဖွဲ့အစည်းအပေါ် ယုံကြည်စိတ်၊ မိမိနိုင်ငံအပေါ် ယုံကြည်စိတ်များ ခိုင်မာနေမည်ဖြစ်ပါသည်။ ယုံကြည်မှုရဲစွမ်းသတ္တိပြည့်စုံနေသူလူငယ်များသည် နိုင်ငံ့အတွက် အဖိုးတန်ရတနာများပင်ဖြစ်သည့်အတွက် ခွင့်သာခိုက်တွင် စစ်မှုထမ်းရခြင်းကို နှစ်ခါပြန်မရနိုင်သည့် အခွင့်ထူးတစ်ခုအဖြစ် ရှုမြင်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုရေးသားအပ်ပါသည်။

# တပို့တွဲလပြည့်နေ့တွင် မဟာမုနိရုပ်ရှင်တော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိ



**မန္တလေး ဖေဖော်ဝါရီ ၂၄**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားဖြစ်သော မဟာမုနိရုပ်ရှင်တော်၌ တပို့တွဲလပြည့်နေ့(ယနေ့)တွင် နယ်စုံမှလာရောက်ဖူးမြော်ကြသည့် ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြ၍ သိရသည်။

ယနေ့သည် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သော တပို့တွဲလပြည့်နေ့ဖြစ်သည့်အပြင် ဗုဒ္ဓဘာသာဝင်တို့၏ ဥပုသ်နေ့ဖြစ်သောကြောင့် မဟာမုနိရုပ်ရှင်တော်ကို အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ နံနက်အစောပိုင်းမှစ၍ လာရောက်ဖူးမြော်ကြကြောင်း၊ ဖူးမြော်ကြရာတွင်လည်း မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်ကြပြီး ယခင်ရက်များထက် ဘုရားဖူးဦးရေတိုးကာ စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

"တပို့တွဲလပြည့်နေ့မှာ (၆၅) ကြိမ်မြောက် မဟာမုနိရုပ်ရှင်တော် ဗုဒ္ဓပူဇနီယပွဲတော်ကို စည်ကားစွာ ပြုလုပ်ပါတယ်။ ဘုရားအမှူးရှိသော သံဃာတော် ၁၁၁ ပါးကို စာရေးတံမဲနဲ့တကွ ဆွမ်းတော်ကြီးလောင်းလှူပွဲပြုလုပ်ခဲ့ပါတယ်။ ဖေဖော်ဝါရီ ၂၃ ရက်မှာ တပို့တွဲလပြည့်ဥပုသ်နေ့ အကြိုအဖြစ် ဂေါပကအဖွဲ့ရုံးက ဘုရားဖူးတွေကို ထမနဲနဲ့ ညှော်ခံကျွေးမွေးပါတယ်။ စောင်းတန်းတွေမှာ ဘုရားဖူးတွေနဲ့ ပြည့်နေပြီး စည်ကားနေပါတယ်။ ဒီနေ့ တပို့တွဲလပြည့်နေ့မှာ နယ်စုံက လာရောက်ဖူးမြော်သူတွေနဲ့ကော၊ မြို့ပေါ်က လာရောက်ဖူးမြော်သူတွေနဲ့ပါ စည်ကားနေပါတယ်။ ရွှေသင်္ကန်းကပ်လှူပူဇော်သူတွေနဲ့လဲ စည်ကားနေပါတယ်။ သမိုင်းဝင်ပြတိုက်တွေကို သွားရောက်လေ့လာသူတွေနဲ့လဲ စည်ကားနေပါတယ်။ ငါးကန်၊ လိပ်ကန်တွေမှာလဲ ငါးစာ၊ လိပ်စာကျွေးသူတွေနဲ့ စည်ကားနေပါတယ်။ ဆိုင်ခန်းတွေမှာလဲ ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်"ဟု မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိ ရုပ်ရှင်တော်ကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၄၅၃၀၇၅ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

အလားတူ မန္တလေးမြို့ပေါ်ရှိ အထင်ကရ နေရာများဖြစ်သည့် မန္တလေးတောင်၊ ကုသိုလ်တော်ဘုရား၊ စန္ဒာမုနိဘုရား၊ စွယ်တော်မြတ်စေတီတော်၊ ဝေရောစနကျောက်စိမ်းစေတီတော်တို့၌လည်း ဘုရားဖူးများဖြင့် နံနက်အစောပိုင်းမှစ၍ စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

(၁၈၅)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် ဂေါ်ဖီထုပ်များ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဖေဖော်ဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် ရှမ်းပြည်နယ်ဘက်မှ ထွက်ရှိသည့် ဂေါ်ဖီထုပ်များ ဝင်ရောက်လာပြီး အရောင်းအဝယ် ကောင်းနေကြောင်း အဆိုပါ ဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း) ဒေသထွက် ဂေါ်ဖီထုပ်များသည် လက်ရှိတွင် မန္တလေး သီရိမာလာ ကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ၁၂ ဘီးကား သုံးစီးမှ လေးစီးထိ၊ ခြောက်ဘီးကား ငါးစီးမှ ခြောက်စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ကုန်စည်လက်ကျန် မရှိသလောက် အရောင်းအဝယ်ကောင်းနေကြောင်း၊ ယခုလက်ရှိတွင် ဂေါ်ဖီထုပ်ဈေးနှုန်းများမှာ တစ်ထုပ်လျှင် အမျိုးအစားအလိုက် ငွေကျပ် ၄၀၀၊ ၅၀၀ ဖြင့် အရောင်းအဝယ် ကောင်းနေကြောင်း သိရသည်။

"လက်ရှိမှာတော့ ဂေါ်ဖီထုပ် အဓိကစိုက်ပျိုးတဲ့ တောင်ပေါ်ဒေသဘက်တွေကပဲ လှိုင်လှိုင်ဝင်ရောက်လာတာပါ။ ကျန်တဲ့ဒေသက ဂေါ်ဖီထုပ်ထွက်ရှိတာ မရှိသေးပါဘူး။ တောင်သူတွေက စိုက်တဲ့သူနည်းပါးသွားတဲ့အပြင် ပစ္စည်းရှားပါးလာတာကြောင့် ဂေါ်ဖီထုပ်အရောင်းအဝယ်က ကောင်းနေတာပါ။ လက်ရှိမှာ သီရိမာလာကုန်စိမ်းဈေးကို ဂေါ်ဖီထုပ်ကားတွေ အနေနဲ့ ခြောက်ဘီးကား၊ ၁၂ ဘီးကားတွေနဲ့ ပုံမှန်ဝင်ပါတယ်။ စိုက်ပျိုးသူတွေအနေနဲ့လဲ ဈေးကောင်းရရှိနေကြပါတယ်" ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ဂေါ်ဖီထုပ်များ အရောင်းအဝယ် ကောင်းနေခြင်းနှင့်အတူ အခြား ကုန်စိမ်းသီးနှံများဖြစ်သည့် အာလူး၊ သခွားသီး၊ ခရမ်းချဉ်၊ မုန်ညင်းဖြူ၊ ငရုတ်၊ ရွှေပဲသီး၊ ဂေါ်ရခါးသီး၊ ခရမ်းသီး၊ ဗိုလ်စားပဲနှင့် ပန်းမုန်လာတို့သည်လည်း အရောင်းအဝယ် ကောင်းနေကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်အတွင်း ကလေးဘက်မှထွက်ရှိသည့် ဂျုံများ အရောင်းအဝယ်ကောင်းလာ

**မန္တလေး ဖေဖော်ဝါရီ ၂၄**

မန္တလေး ဈေးကွက်အတွင်း ကလေးဘက်မှထွက်ရှိသည့် ဂျုံများ အရောင်းအဝယ် ကောင်းလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ ကလေးဘက်မှ ထွက်ရှိသည့် အရည်အသွေးကောင်း ဂျုံများ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာကြောင်း၊ ၎င်းဂျုံများကို မန္တလေးဈေးကွက်အတွင်း ဝယ်ယူမှု ယခင်က ထက်ပိုမိုများပြားလာပြီး အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း သိရသည်။

"မန္တလေးဈေးကွက်အတွင်းမှာ ကလေးဘက်ကနေ ထွက်ရှိတဲ့ အရည်အသွေးကောင်း ဂျုံတွေ အရောင်းအဝယ် ကောင်းနေတဲ့အပြင် တောင်ကြီးမြို့နဲ့ အခြားမြို့တွေကပါ မှာယူမှုပြန်ပြီးများလာတယ်။ ကလေးဘက်က ထွက်ရှိတဲ့ ဂျုံတွေကို ယူမှုပြန်ပြီးများပြားလာတာကြောင့် ဂျုံအရောင်းအဝယ်ပြန်ကောင်းလာပါတယ်"ဟု အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြသည်။

ကလေးဘက်မှထွက်ရှိသည့် ဂျုံများ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းလာခြင်းကြောင့် ဖေဖော်ဝါရီ ၂၃ ရက် ပေါက်ဈေးအရ ဂျုံပိဿာ ၆၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀၀ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဖုန်း-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပုသိမ်ကြီးမြို့နယ် နန္ဒာမြောက်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မန္တလေး ဖေဖော်ဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်နှင့် စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၊ အသေးစားနှင့် အငယ်စားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ်သောအရင်းအနှီးများရရှိစေရန်ရည်ရွယ်၍ နန္ဒာမြောက်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF) ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးဝင်းမြင့်၊ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်နှင့် ဝန်ထမ်းများက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF) ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) လုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ပုသိမ်ကြီးမြို့နယ် နန္ဒာမြောက်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၃၀၀၊ အစုအဖွဲ့များ၏ ထည့်ဝင်ငွေများဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း အစုအဖွဲ့များဖြစ်သော ရတနာဖြိုးအထည်ချုပ်လုပ်ငန်း၊ မြတ်မိုးမြင့်ကျော် ငါးမျိုးစုံမွေးမြူရေးလုပ်ငန်း၊ အောင်မေတ္တာအသားစားနွားမွေးမြူရေးလုပ်ငန်း၊ သီတာဆွေ ဘဲမွေးမြူရေးစီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နိုးမိုးကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့၊ ၆၂ လမ်း၊ ၁၄၁ ဘီလမ်းနေ ဒေါ်ငွေးမိသားစုက ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၇၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုမေ္ဓမဏ္ဍိဓောတရေ ဦးမိုးလင်း၊ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်၊ ဦးမြင့်မောင်တို့က လက်ခံရယူစဉ်။

# ရမည်းသင်းမြို့နယ်တွင် ဆည်ရေသောက်စနစ်ဖြင့် မိုးကြိုချည်မျှင်ရှည်ဝါ ဧက ၂၈၀၀ စိုက်ပျိုးသွားမည်


ယခင်နှစ်က ဝါစိုက်ခင်းကို တွေ့ရစဉ်။

**ရမည်းသင်း ဖေဖော်ဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ဆည်ရေသောက်စနစ်ဖြင့် မိုးကြိုချည်မျှင်ရှည်ဝါ ဧက ၂၈၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ဆည်ရေသောက်စနစ်ဖြင့် မိုးကြိုချည်မျှင်ရှည်ဝါ ဧက ၂၈၀၀ ကို လာမည့် မတ်လမှစ၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမည့်ဝါမျိုးများအနေဖြင့် ရွှေတောင်(၁၀) မျိုး၊ ရွှေတောင်(၈) မျိုး၊ ငွေချည် (၆) မျိုးတို့ကို စိုက်ပျိုးကြမည်ဖြစ်ကြောင်း၊ တောင်သူအများဆုံး စိုက်ပျိုးမည့်မျိုးမှာ ရွှေတောင်(၁၀) မျိုးဖြစ်ကြောင်း သိရသည်။

"ချည်မျှင်ရှည်ဝါက ကိုယ့်ရေမြေဒေသနဲ့ကိုက်ညီတဲ့ သီးနှံလဲဖြစ်တယ်။ ဝါက ပြည်တွင်းလိုအပ်ချက်ရှိပြီး ဝယ်လိုအားရှိတဲ့သီးနှံဖြစ်ပါတယ်။ ဝယ်လိုအားရှိတာကြောင့် တောင်သူတွေအတွက်လဲ တွက်ခြေကိုက်ပါတယ်။ ပြည်တွင်းမှာရှိတဲ့ ပုဂ္ဂလိကစက်ရုံတွေ၊ နိုင်ငံပိုင်စက်ရုံတွေအတွက် ဝါစိုက်ပျိုးတာကြောင့် ကုန်ကြမ်းကိုလဲ ရရှိပါတယ်။ ဒါကြောင့် စက်ရုံမှာလုပ်တဲ့လုပ်သားတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေလဲရတယ်။ အဓိကကတော့ တောင်သူတွေအတွက် တခြားသီးနှံတွေရောင်းဝယ်တဲ့အခါ ဈေးကွက်အခက်အခဲရှိပေမဲ့ ဝါက ဈေးကွက်အခက်အခဲမရှိပါဘူး"ဟု မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် ဝါကို မိုးကြို၊ မိုး၊ မိုးနှောင်းဟူ၍ တစ်ရာသီလုံးစိုက်ပျိုးကြကြောင်း၊ ဝါသည် ရေရှားမှုဖြစ်ခဲ့ပါက အခြားသီးနှံများနှင့် နှိုင်းယှဉ်လျှင် ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိသည့်သီးနှံဖြစ်သောကြောင့် အဓိကထားစိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

(၁၈၅)

# မိုင်းပန်မြို့နယ် ဟိုပိုင်လုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းပန် ဖေဖော်ဝါရီ ၂၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းပန်မြို့နယ် ဟိုပိုင်လုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ဟိုပိုင်လုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ထားမှု၊ စာရင်းဇယားများ မှန်ကန်စွာရေးသွင်းထားမှုနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ထားမှုရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဟိုပိုင်လုံကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ စီမံကိန်းရန်ပုံငွေများ ရေရှည်တည်တံ့စေရန်၊ ရန်ပုံငွေဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန်နှင့် ကြွေးကျန်များ မပေါ်ပေါက်စေရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

မိုင်းပန်မြို့နယ် ဟိုပိုင်လုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၂ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ခုံးပိသာချိန် ၇၅၀၀၀ တင်ပို့ရောင်းချခဲ့ရ

**ဖျာပုံ ဖေဖော်ဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ခုံးပိသာချိန် ၇၅၀၀၀ တင်ပို့ရောင်းချခဲ့ရကြောင်း ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်ညိုက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်တွင် သဘာဝအတိုင်း ဖမ်းယူရရှိသည့်ခုံးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်းက ရန်ကုန်ဈေးကွက်သို့ ခုံးပိသာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ ခုံးပိသာချိန် ၇၅၀၀၀ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဒေသကထွက်ရှိတဲ့ခုံးတွေ ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ပြည်တွင်းဈေးကွက်ကလဲ အဝယ်လိုက်နေတာပါ။ ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း ခုံးတွေအရောင်းအဝယ်ကောင်းခဲ့ပါတယ်။ အရင်လတွေကထက် ကုန်ချိန် ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကထွက်တဲ့ ငါး၊ ပုစွန်၊ ကဏန်းတွေအပြင် ခုံးကို သဘာဝအတိုင်း ရှာဖွေဖမ်းယူရရှိကြတာဖြစ်ပါတယ်။ ဒေသထွက်ခုံးတွေကို ဖျာပုံမြို့ကနေ တစ်ဆင့် ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချတာပါ။ အခုအရောင်းအဝယ်တွေ ပုံမှန်ထက် ပိုမိုသွက်လက်လာတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိတာပေါ့"ဟု ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်ညိုက ပြောပြသည်။

ဖျာပုံမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ငါးအမျိုးမျိုး၊ ပုစွန်အမျိုးမျိုး၊ ကဏန်းများအပြင် ခုံးများကို ရေလုပ်သားများထံမှ ဝယ်ယူပြီး စနစ်တကျသန့်စင်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ထိုမှတစ်ဆင့် အခြားဒေသများသို့ ဆက်လက်တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# နေကြာ၊ ဆူးပန်း၊ မြေပဲနှင့် နှမ်းဆီများ၏ ကမ္ဘာ့တင်သွင်း၊ တင်ပို့မှုအခြေအနေများ

မျိုးသူ(ကုန်သွယ်မြှင့်)

Vegetable Oil ကို မြန်မာပြုသည့်အခါ ဟင်းသီးဟင်းရွက်ဆီဟု ခေါ်တွင်ကြသည်။ ဟင်းသီးဟင်းရွက်ဆီဆိုသည်မှာ ဂေါ်ဖီထုပ်၊ မုန်လာဥ၊ ခရမ်းချဉ်သီး၊ လိမ္မော်သီး၊ ပန်းသီး၊ သရက်သီးများမှ ထုတ်လုပ်ထားခြင်းဖြစ်ပါသလားဆိုလျှင် မဟုတ်ပါဟု ဖြေဆိုရမည်ဖြစ်သည်။ အဆိုပါ Vegetable Oil ၏ အဓိပ္ပာယ်ကို ရှာဖွေလေ့လာကြည့်မည်ဆိုလျှင် ဆီပါဝင်မှုရှိသောသီးနှံ၊ အစေ့အဆန် သို့မဟုတ် အသီးတစ်ခု၏အစိတ်အပိုင်းတစ်ခုခုမှ ထုတ်ထားသောဆီကို ခေါ်ဆိုနိုင်သည်ဟု ပဏာမအဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို တွေ့ရသည်။ ဟင်းသီးဟင်းရွက်ဆီဆိုသည်မှာ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများမှမဟုတ်ဘဲ ဆီပါဝင်မှုရှိသောသီးနှံများ၊ အသီးများမှ ထုတ်ယူထားသောဆီများအားလုံးကို ခေါ်ဆိုနိုင်သည်။ မြန်မာ့ဆီဈေးကွက်အတွင်းရှိသော မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ စားအုန်းဆီ၊ သံလွင်ဆီ၊ ပဲပုပ်ဆီ၊ ပြောင်းဖူးဆီ၊ ဖွဲနုဆီ စသည်တို့အားလုံးကို ဟင်းသီးဟင်းရွက်ဆီများဟု ခြုံငုံ၍ ခေါ်နိုင်သည်။

ကမ္ဘာပေါ်တွင် အဆိုပါဟင်းသီးဟင်းရွက်ဆီ သို့မဟုတ် ဟင်းချက်ဆီ(Cooking Oil)များ၏စားသုံးမှုနှုန်းများမှာ စားအုန်းဆီသည် ၄၁ ဒသမ ၃၀ ရာခိုင်နှုန်း၊ ပဲပုပ်ဆီသည် ၄၁ ဒသမ ၂၈ ရာခိုင်နှုန်းဖြင့် ထိပ်ဆုံးတွင်ရပ်တည်နေပြီး ကင်နိုလာဆီမှာ ၁၈ ဒသမ ၂၄ ရာခိုင်နှုန်း၊ နေကြာဆီမှာ ၉ ဒသမ ၉၁ ရာခိုင်နှုန်း၊ မြေပဲဆီမှာ ၄ ဒသမ ၈၂ ရာခိုင်နှုန်း၊ ဝါစေ့ဆီမှာ ၄ ဒသမ ၉၉ ရာခိုင်နှုန်း၊ ဆီအုန်းစေ့မှထုတ်သော စားအုန်းဆီမှာ ၄ ဒသမ ၈၅ ရာခိုင်နှုန်း၊ အုန်းဆီမှာ ၃ ဒသမ ၄၈ ရာခိုင်နှုန်းနှင့် သံလွင်ဆီမှာ ၂ ဒသမ ၈၄ ရာခိုင်နှုန်းအသီးသီးရှိကြောင်း United States Department of Agriculture(USDA)၏ သုတေသနစစ်တမ်းများအရ သိရသည်။ စားအုန်းဆီနှင့် ပဲပုပ်ဆီနှစ်မျိုးကို ကမ္ဘာ့လူဦးရေ၏ ၈၂ ရာခိုင်နှုန်းကျော်က စားသုံးနေကြောင်း တွေ့ရသည်။ ယခင်တစ်ပတ်က စားအုန်းဆီ၏ ကမ္ဘာ့တင်ပို့၊ တင်သွင်းမှုများကို ရေးသားခဲ့ပြီးဖြစ်သဖြင့် ဟင်းသီးဟင်းရွက်ဆီများမှ ကျန်ရှိသော နေကြာဆီနှင့် အခြားဟင်းသီးဟင်းရွက်ဆီများအကြောင်းကို တင်ပြလိုသည်။

**ဆီပါဝင်မှုများ**

နေကြာဟုပြောလျှင် Safflower ခေါ် ဆူးပန်းကလည်း တစ်ပါတည်းပါလာတတ်သည်။ ဆူးပန်းစေ့တွင် ဆီပါဝင်မှုသည် နေကြာစေ့ထက်များတတ်သည်။ ချဉ်ပေါင်စေ့ ၁၃ ရာခိုင်နှုန်း၊ ဆူးပန်းစေ့ ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်း၊ တမာစေ့ ၂၅ ရာခိုင်နှုန်း၊ ထောပတ်သီး ၁၆ ရာခိုင်နှုန်းမှ ၂၄ ရာခိုင်နှုန်း၊ ဆီအုန်း(စားအုန်းဆီ) ၄၆ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်း၊ မြေပဲ ၄၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်း၊ နှမ်း ၃၅ ရာခိုင်နှုန်းမှ ၅၂ ရာခိုင်နှုန်း၊ နေကြာ ၂၂ ရာခိုင်နှုန်းမှ ၃၆ ရာခိုင်နှုန်း၊ ပန်းနှမ်း ၃၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းထိ ဆီပါဝင်သည်ဟု သိရသည်။ မြန်မာနိုင်ငံတွင် အထက်ဖော်ပြပါသီးနှံများအားလုံး စိုက်ပျိုးဖြစ်ထွန်းသည်ကို တွေ့နိုင်သည်။

**ကမ္ဘာ့နေကြာဆီထုတ်လုပ်မှု**

ကမ္ဘာ့နေကြာဆီထုတ်လုပ်မှုကိုကြည့်လျှင် ယူကရိန်းသည် တန်ချိန် ၄ ဒသမ ၄ သန်း၊ ရုရှားသည် တန်ချိန် ၄ ဒသမ ၁ သန်းရှိပြီး ၎င်းတို့အောက်တွင် အာဂျင်တီးနားနိုင်ငံ၊ တူကီယဲနိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ဟန်ဂေရီနိုင်ငံ၊ စပိန်နိုင်ငံနှင့် ရိုမေးနီးယားနိုင်ငံတို့ရှိကြသည်။ နေကြာဆီသုံးစွဲမှုသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၄ ဒသမ ၁၄ သန်းရှိရာမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တန်ချိန်၂၀ ဒသမ ၂၇ သန်းထိရာခိုင်နှုန်းအားဖြင့် ၄၃ ရာခိုင်နှုန်းထိ တိုးတက်လာသည်။ ၁၀ နှစ်အတွင်း တိုးတက်မှုရာခိုင်နှုန်းသည် စားအုန်းဆီထက်ပင် များပြားသည်ကိုတွေ့နိုင်သည်။ နေကြာဆီသည် နှလုံးရောဂါကို ကာကွယ်နိုင်သည်ဟု ဆိုသည်။ အခြားသောရောဂါများ၊ လေဖြတ်ရောဂါသည်များ အတွက်လည်းသင့်လျော်သည်ဟုဆိုသည်။ ထို့ကြောင့်ပင် နေကြာဆီကို ကျန်းမာရေးနှင့်ညီညွတ်သောစားသုံးဆီအဖြစ် လက်ခံလာကြပြီး ကမ္ဘာပေါ်တွင် စားသုံးမှု မြင့်တက်လာခြင်းဖြစ်သည်။

**နေကြာဆီ သို့မဟုတ် ဆူးပန်းဆီတင်သွင်းမှု**

ကမ္ဘာပေါ်၌ နေကြာဆီ သို့မဟုတ် ဆူးပန်းဆီတင်သွင်းမှုတွင် ၂၀၁၈ ခုနှစ်က အမေရိကန်ဒေါ်လာ ၃၂၆၆ သန်းဖိုးရှိရာမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၆၆၀ သန်းဖိုးထိ တိုးတက်လာသည်။ ဘယ်လ်ဂျီယံနိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၂၆ သန်းဖိုးတင်သွင်းခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၄၉ သန်းကျော်ဖိုးထိ တိုးတက်တင်သွင်းလာသည်။ အီသီယိုးပီးယားနိုင်ငံသည် ၂၀၁၈ ခုနှစ်က အမေရိကန်ဒေါ်လာ ၆၇ သန်းဖိုးသာ တင်သွင်းခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၉၇ သန်းဖိုးထိ တိုးတက်တင်သွင်းလာသည်။

❖ မြန်မာနိုင်ငံတွင် အများဆုံးစိုက်ပျိုးထုတ်လုပ်သည့် ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ နေကြာစသည့်သီးနှံများနှင့် ဆီအုန်း၊ ပန်းနှမ်းစသော သီးနှံများအားလုံးကြိတ်ခွဲထုတ်လုပ်နိုင်သည်။ သို့သော် မြေပဲ၊ နှမ်းတို့ကို သီးနှံအဖြစ် ပြည်ပသို့တင်ပို့နေရသဖြင့် အားလုံးကိုကြိတ်ခွဲမှုမပြုနိုင်ခြင်း၊ ပြည်တွင်းဆီစက်များမှာလည်း အသေးစားစက်များသာ များပြားသဖြင့် စားသုံးဆီထုတ်လုပ်မှုကို ပြည့်ဝအောင်ကြိတ်ခွဲမှုမပြုနိုင်ခြင်းစသည့်အကြောင်းများကြောင့် စားသုံးဆီများကို ယခုအချိန်ထိ ပြည်ပမှ တင်သွင်းနေရခြင်းဖြစ်သည်။ ❖

အလားတူပင် ပြင်သစ်နိုင်ငံသည် ၂၀၁၈ ခုနှစ်က အမေရိကန်ဒေါ်လာ ၁၃၄ သန်းဖိုးသာ တင်သွင်းခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၅၅ သန်းဖိုးထိတင်သွင်းလာသည်ကို တွေ့ရသည်။ အမေရိကန်နိုင်ငံသည်လည်း ၂၀၁၈ ခုနှစ်က အမေရိကန်ဒေါ်လာ ၇၉ သန်းကျော်ဖိုးသာ တင်သွင်းရာမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၃၃၀ ကျော်ဖိုး တင်သွင်းလာသည်။ နယ်သာလန်နိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၃၃ သန်း ကျော်ဖိုးမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၁၆ သန်း ကျော်ဖိုးတင်သွင်းလာသည်။ ဂျာမနီနိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃၃ သန်း ကျော်ဖိုး တင်သွင်းရာမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၀၄ သန်းကျော်ဖိုးတင်သွင်းလာသည်။ ပိုလန်နိုင်ငံသည်လည်း ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၃ သန်းကျော်ဖိုးတင်သွင်းရာမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၅၈ သန်းကျော်ဖိုး တင်သွင်းလာသည်ကိုတွေ့ရသည်။ တင်သွင်းသောနိုင်ငံအများစုသည် ၂၀၁၈ ခုနှစ် တင်သွင်းတန်ဖိုး၏ နှစ်ဆကျော်ဖိုးကို ၂၀၂၂ ခုနှစ်တွင် တိုးမြှင့်တင်သွင်းလာကြောင်း တွေ့ရှိရသည်။

**နေကြာဆီ သို့မဟုတ် ဆူးပန်းဆီတင်ပို့မှု**

ကမ္ဘာပေါ်တွင် နေကြာဆီ သို့မဟုတ် ဆူးပန်းဆီကို တင်ပို့သည့်တန်ဖိုးမှာ ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၅၀၈ သန်းဖိုးရှိရာမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၉၂၇ သန်းဖိုးထိရှိလာသည်။ တူကီယဲနိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၁၂ သန်းကျော်ဖိုးတင်ပို့ရာမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၁၇၄ သန်းကျော်ဖိုးတင်ပို့နိုင်သည်။ ယူကရိန်းနိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၈၃ သန်းကျော်ဖိုးတင်ပို့ရာမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈၃၄ သန်းကျော်ဖိုး တိုးမြှင့်တင်ပို့နိုင်ခဲ့သည်။ စပိန်နိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၉၁ သန်းကျော်ဖိုးတင်ပို့ရာမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၅၇၀ ကျော်ဖိုးထိ တိုးမြှင့်တင်ပို့လာသည်။ ပြင်သစ်နိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၇၂ သန်းဖိုး တင်ပို့ရာမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၄၆၀ ကျော်ဖိုးတင်ပို့လာသည်။ ဟန်ဂေရီနိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၈၃ သန်းဖိုးတင်ပို့ရာမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၄၄၀ ကျော်ဖိုးထိ တင်ပို့နိုင်လာသည်။ ခြုံငုံသုံးသပ်ရလျှင် နေကြာဆီစားသုံးမှုသည် ကမ္ဘာပေါ်တွင် မြင့်တက်လာသည်ကို တွေ့ရသည်။ ယခုနေကြာဆီ သို့မဟုတ် ဆူးပန်းဆီတင်ပို့၊ တင်သွင်းမှု အချက်အလက်များသည် Trade Map Website ၏ H.S. Code 151219 မှ ကောက်နုတ်ဖော်ပြထားခြင်းဖြစ်သည်။

**ကမ္ဘာ့မြေပဲဆီတင်သွင်းမှု**

ကမ္ဘာ့မြေပဲဆီကုန်သွယ်မှုတန်ဖိုးသည် နေကြာဆီ သို့မဟုတ် ဆူးပန်းဆီကုန်သွယ်မှုတန်ဖိုးနှင့် နှိုင်းယှဉ်ပါက မများလှသည်ကိုတွေ့နိုင်သည်။ H. S. Code-150890 အရ ကမ္ဘာ့မြေပဲဆီတင်သွင်းမှုတန်ဖိုးသည် ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀၆ သန်းကျော်ဖိုးသာရှိသည်။ သို့ရာတွင် ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀၂ သန်းကျော်သို့ ကျဆင်းသွားသည်ကိုတွေ့ရသည်။ ကမ္ဘာ့မြေပဲဆီတင်သွင်းသောနိုင်ငံများမှာ ဟောင်ကောင်ဒေသ၊ အင်္ဂလန်၊ နယ်သာလန်၊ ကနေဒါ၊ ဂျာမနီ၊ ပြင်သစ်၊ အမေရိကန်၊ ဘယ်လ်ဂျီယံ၊ နော်ဝေ၊ မလေးရှား၊ ဩစတြီးယား၊ မကာအို၊ စပိန်၊ ဘရာဇီး၊ ဩစတြေးလျ၊ စင်ကာပူ၊ ဂျပန် စသည့်နိုင်ငံများဖြစ်ကြသည်။ ဟောင်ကောင်ဒေသသည် ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၉ သန်းဖိုး တင်သွင်းထားပြီး ၂၀၂၂ ခုနှစ် တွင် အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၇ သန်းကျော်ဖိုးထိ တိုးတက်တင်သွင်းသည်။ အင်္ဂလန်နိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၃ သန်းကျော်ဖိုးတင်သွင်းရာမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၄ သန်းဖိုးထိ တင်သွင်းထားသည်။ နယ်သာလန်နိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၁ သန်းကျော်ဖိုးမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၃ သန်းကျော်ဖိုးတင်သွင်းထားသည်။ ကနေဒါနိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ သန်းဖိုးတင်သွင်းထားပြီး ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ သန်းဖိုးတိုးတက်တင်သွင်းထားသည်။ ဂျာမနီနိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ သန်းဖိုးတင်သွင်းရာမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ သန်းဖိုးထိ တိုးတက်တင်သွင်းထားသည်။ ပြင်သစ်နိုင်ငံကမူ ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၂ သန်းကျော်ဖိုး တင်သွင်းခဲ့သော်လည်း ၂၀၂၂ ခုနှစ်တွင် ၆ ဒသမ ၁ သန်းကျော်ဖိုးသာ တင်သွင်းသည်ကို တွေ့ရသည်။ အမေရိကန်နိုင်ငံ၊ နော်ဝေနိုင်ငံ၊ ဩစတြီးယားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ စပိန်နိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့သည် ၂၀၂၂ ခုနှစ်တွင် ၂၀၁၈ ခုနှစ်ထက် တိုးတက်တင်သွင်းလာသော်လည်း မကာအို၊ ဩစတြေးလျနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့ကမူ လျော့ချတင်သွင်းထားသည်ကိုတွေ့ရသည်။ ထို့ကြောင့် မြေပဲဆီတင်သွင်းမှုသည် ၄ နှစ်အတွင်း လျော့နည်းသွားသည်ကို တွေ့ရသည်။ အိန္ဒိယနိုင်ငံ၏ ထုတ်လုပ်မှုနှင့်လည်း သက်ဆိုင်နိုင်သည်။

**ကမ္ဘာ့မြေပဲဆီတင်ပို့မှု**

ကမ္ဘာပေါ်၌ မြေပဲဆီတင်ပို့မှုကိုကြည့်လျှင် ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၁၅ ဒသမ ၃၈ သန်းဖိုးရှိရာမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃၈ ဒသမ ၄၇၁ သန်းဖိုးထိ တိုးတက်လာသည်ဟုဆိုသည်။ မြေပဲဆီတင်ပို့သောနိုင်ငံများမှာ ဘရာဇီးနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဘယ်လ်ဂျီယံနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ အီတလီနိုင်ငံ၊ ဟောင်ကောင်ဒေသ၊ ဂျာမနီနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ပါရာဂွေးနိုင်ငံ၊ ဩစတြီးယားနိုင်ငံ၊ အင်္ဂလန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ စပိန်နိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့ဖြစ်ကြသည်။ ဘရာဇီးနိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၃ သန်းကျော်ဖိုးတင်ပို့ရာမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၇ သန်းကျော်ဖိုးတင်ပို့ထားသည်။ တရုတ်နိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၂၀ ကျော်ဖိုးတင်ပို့ရာမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၃ သန်းကျော်ဖိုး တင်ပို့ထားသည်။ ဘယ်လ်ဂျီယံနိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၇ သန်းကျော်ဖိုးတင်ပို့ရာမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၈ သန်းကျော်ဖိုးတင်ပို့ထားသည်။ အမေရိကန်နိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇ ဒသမ ၁ သန်းကျော်ဖိုးတင်ပို့ရာမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၄ သန်းကျော်ဖိုးတင်ပို့ထားသည်။ အိန္ဒိယနိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၈ သန်းကျော်ဖိုးတင်ပို့ရာမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၂ သန်းကျော်ဖိုးတင်ပို့ထားသည်။ နယ်သာလန်နိုင်ငံမှာမူ ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၂ သန်းကျော်ဖိုးတင်ပို့ခဲ့သော်လည်း ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ရှစ်သန်းကျော်ဖိုးသာတင်ပို့ခဲ့သည်။ ပြင်သစ်နိုင်ငံမှာလည်း ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၉ ဒသမ ၃ သန်းကျော်ဖိုးတင်ပို့ခဲ့သော်လည်း ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ရှစ်သန်းကျော်ဖိုးသာ တင်ပို့ခဲ့သည်။ အခြားနိုင်ငံများမှာ ၂၀၁၈ ခုနှစ်ထက် ၂၀၂၂ ခုနှစ်တွင် အထိုက်အလျောက်တိုးတက်တင်ပို့ထားသည်ကို တွေ့ရသည်။

**ကမ္ဘာ့နှမ်းဆီတင်သွင်း၊ တင်ပို့မှု**

ကမ္ဘာပေါ်တွင် နှမ်းဆီ(ဆီကြမ်းအပါ)တင်ပို့၊ တင်သွင်းမှုအခြေအနေကို H.S. Code 151550 မှ အခြေခံ၍လေ့လာကြည့်ရာ တင်သွင်းမှုအပိုင်းတွင် ၂၀၁၈ ခုနှစ်က အမေရိကန်ဒေါ်လာ ၂၈၆ သန်းကျော်ဖိုးရှိရာမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၉၇ သန်းကျော်ဖိုးထိ တိုးတက်လာသည်။ မြေပဲဆီတင်သွင်းမှုထက် များပြားသည်ဟုဆိုနိုင်သည်။ ကမ္ဘာ့နှမ်းဆီတင်ပို့မှုကိုကြည့်လျှင် ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၈၃ သန်းကျော်ဖိုးရှိရာမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၂၁ သန်းကျော်ဖိုးထိ တိုးတက်လာသည်။ နှမ်းဆီတင်သွင်းမှုတွင် အမေရိကန်နိုင်ငံသည် ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၄၄ သန်းကျော်ဖိုးဖြင့် အများဆုံးရှိသည်ကို တွေ့ရသည်။ ၂၀၁၈ ခုနှစ်ထက် တိုးတက်တင်သွင်းထားသည်ကို တွေ့ရသည်။ ၂၀၁၈ ခုနှစ်တွင် အမေရိကန်နိုင်ငံ၏ တင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၉၆ သန်းကျော်ဖိုး ရှိခဲ့သည်။ ကမ္ဘာပေါ်တွင် နှမ်းဆီတင်သွင်းသောနိုင်ငံများမှာ အမေရိကန်နိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ အင်္ဂလန်နိုင်ငံ၊ ကနေဒါနိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ တရုတ်(တိုင်ပေ)၊ အင်ဒိုနီးရှားနိုင်ငံ၊ ဟောင်ကောင်ဒေသ၊ ဘယ်လ်ဂျီယံနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံ၊ စပိန်နိုင်ငံနှင့်တရုတ်နိုင်ငံတို့ဖြစ်ကြသည်။ ကမ္ဘာ့နှမ်းဆီတင်ပို့သည့်နိုင်ငံများကိုကြည့်လျှင် ဂျပန်နိုင်ငံသည် ထိပ်ဆုံး၌ရပ်တည်နေသည်ကိုတွေ့ရသည်။ ဂျပန်နိုင်ငံနောက်တွင် တရုတ်(တိုင်ပေ)၊ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊

စာမျက်နှာ ၅ သို့ ➤

# ၂၀၂၄ ခုနှစ် (၇၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏ အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှတက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ချင့်ချိန်ယုံစား သတင်းစကား

- လေလှိုင်းပေါ် သတင်းစကား
ချင့်ယုံစား မိတ်ဆွေ၊
ပြည်နိုင်ငံ ပျက်စီးအောင်ပ
နည်းလမ်းရှာနေ၊
ပြည်ဖျက်သမား မီဒီယာတွေ
သဲပမာလေ အလွန်ပေါ၊
ကလိမ်ကျစ်ဉာဏ် အမျိုးမျိုးနဲ့
မိုးထိအောင်ပြော။

- ကိုယ်ပိုင်ဉာဏ် တွေးတောလို့
စစ်ကြောလို့ သတင်းများစွာ၊
အမှားအမှန် အကောင်းအဆိုး
ကြောင်းကျိုးကြည့်ပါ၊
သွေးချင်းတို့ ပြည်မြန်မာ
ပျက်စီးမှာ မလိုလား၊
ဘိုးဘွားတွေ အမွေအနှစ်
ချစ်မြတ်နိုးထား။

- ပြည်သူသည် တစ်သုံးငါး
တိုင်းပြည်အား ကာကွယ်၊
ကိုယ်နိုင်ရာ ဝန်ကိုထမ်း
ကြိုးပမ်းကြမယ်၊
မြန်ပြည်ကြီး ကမ္ဘာ့အလယ်
ထည်ဝါစွာ တည်တံ့ရေး၊
သတင်းမှန် ရရှိရေးကို
ကြိုးစားကာပေး။ ။

ချစ်သက်(မြန်မာစာ)

## အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၂၈၄၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မြောင်းမြ ဖေဖော်ဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၂၈၄၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၂၈၇၁ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၈၄၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါငရုတ်များ လျာထားချက်အတိုင်းစိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက တောင်သူအသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"အိမ်မဲမြို့နယ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ငရုတ် ၂၈၇၁ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ငရုတ် ၂၈၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်တဲ့ ငရုတ်အမျိုးအစားတွေကို ရွေးချယ်စိုက်ပျိုးနေပါတယ်။ စိုက်ပျိုးဖို့ကျန်တဲ့ငရုတ်ဧကကိုလဲ ဆက်လက်စိုက်ပျိုးနေပါတယ်။ ငရုတ်သီးနှံတွေအပါအဝင် ဆောင်းသီးနှံအားလုံး လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းလုပ်ဆောင်နေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

အိမ်မဲမြို့နယ် ကျေးရွာ ၁၈ ရွာမှ ဒေသခံတောင်သူသည် ငရုတ်သီးနှံများကို အများဆုံးစိုက်ပျိုးလျက်ရှိပြီး ငရုတ်ကို ဆောင်းရာသီနှင့်နွေရာသီတွင် ပိုမိုစိုက်ပျိုးကြကြောင်း၊ ငရုတ်စိုက်ခင်းများ ပိုးမွှားအန္တရာယ်မကျရောက်စေရေး၊ အထွက်နှုန်းကောင်းမွန်စေရေး၊ အရည်အသွေးကောင်းစေရေး စသည့်အသိပညာပေးလုပ်ငန်းများကို ဒေသခံတောင်သူများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေကြောင်း ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းထံမှ သိရသည်။

**ကျော်ကျော်လင်း**



## စဉ့်ကူးမြို့နယ် ကျောက်တိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကူး ဖေဖော်ဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်တိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်း၊ စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ထွန်းလင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကျောက်တိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း စသည့် တစ်နိုင်တစ်ပိုင် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျရေးသွင်းထားရှိမှု၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျောက်တိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၅ ဦးကို ငွေကျပ် ၃၈၂ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၁၃၂ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၃၁ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၇ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၄၅ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**နှံ့ယဉ်**

➤ စာမျက်နှာ ၄ မှ အဆက်

မက္ကဆီကိုနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဘယ်လ်ဂျီယံနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ကြသည်။ အအေးပိုင်းနိုင်ငံများတွင် နှမ်းဆီတင်ပို့မှုများပြားနေခြင်းသည် နှမ်းနှင့်နှမ်းဆီကြမ်းကိုတင်သွင်းပြီး နှမ်းလှော်ဆီမွှေးကဲ့သို့ အဆင့်မြင့်နှမ်းဆီများထုတ်လုပ်တင်ပို့သည်ကို သိနိုင်သည်။

**မြန်မာ့ဆီတင်သွင်း၊ တင်ပို့မှု**

မြန်မာနိုင်ငံတွင် စားသုံးဆီလိုအပ်ချက်သည် အိမ်ထောင်စုများချက်ပြုတ်စားသုံးရန်အတွက်ပါဝင်သကဲ့သို့ စားသောက်ဆိုင်များ၊ စားသောက်ကုန်ထုတ်လုပ်ငန်းများ၊ ဟိုတယ်မိုတယ်များ၊ Street food shops များ၊ လက်ဖက်ရည်ဆိုင်နှင့် အကြော်ဆိုင်များ စသည့်လုပ်ငန်းသုံးဆိုင်ရာကိစ္စများအတွက်လည်း စားသုံးဆီကိုလိုအပ်သည်။ မြန်မာနိုင်ငံတွင် အများဆုံးစိုက်ပျိုးထုတ်လုပ်သည့် ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ နေကြာ စသည့်သီးနှံများနှင့် ဆီအုန်း၊ ပန်းနှမ်း စသော သီးနှံများအားလုံးကြိတ်ခွဲထုတ်လုပ်နိုင်သည်။ သို့သော် မြေပဲ၊ နှမ်းတို့ကို သီးနှံအဖြစ် ပြည်ပသို့တင်ပို့နေရသဖြင့် အားလုံးကို ကြိတ်ခွဲမှုမပြုနိုင်ခြင်း၊ ပြည်တွင်းဆီစက်များမှာလည်း အသေးစားစက်များသာများပြားသဖြင့် စားသုံးဆီထုတ်လုပ်မှုကို ပြည့်ဝအောင်ကြိတ်ခွဲမှုမပြုနိုင်ခြင်း စသည့်အကြောင်းများကြောင့် စားသုံးဆီများကို ယခုအချိန်ထိ ပြည်ပမှတင်သွင်းနေရခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ခေတ်မီဆီကြိတ်ခွဲစက်များကိုထူထောင်နိုင်မည်ဆိုပါက ပြည်တွင်းဆီကြိတ်ခွဲထုတ်လုပ်မှုကဏ္ဍသည် များစွာဖွံ့ဖြိုးတိုးတက်လာနိုင်သည်။ ထို့ပြင် အဆိုပါဆီစက်ကြီးများ၏ ကြိတ်ခွဲအားများပြားမှုကြောင့်လည်း ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင်လည်း များစွာတိုးတက်လာနိုင်သည်။ ထို့ပြင် ခေတ်မီသန့်စင်သော နိုင်ငံတကာကြိုက်နှစ်သက်သည့် မြေပဲဆီ၊ နှမ်းဆီနှင့် နေကြာဆီများကို ပြည်တွင်းဖူလုံရုံမျှမက ပြည်ပသို့ ပြန်လည်တင်ပို့နိုင်သောအခြေအနေထိ တိုးတက်လာနိုင်သည်။ ထို့ကြောင့် ပြည်တွင်းဆီကြိတ်စက်များ ကြိတ်ခွဲထုတ်လုပ်မှုကိုအားပေးရာတွင် ခေတ်မီဆီကြိတ်စက်ကြီးများ၏ကဏ္ဍကိုလည်း ထည့်သွင်းစဉ်းစားပြီး အားပေးမြှင့်တင်သင့်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- Trade Map Website Data and internet.

## နိုင်ငံတကာ သတင်းများ

# တရုတ်နိုင်ငံ၌ အထပ်မြင့်အဆောက်အအုံမီးလောင်မှုဖြစ်ပွား အနည်းဆုံး ၁၅ ဦးသေဆုံး၊ ၄၄ ဦးဒဏ်ရာရရှိ





**ပေကျင်း ဖေဖော်ဝါရီ ၂၄**

တရုတ်နိုင်ငံ ကျန်းဆုပြည်နယ် နန်ကျင်းမြို့ရှိ အထပ်မြင့် လူနေအဆောက်အအုံ တစ်လုံး၌ ဖေဖော်ဝါရီ ၂၃ ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူပေါင်း ၁၅ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

အထပ် ၃၄ ထပ်ရှိသည့် အဆိုပါ အဆောက်အအုံ မီးလောင်ကျွမ်းမှုကြောင့် လူပေါင်း ၄၄ ဦးလည်း ဒဏ်ရာများရရှိခဲ့ကြောင်း တရုတ်ပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဒဏ်ရာရသူများအနက် နှစ်ဦးမှာအခြေအနေစိုးရိမ်ရပြီး ကျန်အားလုံးမှာ အသေးစားဒဏ်ရာများသာရရှိခဲ့ခြင်းဖြစ်ကြောင်း နန်ကျင်းမြို့တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အထပ်မြင့် အဆောက်အအုံ မီးလောင်ကျွမ်းမှုသည် ယင်းအဆောက်အအုံအတွင်း ရပ်ထားသည့် လျှပ်စစ်စက်ဘီးတစ်စီးမှ တစ်ဆင့် စတင်ဖြစ်ပွားခဲ့ဖွယ်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် မီးလောင်မှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို တိတိကျကျ ဖော်ထုတ်နိုင်ရေးအတွက် တရုတ်တာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေဆဲဖြစ်သည်။

အဆိုပါအထပ်မြင့် အဆောက်အအုံမီးလောင်မှုကို မီးသတ်ယာဉ် ၂၀ ကျော်တို့က တစ်နာရီကျော်ကြာ အချိန်ယူ ထိန်းချုပ်ခဲ့ရကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ရုရှား နျူကလီးယားလက်နက် ၉၅ ရာခိုင်နှုန်း အဆင့်မြှင့်တင်ထားပြီးဖြစ်ကြောင်း သမ္မတပူတင်ပြောကြား

**မော်စကို ဖေဖော်ဝါရီ ၂၄**

ရုရှား မဟာဗျူဟာမြောက် နျူကလီးယားတပ်များ၏ စစ်လက်နက်ပစ္စည်း ၉၅ ရာခိုင်နှုန်းကို ခေတ်နှင့်အညီ မွမ်းမံမြှင့်တင်ထားပြီးဖြစ်ကြောင်း ရုရှားသမ္မတပူတင်က ဖေဖော်ဝါရီ ၂၃ ရက်တွင် ပြောကြားခဲ့သည်။

ဖေဖော်ဝါရီ ၂၃ရက်တွင် ကျင်းပခဲ့သည့် အဖမြေကာကွယ်သူများနေ့ အထိမ်းအမှတ် အခမ်းအနားမိန့်ခွန်းတွင် ရုရှားသမ္မတပူတင်က ရုရှားမဟာဗျူဟာနျူကလီးယားတပ်များ၏အခြေအနေကို အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

ယနေ့အချိန်ဆိုလျှင် ရုရှားနျူကလီးယားတပ်များ၏ စစ်လက်နက်ပစ္စည်း ၉၅ ရာခိုင်နှုန်းမှာ ခေတ်မီစေရန်ပြင်ဆင်မွမ်းမံထားပြီးဖြစ်သည့် လက်နက်စနစ်များဖြစ်ကြောင်း သမ္မတပူတင်ကပြောကြားခဲ့သည်။

ထို့ပြင် ရုရှားရေတပ်နှင့် လေတပ်တို့၏ မဟာဗျူဟာနျူကလီးယားဒုံးကျည်တပ်များအတွက်လည်း စစ်လက်နက် ယန္တရားစနစ်သစ်များ ဖြည့်ဆည်းပေးထားကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

သမ္မတပူတင်၏အဆိုအရ ရုရှားလေတပ်သည် တီယူ-၁၆၀ အမ် မဟာဗျူဟာ ဗုံးကြဲလေယာဉ်သစ်လေးစင်းလက်ခံရရှိထားပြီး ရုရှားရေတပ်သည်လည်း မဟာဗျူဟာမြောက် ရေငုပ်သင်္ဘောသစ်များ ထပ်မံရရှိထားကြောင်း သိရသည်။

ရုရှားသမ္မတပူတင်သည် ဖေဖော်ဝါရီ ၂၂ ရက်က တီယူ-၁၆၀ အမ် အမျိုးအစား မဟာဗျူဟာဗုံးကြဲလေယာဉ်ပုံစံသစ်ကို ကိုယ်တိုင်လိုက်ပါ မောင်းနှင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# တောင်ကိုရီးယားနှင့် အမေရိကန်စစ်လေယာဉ်များ ကိုရီးယားကျွန်းဆွယ်၌ ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်

**ဆိုးလ် ဖေဖော်ဝါရီ ၂၄**

တောင်ကိုရီးယားနှင့်အမေရိကန် စစ်လေယာဉ်များသည် ဖေဖော်ဝါရီ ၂၃ ရက်တွင် ကိုရီးယားကျွန်းဆွယ်ဒေသ၌ ရန်သူလေယာဉ်ကြားဖြတ်ဟန့်တားမှု၊ စစ်ရေးလေ့ကျင့်မှုများကို ပူးတွဲပြုလုပ်ခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံက ယခုနှစ်အတွင်းပြုလုပ်ခဲ့သည့် စစ်လက်နက်စမ်းသပ်မှုများကိုတုံ့ပြန်သည့်အနေဖြင့် အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်မှုကို တောင်ကိုရီးယားနှင့်အမေရိကန်နိုင်ငံတို့က ပူးတွဲပြုလုပ်ခဲ့ခြင်းဖြစ်နိုင်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။




ဖေဖော်ဝါရီ ၂၃ ရက် ပူးတွဲလေကြောင်းစစ်ရေးလေ့ကျင့်မှုတွင် တောင်ကိုရီးယားနှင့် အမေရိကန်လေတပ်တို့မှ အက်ဖ်-၃၅ အေ အမျိုးအစား ရေဒါကိုယ်ယောင်ဖျောက်တိုက်လေယာဉ်များ ပါဝင်ခဲ့ကြသည်။

မြောက်ကိုရီးယား နိုင်ငံသည် ယခုနှစ်အတွင်း ဒုံးကျည်စမ်းသပ်မှုခြောက်ကြိမ်ပြုလုပ်ခဲ့ရာ စမ်းသပ်မှုအများစုမှာ အနိမ့်ပျံ ပျံသန်းနိုင်စွမ်းရှိသည့် ခရုဇ်ဒုံးကျည်စမ်းသပ်မှုများဖြစ်ကြသည်။

မြောက်ကိုရီးယား နိုင်ငံသည် ၂၀၂၂ ခုနှစ်မှစ၍ စစ်လက်နက်စနစ်စမ်းသပ်မှုများမြှင့်တင်ပြုလုပ်ခဲ့ရာ ကိုရီးယားကျွန်းဆွယ်ဒေသ၌ အခြေအနေများ ပြန်လည်တင်းမာလာခဲ့ရသည်။

ယခုနှစ်တွင်လည်း အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံများ၌ လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပရန်စီစဉ်ထားရာ မြောက်ကိုရီးယားနိုင်ငံအနေဖြင့် လက်နက်စမ်းသပ်မှုများ မြှင့်တင်ပြုလုပ်လာနိုင်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# စင်ကာပူနိုင်ငံတကာလေကြောင်းပြပွဲသို့ ဧည့်ပရိသတ် စံချိန်တင်တက်ရောက်

**စင်ကာပူ ဖေဖော်ဝါရီ ၂၄**

စင်ကာပူနိုင်ငံ၌ ယခုရက်သတ္တပတ်အတွင်းကျင်းပခဲ့သည့် စင်ကာပူနိုင်ငံတကာ လေကြောင်းပြပွဲသို့ ဈေးကွက်ဖွင့်ရက် လေးရက်အတွင်း တက်ရောက်ခဲ့သူအရေအတွက်မှာ စံချိန်တင်မြင့်တက်ခဲ့ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

စင်ကာပူနိုင်ငံတကာလေကြောင်းပြပွဲ၏ ဈေးကွက်ဖွင့်ရက် လေးရက်တာကာလအတွင်း ဧည့်ပရိသတ်ဦးရေ ၆၀၀၀၀ နီးပါးတက်ရောက်ခဲ့ကြကြောင်း စင်ကာပူတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဖေဖော်ဝါရီ ၂၀ ရက်တွင် စတင်ကျင်းပခဲ့သည့် စင်ကာပူလေကြောင်းပြပွဲသည် ကိုဗစ်-၁၉ ကပ်ဘေးအလွန်ကာလ ပြီးဆုံးခဲ့ပြီးနောက် ပြန်လည်ကျင်းပနိုင်ခဲ့သော ပထမဆုံးအာရှလေကြောင်းပြပွဲဖြစ်သည်။

ယခုနှစ် စင်ကာပူလေကြောင်းပြပွဲသို့ တက်ရောက်ခဲ့သော ဧည့်ပရိသတ်အရေအတွက်မှာ ၂၀၂၂ ခုနှစ် လေကြောင်းပြပွဲဧည့်ပရိသတ်ထက် လေးဆပိုများခဲ့ကြောင်း စင်ကာပူတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယခုနှစ် စင်ကာပူလေကြောင်းပြပွဲတွင် ကမ္ဘာ့နိုင်ငံပေါင်း ၅၀ တို့မှ ကုန်သွယ်ရေးနှင့်ကာကွယ်ရေးကုမ္ပဏီ ၁၀၀၀ ကျော်တို့က ၎င်းတို့၏ထုတ်ကုန်များ ပါဝင်ပြသခဲ့ကြသည်။

စင်ကာပူနိုင်ငံတကာလေကြောင်းပြပွဲသည် ဖေဖော်ဝါရီ ၂၅ ရက်တွင် ပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



# အလုပ်သင်ဆရာဝန်များ သပိတ်မှောက်နေမှုကြောင့် ဆေးရုံများ၏အလုပ်ချိန် တောင်ကိုရီးယားအစိုးရမြှင့်တင်မည်

**ဆိုးလ် ဖေဖော်ဝါရီ ၂၄**

အလုပ်သင်ဆရာဝန်များ သပိတ်မှောက်နေစဉ် တောင်ကိုရီးယားနိုင်ငံတစ်ဝန်း အစိုးရဆေးရုံများ၌ အလုပ်ချိန်ထပ်တိုးရန် တောင်ကိုရီးယားအစိုးရက စီစဉ်ထားကြောင်း ဖေဖော်ဝါရီ ၂၃ ရက် သတင်းများအရ သိရသည်။

တောင်ကိုရီးယားနိုင်ငံတစ်ဝန်းရှိ ပြည်သူ့ဆေးရုံများ၏ လုပ်ငန်းလည်ပတ်မှုများကို အမြင့်ဆုံးအဆင့်ထိမြှင့်တင်မည်ဖြစ်ကြောင်း တောင်ကိုရီးယားဝန်ကြီးချုပ် ဟန်ဒပ်ခ်ဆိုးက ဖေဖော်ဝါရီ ၂၃ ရက်တွင် ပြောကြားထားသည်။

ထို့ပြင် အလုပ်သင်ဆရာဝန်များသပိတ်ကြောင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ် ဝန်ပိလာမှုကို လျှော့ချရေးအတွက် အွန်လိုင်းမှတစ်ဆင့်ဆေးဝါးကုသမှုအစီအစဉ်များကို တိုးချဲ့မည်ဖြစ်ကြောင်းလည်း တောင်ကိုရီးယား ဝန်ကြီးချုပ်က ပြောကြားထားသည်။

တောင်ကိုရီးယားနိုင်ငံတစ်ဝန်း အစိုးရဆေးရုံများမှ အလုပ်သင်ဆရာဝန်များသည် အစိုးရ၏ဆေးကျောင်းဝင်ခွင့်ရကျောင်းသားအရေအတွက် မြှင့်တင်ရေးအစီအစဉ်ကို ကန့်ကွက်သည့်အနေဖြင့် ယခုရက်သတ္တပတ်အတွင်း လုပ်ငန်းခွင်မှထွက်ခွာဆန္ဒပြခဲ့ကြသည်။

အလုပ်သင်ဆရာဝန်များ သပိတ်ကြောင့် တောင်ကိုရီးယားအစိုးရဆေးရုံများအနေဖြင့် လူနာသစ်များပြန်လွှတ်နေရခြင်း၊ ခွဲစိတ်ကုသမှုအစီအစဉ်ဖျက်သိမ်းခြင်းများပြုလုပ်ခဲ့ရသည်။

လက်ရှိအချိန်တွင် တောင်ကိုရီးယား အလုပ်သင်ဆရာဝန်နှင့် ဆရာဝန်ဦးရေ ၇၈၀၀ကျော်တို့ လုပ်ငန်းခွင်မှထွက်ခွာဆန္ဒပြနေကြကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## နယူးဂလန်းဒုံးပျံသစ်ကို ပထမဆုံးအကြိမ်လွှတ်တင်ရေး Blue Origin ကုမ္ပဏီ ပြင်ဆင်နေ



**ဝါရှင်တန် ဖေဖော်ဝါရီ ၂၄**

အမေရိကန်နိုင်ငံ အခြေစိုက် Blue Origin ကုမ္ပဏီသည် နယူးဂလန်းအမည်ရှိ ဒုံးပျံသစ်ကို ပထမဆုံးအကြိမ် လွှတ်တင်ရေးအတွက် ပြင်ဆင်နေကြောင်း ဖေဖော်ဝါရီ ၂၃ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် Blue Origin ကုမ္ပဏီသည် နယူးဂလန်းဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းပစ်စင် အမှတ်-၆ သို့ ပို့ဆောင်ထားပြီးဖြစ်ကြောင်း သိရသည်။

Blue Origin ကုမ္ပဏီသည် နယူးဂလန်းဒုံးပျံသစ်ကို လာမည့်သီတင်းပတ်များအတွင်း သို့မဟုတ် လအနည်းငယ်အတွင်း လွှတ်တင်နိုင်ဖွယ်ရှိသည်။

နယူးဂလန်း ဒုံးပျံသစ်သည် ကိုယ်ထည်အလျား ၃၂၂ ပေရှိပြီး အလေးချိန် တန် ၅၀ ရှိ အာကာသယာဉ်နှင့်ဂြိုဟ်တုများကို ကမ္ဘာပတ်လမ်းကြောင်း အနိမ့်ပိုင်းသို့ ပို့ဆောင် ပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

နယူးဂလန်းဒုံးပျံ၏ ဝန်သယ်နိုင်စွမ်းသည် Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံထက် နှစ်ဆပိုမြင့်မားကြောင်း သိရသည်။

Blue Origin ကုမ္ပဏီသည် နယူးဂလန်းဒုံးပျံကို တည်ဆောက်ရေးအတွက် ၁၀ နှစ်ကျော်ကြာ အချိန်ယူခဲ့ရကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## နက်ပကျွန်းဂြိုဟ်နှင့် ယူရေနတ်ဂြိုဟ်ကို ဗဟိုပြုလှည့်ပတ်နေသော ဂြိုဟ်ရံလငယ်များကို နက္ခတ္တရူပသိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၄**


နက်ပကျွန်းဂြိုဟ်နှင့် ယူရေနတ်ဂြိုဟ်ကို ဗဟိုပြုလှည့်ပတ်နေသော ဂြိုဟ်ရံလငယ်များကို နက္ခတ္တရူပသိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဖေဖော်ဝါရီ ၂၃ ရက် သတင်းများအရ သိရသည်။

နက်ပကျွန်းဂြိုဟ်နှင့် ယူရေနတ်ဂြိုဟ်တို့၏ ဂြိုဟ်ရံလငယ်များကို အမေရိကန်နိုင်ငံ အခြေစိုက် ဂြိုဟ်ငယ်များလေ့လာရေးဗဟိုဌာနမှ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားခြင်းဖြစ်သည်။

အမေရိကန် သိပ္ပံပညာရှင်များသည် နက်ပကျွန်းဂြိုဟ်ဝန်းကျင်၌ ဂြိုဟ်ရံလနှစ်စင်းနှင့် ယူရေနတ်ဂြိုဟ်ဝန်းကျင်တွင် ဂြိုဟ်ရံလတစ်စင်းတို့ကို ရှာဖွေတွေ့ရှိထားခြင်းဖြစ်သည်။

အမေရိကန် သိပ္ပံပညာရှင်များ၏ တွေ့ရှိချက်အရ နက်ပကျွန်းဂြိုဟ်၏ ဂြိုဟ်ရံလအရေအတွက်မှာ ခြောက်စင်းထိရှိလာပြီး ယူရေနတ်ဂြိုဟ်၏ ဂြိုဟ်ရံလအရေအတွက်မှာ ၂၈ စင်းထိရှိလာပြီဖြစ်ကြောင်း သိရသည်။

နက်ပကျွန်းဂြိုဟ်နှင့် ယူရေနတ်ဂြိုဟ်တို့၏ ဂြိုဟ်ရံလအသစ်များကို သိပ္ပံပညာရှင်များက ဟာဝိုင်ရီကျွန်းနှင့် ချီလီအခြေစိုက် ရေဒီယိုတယ်လီစကုပ်များ၏ အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။




နက်ပကျွန်းဂြိုဟ်နှင့် ယူရေနတ်ဂြိုဟ်၏ ဂြိုဟ်ရံလသစ် သုံးစင်းလုံးသည် အဆိုပါဂြိုဟ်နှစ်စင်းကို ဘဲဥပုံပတ်လမ်းဖြင့် လှည့်ပတ်နေကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## အိုဒက်ဆပ်လဆင်းယာဉ်က စူးစမ်းလေ့လာရေးကင်မရာတစ်ခုကို မဖွင့်နိုင်သေး

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၄**

Intuitive Machines ကုမ္ပဏီ၏ အိုဒက်ဆပ်လဆင်းယာဉ်သည် လမျက်နှာပြင်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သော်လည်း သယ်ဆောင်ထားသည့် စူးစမ်းလေ့လာရေး ကင်မရာတစ်ခုကို မဖွင့်နိုင်သေးကြောင်း ဖေဖော်ဝါရီ ၂၃ ရက် သတင်းများအရ သိရသည်။




အိုဒက်ဆပ် လဆင်းယာဉ်က မဖြန့်ကြက်နိုင်သေးသည့် ကင်မရာစနစ်မှာ Eaglecam အမည်ရှိ ကင်မရာစနစ်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Intuitive Machines ကုမ္ပဏီမှ ကျွမ်းကျင်သူများသည် Eaglecam ကင်မရာစနစ်ကို ဖွင့်ပေးနိုင်ရေးအတွက် ကြိုးပမ်းနေဆဲဖြစ်သည်။

အိုဒက်ဆပ်လဆင်းယာဉ်သည် ဖေဖော်ဝါရီ ၂၂ ရက်တွင် လကမ္ဘာတောင်ဝင်ရိုးစွန်းဒေသ ဥက္ကာချိုင့်ဝှမ်းတစ်ခု၏ အနားစွန်း၌ ဆင်းသက်နိုင်ခဲ့ရာ ကမ္ဘာပေါ်၌ လမျက်နှာပြင်ပေါ် ဆင်းသက်နိုင်ခဲ့သည့် ပထမဆုံး ပုဂ္ဂလိက လဆင်းယာဉ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အိုဒက်ဆပ်လဆင်းယာဉ်သည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ စူးစမ်းလေ့လာရေးစနစ် ခြောက်ခုအပါအဝင် စူးစမ်းလေ့လာရေးစနစ် ၁၂ ခု သယ်ဆောင်ထားသည်။

Intuitive Machines ကုမ္ပဏီသည် အိုဒက်ဆပ်လဆင်းယာဉ်ကို ဖေဖော်ဝါရီ ၁၅ ရက်က Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## လေထုညစ်ညမ်းမှုနှင့်ထိတွေ့သူများ၏ ဦးနှောက်အတွင်း အမီလွိုက်ပရိုတင်းများစုစည်းမှု မြင့်တက်နိုင်

**နယူးယောက် ဖေဖော်ဝါရီ ၂၄**

ယာဉ်သွားယာဉ်လာနှင့် ဆက်စပ်နေသော လေထုညစ်ညမ်းမှုနှင့် ထိတွေ့နေရသူများ၏ ဦးနှောက်အတွင်း အမီလွိုက် (Amyloid) ပရိုတင်းများစုစည်းမှု ပုံမှန်ထက်မြင့်တက်လာနိုင်ကြောင်း ဖေဖော်ဝါရီ ၂၃ ရက် သတင်းများအရ သိရသည်။

လေထုညစ်ညမ်းမှုနှင့်ထိတွေ့မှုများခဲ့သူ သက်ကြီးပိုင်းများ၏ ဦးနှောက်အတွင်း အမီလွိုက်ပရိုတင်းများ စုစည်းနိုင်ခြေမှာ ပုံမှန်ထက်နှစ်ဆခန့် ပိုမြင့်မားကြောင်း အမေရိကန်နိုင်ငံ အတ္တလန္တာ တက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အမေရိကန်သုတေသနပညာရှင်များအနေဖြင့် အမီလွိုက်ပရိုတင်းများ စုစည်းမှုနှင့် လေထုညစ်ညမ်းမှုတို့ကြား မည်သို့မည်ပုံ ဆက်စပ်နေသည်ကို မသိရသေးကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ကွယ်လွန်သူ ၂၂၄ ဦးတို့က လှူဒါန်းထားသော ဦးနှောက်တစ်ရှူးများကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ လေထုညစ်ညမ်းမှုနှင့်ထိတွေ့မှုများခဲ့သူများ၏ ဦးနှောက်တစ်ရှူးများအတွင်း အမီလွိုက်ပရိုတင်းစုစည်းမှုကြား ဆက်စပ်မှုရှိသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ဦးနှောက်အတွင်း အမီလွိုက်ပရိုတင်းများစုစည်းမှုသည် အယ်ဇိုင်းမားရောဂါ ဖြစ်ပွားရခြင်း၏ အကြောင်းတရားဖြစ်နိုင်ကြောင်း ဆေးပညာရှင်များကယူဆထားသည်။

**Ref : Sputnik News**
**Trs : KKO**

## ဆံပင်ကျွတ်မှုတားဆီးရေးဆေးတစ်မျိုးက အမျိုးသားများ၏နှလုံးရောဂါဖြစ်နိုင်ခြေ လျှော့ချနိုင်

**နယူးယောက် ဖေဖော်ဝါရီ ၂၄**

ဆံပင်ကျွတ်မှု တားဆီးရေးဆေးတစ်မျိုးသည် သွေးအတွင်း ကိုလက်စထရော ပါဝင်မှုအဆင့်ကို လျှော့ချပေးခြင်းဖြင့် အမျိုးသားများ၏ နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း ဖေဖော်ဝါရီ ၂၃ ရက် သတင်းများအရ သိရသည်။

Finasteride အုပ်စုဝင် ဆံပင်ကျွတ်မှု ကုသရေးဆေးများသည် အမျိုးသားများ ဆံပင်ကျွတ်မှုကို ကုသရာတွင် ထိရောက်သည့်ဆေးတစ်မျိုးဖြစ်ပြီး ဆီးကျိတ်အရွယ်အစား ကြီးမားလာမှုကိုလည်း ထိရောက်စွာ ကုသပေးနိုင်သည်။

ထို့ပြင် အမေရိကန်နိုင်ငံ အီလီနွိုက်ပြည်နယ် တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Finasteride ဆေးများသည် သွေးအတွင်း ကိုလက်စထရောပါဝင်မှုအဆင့်ကို လျှော့ချပေးခြင်းဖြင့် နှလုံးရောဂါဖြစ်နိုင်ခြေကိုပါလျှော့ချပေးနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ Finasteride ဆေးသုံးစွဲသူ အမျိုးသားများ၏ သွေးအတွင်း ကိုလက်စထရောပါဝင်မှုအဆင့်မှာ ၎င်းဆေးမသုံးသူများထက် ပို၍နည်းပါးသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Finasteride ဆေးသည် ဦးရေပြားပေါ်ရှိ ဆံခြည်ဂလင်းအိတ်များနှင့် ဆီးကျိတ်တို့တွင်တွေ့ရှိရသော တက်စတိုစတာရုန်းဟော်မုန်းပေါ်ထွက်မှုကို အားပေးတတ်သည့် ပရိုတင်းတစ်မျိုးကို ပိတ်ပင်ပေးနိုင်ကြောင်း သိရသည်။

တက်စတိုစတာရုန်းဟော်မုန်းသည် သွေးကြောများပိတ်ဆို့မှုပြဿနာ၌ အဓိကပါဝင်နေတတ်သည့် ဟော်မုန်းတစ်မျိုးဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ဆောက်သမ်တန်ကစားသမား ဝေါ်လ်ကာပီတာကို ပရီးမီးယားလိဂ်ကလပ်အသင်းများကမ်းလှမ်း

**လန်ဒန် ဖေဖော်ဝါရီ ၂၄**

ချန်ပီယံရှစ်ကလပ် ဆောက်သမ်တန်အသင်း ညာတောင်ပံခံစစ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် ဝေါ်လ်ကာပီတာကို အာဆင်နယ်၊ မန်ယူနှင့် စပါးအသင်းတို့ကခေါ်ယူရန် အပြိုင်ကမ်းလှမ်းမှုများပြုလုပ်နေကြောင်း သိရသည်။

အသက် ၂၆ နှစ်ရှိ ခံစစ်ကစားသမားသည် ၂၀၂၀ ပြည့်နှစ်က စပါးအသင်းမှ ဆောက်သမ်တန်အသင်းသို့ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၂ သန်းဖြင့်ပြောင်းရွှေ့ခဲ့ပြီးနောက် အသင်းတွင် ခြေစွမ်းပြကစားနိုင်ခဲ့ပြီး အသင်းအနေဖြင့် ချန်ပီယံရှစ်ကလပ်သို့တန်းဆင်းခဲ့ရချိန်တွင် ၎င်းအနေဖြင့် ပရီးမီးယားလိဂ်တွင် ပြန်လည်ကစားရန် ဆန္ဒရှိနေသောကြောင့် အသင်းဟောင်း စပါးအသင်း အပါအဝင် အာဆင်နယ်နှင့် မန်ယူအသင်းတို့ကခေါ်ယူရန် ပစ်မှတ်ထားကြိုးပမ်းလျက်ရှိသည်။

စပါးအသင်းသည် ဝေါ်လ်ကာပီတာကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၃၀ ဝန်းကျင်ဖြင့် ပြန်လည် ခေါ်ယူလိုသောကြောင့် စပါးအသင်းက လက်ဦးမှုရယူနိုင်ရန်သေချာနေပြီး ဆောက်သမ်တန်အသင်းက ၎င်းထွက်ခွာသွားပါက လီဗာပူးကစားသမား နစ်ကိုးဗီလျံ၊ မန်ယူအသင်းကစားသမား ဘရန်ဒန်ဝီလျံ၊ ဗီရင်နုကစားသမား မားကပ်ပက်တာဆန်တို့နှင့်ပြန်လည်အစားထိုးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဝေါ်လ်ကာပီတာသည် ဆောက်သမ်တန်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၄၃ ပွဲပါဝင်ကစားခဲ့ရာ သွင်းဂိုးခြောက်ဂိုးသွင်းယူနိုင်ခဲ့ပြီး ယခုနှစ် အမှတ်ပေးပြိုင်ပွဲတွင်လည်း အသင်းနှင့်အတူ သွင်းဂိုးနှစ်ဂိုးနှင့်ဂိုးဖန်တီးမှုနှစ်ကြိမ် ပြုလုပ်ထားနိုင်သောကြောင့် မန်ယူ၊အာဆင်နယ်နှင့် စပါးအသင်းတို့က ပရီးမီးယားလိဂ်သို့ ပြန်လည်ခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက် ရှိကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**



# လာမည့်ရာသီအကြိုအမေရိကန်ခရီးစဉ်တွင် မန်ယူ၊လီဗာပူးအာဆင်နယ်အသင်းတို့ ထိပ်တိုက်တွေ့ဆုံ



**လန်ဒန် ဖေဖော်ဝါရီ ၂၄**

ပရီးမီးယားလိဂ်ပြိုင်ဘက်ကောင်းများဖြစ်ကြသည့် မန်ယူအသင်း၊ လီဗာပူးအသင်းနှင့် အာဆင်နယ်အသင်းတို့သည် လာမည့်နွေရာသီရာသီအကြိုခြေစမ်းပွဲစဉ်ကို အမေရိကန်တွင် ပြုလုပ်သွားမည်ဖြစ်ပြီး ကလပ်အသင်း သုံးသင်းအနေဖြင့် ထိပ်တိုက်တွေ့ဆုံမှုများရှိခဲ့ကြောင်း သိရသည်။

အာဆင်နယ် အသင်းသည် ရာသီကြို အမေရိကန်ခရီးစဉ်ကို လာမည့် ဇူလိုင် ၂၇ ရက်တွင်စတင်မည်ဖြစ်ပြီး ဇူလိုင် ၃၁ ရက်တွင် လီဗာပူးအသင်းနှင့် ယှဉ်ပြိုင်သွားမည်ဖြစ်ကာ အဆိုပါပွဲစဉ်ကို ပရိသတ် ၆၉၃၂၈ ဦးဆံ့ ဖီလာဒယ်ဖီးယားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

လီဗာပူးအသင်းနှင့် မန်ယူအသင်းတို့ပွဲစဉ်ကို လာမည့် ဩဂုတ် ၃ ရက်တွင် ကိုလံဘီယာပြည်နယ်ရှိ ပရိသတ် ၇၇၅၅၉ ဆံ့ ကစားကွင်းတွင် ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး လီဗာပူးအသင်းအနေဖြင့် အမေရိကန်ခရီးစဉ်ကို ၂၀၁၉ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ပြန်လည် စတင်မည်ဖြစ်သကဲ့သို့ အဆိုပါကာလတွင် နည်းပြကလော့ပ်နေရာတွင် နည်းပြသစ်တစ်ဦးဖြင့် အစားထိုးသွားမည်ဖြစ်သည်။

အာဆင်နယ်အသင်း နည်းပြ အာတီတာက "ကျွန်တော်တို့အသင်းအနေနဲ့ လာမဲ့နွေရာသီရာသီအကြိုခြေစမ်းပွဲကို အမေရိကန်မှာပဲ ပြုလုပ်သွားမှာပါ။ အဲ့ဒီမှာမန်ယူအသင်း၊ လီဗာပူးအသင်းတို့နဲ့ ရာသီအကြိုပြင်ဆင်မှုအနေနဲ့ ခြေစမ်းပွဲ ကစားသွားမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရာသီအကြိုခြေစမ်းကာလမှာလဲ အမေရိကန်မှာပဲ ကုန်ဆုံးခဲ့တာပါ။ အမေရိကန်ခရီးစဉ်ဟာ အသင်းအတွက်အကျိုးရှိခဲ့သလို အတွေ့အကြုံကောင်းတွေလဲရခဲ့ပါတယ်။ဒါ့ပြင် အာဆင်နယ်ကိုအားပေးတဲ့ အမေရိကန်ပရိသတ်တွေရှေ့မှာ ကစားခွင့်ရခဲ့လို့ အရမ်းပျော်ခဲ့ပါတယ်။ ဒီနှစ်မှာလဲ နောက်တစ်ကြိမ်ကစားခွင့်ရဖို့ အခွင့်အရေးပြန်ရအုံးမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# Los Cabos Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်သို့ ဩစတြေးလျတင်းနစ်ကစားသမား တွမ်ဆင် တက်ရောက်

**လော့စ်ကာဘိုစ် ဖေဖော်ဝါရီ ၂၄**

မက္ကဆီကိုနိုင်ငံ လော့စ်ကာဘိုစ်မြို့တွင် ကျင်းပနေသည့် Los Cabos Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဂျာမနီအဆင့်(၁) တင်းနစ်ကစားသမားဇီရက်ဗ်နှင့် ဩစတြေးလျတင်းနစ်ကစားသမား တွမ်ဆင်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ တွမ်ဆင်က (၇-၅ ၊ ၄-၆ ၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲစဉ်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဇီရက်ဗ်နှင့် တွမ်ဆင်တို့၏ပွဲစဉ်သည် ၃ နာရီ မိနစ် ၄၀ ထိကြာမြင့်ခဲ့ပြီး အကြိတ်အနယ်ရှိသည့်ပွဲစဉ်တစ်ပွဲဖြစ်ခဲ့သည်။

အသက် ၂၉ နှစ်အရွယ် တွမ်ဆင်သည် ကစားသမားဘဝ သက်တမ်းတစ်လျှောက် ATP Tour တွင် ပထမဦးဆုံးသော ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် မျှော်လင့်နေပြီး ဗိုလ်လုပွဲစဉ်တွင် နော်ဝေတင်းနစ်ကစားသမား ကပ်စပါရုဒ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဗိုလ်လုပွဲစဉ်သို့ ဇီရက်ဗ်က တက်ရောက်ရန် ရေပန်းစားခဲ့သော်လည်း တွမ်ဆင်ကထင်မှတ်မထားသည့် စွမ်းဆောင်ရည်မျိုးပြသနိုင်ခဲ့သလို ချန်ပီယံဆုကိုဆွတ်ခူးနိုင်သည့် လက်စွမ်းမျိုးပြသခဲ့သည်။

တွမ်ဆင်က "ဆီမီးဖိုင်နယ်အဆင့်ဟာ အကြိတ်အနယ်ရှိခဲ့ပြီး ပွဲကစားချိန်ကလဲ တော်တော်လေးကြာမြင့်ခဲ့တယ်။ဇီရက်ဗ်ဟာ ကမ္ဘာ့အဆင့် လူငယ်ကစားသမားတစ်ယောက်ပါ။ ဇီရက်ဗ်ကိုအနိုင်ကစားနိုင်ခဲ့ပြီး ဗိုလ်လုပွဲကိုတက်ရောက်လာနိုင်ခဲ့တာကို မယုံကြည်နိုင်သေးဘူး။သုံးနာရီခွဲကျော်အကြာကစားခဲ့ရတဲ့အတွက် ပွဲတော့ပန်းနေတယ်။ ဒါပေမဲ့လဲ ကျွန်တော့်ကစားသမားဘဝမှာ အကောင်းဆုံး ပွဲစဉ်တွေထဲက တစ်ပွဲဖြစ်ခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ ATP Tour မှာ ပထမဦးဆုံး ချန်ပီယံဆုဖလားကို ကိုင်မြှောက်ခွင့်ရချင်တဲ့ ကျွန်တော့်ရဲ့ဆန္ဒတွေကို အကောင်အထည်ဖော်နိုင်ဖို့ ဗိုလ်လုပွဲစဉ် တစ်ပွဲပဲ ကျန်တော့တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : AZL**



## အားကစားသတင်း အတိုအထွာများ

- ရီးရဲလ်မက်ဒရစ်အသင်းက ယခုနှစ်ဘောလုံးရာသီကုန်တွင် မန်ယူအသင်းမှထွက်ခွာမည့် ဗာရာနီနှင့်ကက်စမဲရိုးတို့ကို ပြန်လည်ခေါ်ယူရန် စီစဉ်လျက်ရှိသည်။
- လာမည့်နွေရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းမှထွက်ခွာမည့် သတင်းများကို နည်းပြတူချယ်ကငြင်းဆိုထားကြောင်း သိရသည်။
- အေဗီလာအသင်းက အမှတ်ပေးပွဲစဉ်တွင် နော်တင်ဟမ်အသင်းကို လေးဂိုး နှစ်ဂိုးဖြင့်အနိုင်ရခဲ့သဖြင့် ၂၀၂၄ ခုနှစ်အတွင်း ပထမဆုံးအိမ်ကွင်းနိုင်ပွဲရခဲ့ကာ ချန်ပီယံလိဂ်ဝင်ခွင့်ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

**ML**

## ပရီးမီးယားလိဂ် ပွဲစဉ် (၂၆) ရလဒ်

| | | | | |
|---|---|---|---|---|
| အေဗီလာ | ၄ | - | ၂ | နော်တင်ဟမ် |
| ဘရိုက်တန် | ၁ | - | ၁ | အဲဗာတန် |
| ပဲလေ့စ် | ၃ | - | ၀ | ဘန်လေ |
| မန်ယူ | ၁ | - | ၂ | ဖူလ်ဟမ် |

**(ဝ၄ဝ)**

# မန်ယူတိုက်စစ်မှူးဟိုက်လန်း ကြွက်သားဒဏ်ရာကြောင့် သုံးပတ်ခန့်အနားယူရမည်

**မန်ချက်စတာ ဖေဖော်ဝါရီ ၂၄**

တိုက်စစ်မှူး ဟိုက်လန်းအနေဖြင့် ကြွက်သားဒဏ်ရာရရှိခဲ့သောကြောင့် ရက်သတ္တသုံးပတ်ခန့်အနားယူရမည်ဖြစ်သောကြောင့် လာမည့် ဖူလ်ဟမ်အသင်းနှင့်ပွဲစဉ်အပါအဝင် မတ် ၃ ရက်တွင် ကစားရမည့် မန်စီးတီးအသင်းနှင့် ဒါဘီပွဲစဉ်ကိုပါ လွဲချော်မည်ဖြစ်ကြောင်း မန်ယူအသင်းက ထုတ်ပြန်ခဲ့သည်။

အသက် ၂၀ နှစ်ရှိ တိုက်စစ်မှူးသည် မန်ယူအသင်းနှင့် နောက်ဆုံးကစားခဲ့သည့် ပြိုင်ပွဲစုံခြောက်ပွဲဆက် ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် လေ့ကျင့်ရေး အစီအစဉ်တွင် ပြင်းထန်သည့် လေ့ကျင့်မှုများ ပြုလုပ်ခဲ့ရာ ကြွက်သားဒဏ်ရာရရှိခဲ့သကဲ့သို့ ဒဏ်ရာပြင်းထန်မှု မရှိသော်လည်း အနည်းဆုံးသုံးပတ်ခန့် အနားယူရမည်ဖြစ်ကြောင်း နည်းပြတန်ဟတ်က ပြောကြားခဲ့ပြီး အသင်း၏ ပွဲစဉ် ငါးပွဲလောက်ထိ အများဆုံး လွဲချော်နိုင်ကြောင်း အတည်ပြုထုတ်ပြန်ခဲ့သည်။

မန်ယူအသင်းသည် နောက်ဆုံးကစားခဲ့သည့် အမှတ်ပေးပြိုင်ပွဲငါးပွဲဆက်ရှုံးပွဲမရှိခဲ့ဘဲ ဟိုက်လန်း၏ သွင်းဂိုးများဖြင့် ရလဒ်ပိုင်းတိုးတက်လာခဲ့သဖြင့် အမှတ်ပေးဇယား အဆင့်(၆)သို့ တက်ရောက်ခဲ့ကာ အဆင့်(၄)မှ အေဗီလာအသင်းနှင့် ရမှတ်ငါးမှတ်သာ ကွာဟတော့သဖြင့် ချန်ပီယံလိဂ်ဝင်ခွင့်ယှဉ်ပြိုင်ခွင့်အတွက် အခွင့်အရေးရှိလာသော်လည်း ဟိုက်လန်းပါဝင်နိုင်ခြင်းမရှိသည့် တိုက်စစ်ပိုင်းအနေဖြင့် ရှုန်းကန်ရဖွယ်ရှိသည်။

လက်ရှိ မန်ယူအသင်းတွင် အဓိက ကစားသမားများဖြစ်သည့် ခံစစ်ကစားသမား လုခ်ရှော၊ မာတီနက်ဇ်၊ ဝမ်ဘစ်ဆာကာ၊ မာလာစီယာနှင့်မေဆင်မောင့်တို့သည်လည်း ဒဏ်ရာကြောင့် ပါဝင်နိုင်ခြင်းမရှိသဖြင့် အသင်းအနေဖြင့် အခက်တွေ့ချိန်တွင် တိုက်စစ်မှူးဟိုက်လန်းကိုပါ ကြွက်သားဒဏ်ရာကြောင့် ထပ်မံ လက်လွှတ်ရတော့မည့် နည်းပြတန်ဟတ်အတွက် အဓိကထိုးနှက်ချက်တစ်ခု ဖြစ်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# WBO စူပါဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲစဉ်တွင် ဂျပန်လက်ဝှေ့သမားတာနာကာက ဘာကာစီကွာကိုအနိုင်ရရှိ




**တိုကျို ဖေဖော်ဝါရီ ၂၄**

WBO စူပါဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲစဉ်အဖြစ် ဂျပန်လက်ဝှေ့သမားတာနာကာနှင့် မက္ကဆီကိုလက်ဝှေ့သမား ဘာကာစီကွာတို့ ယနေ့တွင် ဂျပန်နိုင်ငံ တိုကျိုမြို့တွင်ထိုးသတ်ခဲ့ရာ တာနာကာက ဒိုင်အမှတ်ဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အမှတ်ပေးဒိုင် သုံးဦးရှိသည့်အနက် ဒိုင်အမှတ်(၁)က (၁၁၆-၁၁၁) ရမှတ်ဖြင့်လည်းကောင်း၊ ဒိုင်အမှတ်(၂)က (၁၁၇-၁၁၀) ရမှတ်ဖြင့်လည်းကောင်း၊ ဒိုင်အမှတ်(၃)က (၁၁၉-၁၀၈)ရမှတ်ဖြင့်လည်းကောင်းတာနာကာကို အနိုင်ပေးခဲ့သည်။

တာနာကာသည် ရှစ်ချီမြောက်ထိတစ်ဖက်သတ်ဖိအားပေးထိုးသတ်နိုင်ခဲ့ပြီး ရှစ်ချီမြောက်နောက်ပိုင်းတွင် စွမ်းဆောင်ရည်ပိုင်းကျဆင်းသွားခဲ့သော်လည်း ထိုက်ထိုက်တန်တန်အနိုင်ရရှိခဲ့သည်။

တာနာကာသည် WBO စူပါဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို ဆွတ်ခူးရရှိခဲ့သည့်အတွက်ကြောင့် မတူညီသောဝိတ်တန်းလေးခုတွင် ကမ္ဘာ့ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့သည့် လက်ဝှေ့သမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

တာနာကာက "ကျွန်တော့်အနေနဲ့ မတူညီတဲ့ဝိတ်တန်းလေးခုမှာ ကမ္ဘာ့ချန်ပီယံဖြစ်ခွင့်ရတာကို ဝမ်းသာ ဂုဏ်ယူမိပါတယ်။ ၂၀၂၀ ပြည့်နှစ်ကတည်းက စူပါဖလိုင်းဝိတ်တန်းမှာ ကမ္ဘာ့ချန်ပီယံဖြစ်ခွင့်ရနိုင်တဲ့ အခွင့်အရေးရခဲ့ပေမဲ့လဲ အခွင့်အရေးကိုအသုံးမချနိုင်ခဲ့ဘူး။ ၂၀၂၀ ပြည့်နှစ်တုန်းက WBO စူပါဖလိုင်းဝိတ်တန်းမှာ ရှုံးနိမ့်ခဲ့ရတယ်။ အခုတော့ ကျွန်တော်ဆုံးရှုံးခဲ့ရတဲ့ခါးပတ်ကို ပြန်ယူနိုင်ခဲ့ပြီ။ ကျွန်တော့်အနေနဲ့ ဒီစိန်ခေါ်ပွဲစဉ်မှာ ချန်ပီယံခါးပတ်နဲ့ ထိုက်တန်တဲ့ စွမ်းဆောင်ရည်မျိုးပြသနိုင်ခဲ့တယ်လို့ ယုံကြည်တယ်။ ဒီခါးပတ်ကို ကာလရှည်ထိန်းသိမ်းခွင့်ရရှိအောင် အတတ်နိုင်ဆုံးကြိုးစားသွားမှာပါ။ ကာလရှည်ထိန်းသိမ်းနိုင်ဖို့အတွက်လဲ လိုအပ်တဲ့ပြင်ဆင်လေ့ကျင့်မှုတွေပြုလုပ်သွားမယ်"ဟုပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# Mexico Open ပြိုင်ပွဲ အမှတ်ပေးဇယားကို ဝေါလေ့စ်အပါအဝင်ပြိုင်ပွဲဝင် လေးဦး ပူးတွဲဦးဆောင်

**ဗယ်လာတာ ဖေဖော်ဝါရီ ၂၄**

မက္ကဆီကိုနိုင်ငံ ဗယ်လာတာမြို့တွင်ကျင်းပနေသည့် Mexico Open ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမားဝေါလေ့စ် အပါအဝင်ပြိုင်ပွဲဝင်လေးဦးက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကိုဦးဆောင်နေကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

ဝေါလေ့စ်သည် ပထမနေ့အပြီးတွင် သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက် လျော့ရိုက်နိုင်ခဲ့ပြီး ဒုတိယနေ့တွင်လည်း လက်စွမ်းကောင်းကို ထိန်းသိမ်းနိုင်ခဲ့သည့်အတွက် အမှတ်ပေးဇယားအား အခြားသော ပြိုင်ပွဲဝင်များဖြင့် ပူးတွဲဦးဆောင်ခွင့်ရခဲ့သည်။

ဝေါလေ့စ်သည် ဒုတိယနေ့တွင် Birdies ရိုက်ချက် ခြောက်ကျင်းထိရရှိခဲ့ပြီး ပထမနေ့ကစွမ်းဆောင်ရည်ကို ထိန်းသိမ်းနိုင်ခဲ့သည့်အတွက်ကြောင့်လည်း အမှတ်ပေးဇယားကိုဦးဆောင်ခွင့် ရခဲ့ခြင်းလည်းဖြစ်သည်။

ဝေါလေ့စ်သည် ဒုတိယနေ့တွင် Iron ရိုက်ချက်များ သိသိသာသာကောင်းမွန်ခဲ့သည့်အတွက်ကြောင့်လည်း ပထမနေ့ကရလဒ်ကို ထိန်းသိမ်းနိုင်ခဲ့ပြီး ၎င်းနှင့်အတူ အမှတ်ပေးဇယားကို ဦးဆောင်နိုင်သောကစားသမားများမှာ အမေရိကန် ဂေါက်သီးရိုက်ကစားသမား ကနပ်၊ဖင်လန်ဂေါက်သီးရိုက်ကစားသမားဗာလီမာကီ၊ မက္ကဆီကိုဂေါက်သီးရိုက် ကစားသမားအော့တစ်ဇ်တို့ဖြစ်ကြသည်။

ဝေါလေ့စ်က "ဒုတိယနေ့မှာ Iron ရိုက်ချက်တွေက ကောင်းမွန်ခဲ့ပါတယ်။ တစ်ကျင်းစီကို သေချာအာရုံစိုက်ပြီး ရိုက်နိုင်ခဲ့တဲ့အတွက် ရလဒ်ကောင်းကိုထိန်းသိမ်းနိုင်ခဲ့တယ်။ ခြောက်ကျင်းထိ Birdies ရိုက်ချက်ရခဲ့တယ်။ ပထမနေ့က စွမ်းဆောင်ရည်အတိုင်း ဒုတိယနေ့မှာ ကစားနိုင်ခဲ့တဲ့အတွက် စွမ်းဆောင်ရည်ပိုင်းတည်ငြိမ်တယ်လို့ သတ်မှတ်ရမယ်။ နောက်ဆုံးနေ့ထိ စွမ်းဆောင်ရည်ပိုင်းကို ထိန်းသိမ်းနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# ပြိုင်ပွဲစုံ ၃၃ ပွဲဆက်ရှုံးပွဲမရှိသည့် ပထမဆုံးဂျာမန်ကလပ်အသင်းအဖြစ် လေဗာကူဆင်အသင်း မှတ်တမ်းဝင်

**ဘာလင် ဖေဖော်ဝါရီ ၂၄**

ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ်(၂၃)အဖြစ်ကစားခဲ့သည့် လေဗာကူဆင်အသင်းနှင့် မိန့်ဇ်အသင်းတို့ပွဲစဉ်တွင် လေဗာကူဆင်အသင်းက နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၃၃ ပွဲဆက်ရှုံးပွဲမရှိသည့် ပထမဆုံး ဂျာမန်ကလပ်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

နည်းပြအလွန်ဆိုသည် ပြီးခဲ့သည့်ဘောလုံးရာသီက လေဗာကူဆင်အသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် အသင်းကို ရလဒ်ကောင်းများရရှိအောင်စွမ်းဆောင်ပေးနိုင်ခဲ့ကာ ယူရိုပါလိဂ်ဝင်ခွင့်ရရှိခဲ့ပြီး ယခုနှစ်ဘောလုံးရာသီတွင်လည်း အသင်းကိုရှုံးပွဲမရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီးနောက် စံချိန်မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

လေဗာကူဆင် အသင်းသည် ယခုနှစ်ဘောလုံးရာသီ ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲ ၂၃ ပွဲကစားပြီးချိန်တွင် ၁၉ ပွဲအနိုင်ရရှိခဲ့ကာ လေးပွဲသရေ ရလဒ်ထွက်ပေါ်ထားပြီး ယူရိုပါလိဂ်ပြိုင်ပွဲတွင်လည်း အုပ်စုပွဲစဉ် ခြောက်ပွဲကစားခဲ့ရာ ခြောက်ပွဲစလုံးအနိုင်ရရှိခဲ့ပြီး ဂျာမန်ပိုကယ်ဖလား ပြိုင်ပွဲတွင်လည်း ကွာတားဖိုင်နယ် အဆင့်တက်ရောက်အောင်စွမ်းဆောင်နိုင်ခဲ့ကာ လက်ရှိအချိန်ထိ ရှုံးပွဲမရှိခဲ့ခြင်းဖြစ်သည်။

ဂျာမန် ဘောလုံးလောကတွင် ရှုံးပွဲမရှိ အကြာရှည်ဆုံးအသင်းအဖြစ် လေဗာကူဆင်အသင်းမတိုင်မီက ဘိုင်ယန်မြူးနစ်အသင်းက ပြိုင်ပွဲစုံ ၃၂ ပွဲဆက်မရှုံးနိမ့်ခဲ့ဘဲ စံချိန်တင်ထားခဲ့ခြင်းကို ယခုအခါ လေဗာကူဆင်အသင်းက ၃၃ ပွဲဖြင့် ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : STA**

# ရာသီအကုန်တွင် ဘာစီလိုနာအသင်းမှထွက်ခွာရန် ခံစစ်ကစားသမား ကန်ဆယ်လို ပြင်ဆင်

**မက်ဒရစ် ဖေဖော်ဝါရီ ၂၄**

ဘာစီလိုနာအသင်း တောင်ပံခံစစ်ကစားသမားကန်ဆယ်လိုသည် လုပ်ခလစာ လျှော့မယူလိုသည့်အတွက် ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းမှထွက်ခွာရန် ပြင်ဆင်လျက်ရှိနေသည်။

အသက် ၂၉ နှစ်ရှိ ကန်ဆယ်လိုသည် မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာနှင့် ဆက်ဆံရေးမပြေလည်မှုများကြောင့် ယခုနှစ်ဘောလုံးရာသီတွင် မန်စီးတီးအသင်းမှ ဘာစီလိုနာအသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ဘာစီလိုနာအသင်းက ရာသီအကုန်တွင် ကန်ဆယ်လိုကို အပြီးသတ် ခေါ်ယူလိုနေသော်လည်း အပြီးသတ်စာချုပ် ချုပ်ဆိုမည်ဆိုပါက လက်ရှိရရှိနေသည့် လုပ်ခလစာထက် ၂၅ ရာခိုင်နှုန်းလျှော့ယူရမည်ဖြစ်သည့်အတွက် ရာသီကုန်တွင် နောက်ထပ် အသင်းသစ်တစ်သင်းသို့ ပြောင်းရွှေ့ကစားရန်ပြင်ဆင်လျက်ရှိနေသည်။

ဘာစီလိုနာအသင်းက အသင်းဘဏ္ဍာရေး အကျပ်အတည်းကို ဖြေရှင်းနိုင်ရန်အတွက် အသင်းမှကစားသမား အများစုကိုလည်း လုပ်ခလစာလျှော့ချရန်လုပ်ဆောင်နေပြီး ကန်ဆယ်လိုကလုပ်ခလစာလျှော့ယူရန် ငြင်းဆန်ထားကာ ရာသီအကုန်တွင် လမ်းခွဲရန်အတွက် ဆုံးဖြတ်ထားခြင်းဖြစ်သည်။

မန်စီးတီး အသင်းကလည်း ကန်ဆယ်လိုကို အသင်းထံပြန်လည်ခေါ်ယူမည်မဟုတ်ဘဲ လာမည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် အငှားစေလွှတ်မည်မဟုတ်ဘဲ အပြီးသတ်ရောင်းချရန်ဆုံးဖြတ်ထားပြီး ပြီးခဲ့သည့်ဘောလုံးရာသီက အငှားခေါ်ယူခဲ့သည့် ဘိုင်ယန်မြူးနစ်အသင်းအပြင် အာဆင်နယ် အသင်းကလည်း ခေါ်ယူရန်အတွက် ပြင်ဆင်လျက်ရှိနေကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

# MFF AYA Pay Futsal League ပြိုင်ပွဲ ပွဲစဉ်(၁၅)ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား




**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနိုင်ငံဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MFF AYA Pay Futsal League ပြိုင်ပွဲ ပွဲစဉ်(၁၅)ပွဲစဉ်များကို ယနေ့ နံနက် ၈ နာရီမှစတင်ပြီး ရန်ကုန်မြို့ရှိ MFF Futsal Stadium တွင် ကျင်းပခဲ့ကြောင်း သိရသည်။

MFF AYA Pay Futsal League ပြိုင်ပွဲ ပွဲစဉ်(၁၅)ပွဲစဉ်များအဖြစ် နံနက် ၈ နာရီက Linn Latt FC အသင်းနှင့် Futsal Chit Thu အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး နံနက် ၉ နာရီ ၄၅ မိနစ်က Futsal 19 FC အသင်းနှင့် M2K FC အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ M2K FC အသင်းက သုံးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီခွဲက VUC FC အသင်းနှင့် Dream Team FC အသင်းတို့ကစားခဲ့ရာ VUC FC အသင်းက လေးဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က MIU FC အသင်းနှင့် Generations FC အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ Generations FC အသင်းက ခြောက်ဂိုး သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ညနေ ၃ နာရီကLet Wel Thone Nara အသင်းနှင့် Winner Soccer FC အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ Winner Soccer FC အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

MFF AYA Pay Futsal League ပြိုင်ပွဲ ပွဲစဉ်(၁၅)ပွဲစဉ်များအပြီးတွင် VUC FC အသင်းက ပွဲစဉ်အားလုံး ရာနှုန်းပြည့်နိုင်ပွဲရယူထားပြီး ရမှတ် ၄၅ မှတ်ဖြင့် အမှတ်ပေး ဇယားထိပ်ဆုံးတွင် ရပ်တည်လျက် ရှိနေကြောင်း သိရသည်။

**STA**

### ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၃) ရလဒ်

| | | | | |
|---|---|---|---|---|
| ဂလာဘတ် | ၅ | - | ၂ | ဘိုချမ် |
| ယူနီယံဘာလင် | ၂ | - | ၂ | ဟိုဒန်ဟိုမ်း |
| စတုဂတ် | ၁ | - | ၁ | ကိုလုံး |
| ဝါဒါဘရီမင် | ၁ | - | ၁ | ဒမ်စတက် |

(၀၄၀)

ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း

# မျက်မှောက်ခေတ်အသည်းအစားထိုးကုသမှုများအကြောင်း အပိုင်း(၂)

**လှူဒါန်းအသည်းများကို အစားထိုးခွဲစိတ်မှုမပြုလုပ်မီ ထိန်းသိမ်းထားခြင်း**

သက်ရှိထင်ရှား အသည်းလှူဒါန်းသူထံမှ အသည်းကိုထုတ်ယူပြီး အလှူခံပုဂ္ဂိုလ်ထံအသည်းအစားထိုးထည့်သွင်းခြင်းလုပ်ငန်းမှာ လှူဒါန်းအသည်းကိုအချိန်ကြာကြာ ထိန်းသိမ်းနိုင်ရန်မလို။ အလှူခံပုဂ္ဂိုလ်က အဆင်သင့်ဖြစ်ချင်းကပ် ခွဲစိတ်ခန်းတွင် အသင့်စောင့်ဆိုင်းနေခြင်းဖြစ်သဖြင့် ခက်ခဲမှုသိပ်မရှိ။

အသည်းအစားထိုးကုသမှုခံယူရန် အလှည့်ကျသည့် လူနာက တစ်နေရာမှာ၊ လတ်တလောကွယ်လွန်သူထံမှ လှူဒါန်းအသည်းရရှိသည့်နေရာက တစ်နေရာမှာဆိုလျှင် လှူဒါန်းအသည်းကို မပုပ်မသိုး၊ မပျက်စီးစေဘဲ ထိန်းသိမ်းသယ်ယူနိုင်ရေးက အရေးကြီးလာသည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ ကျော်ကာလများဆီကပင် လှူဒါန်းအသည်းကို အသည်းအလှူခံလူနာရှိရာသို့ အပူချိန် ၄ ဒီဂရီစင်တီဂရိတ်တွင် ဆေးစိမ်ပြီး သယ်ယူခဲ့ကြသည်။ အအေးခံသွားသည့် ရေခဲမှတ်ထိလည်း မရောက်စေဘဲ ဇီဝဖြစ်ပျက်မှုအနည်းဆုံးဖြစ်စေမည့်အပူချိန်မှာ ထိန်းသိမ်းထားခြင်းဖြင့် လှူဒါန်းအသည်း ပုပ်သိုးပျက်စီးသွားမည့် အန္တရာယ်မှ ကာကွယ်ပြီးဖြစ်သည်။ အအေးခန်းထဲအချိန်အတော်ကြာ ထားလွန်းပြန်လျှင်လည်း လှူဒါန်းအသည်းတွင်းမှသွေးကြောများ ပိတ်ဆို့ပျက်စီးသွားခြင်းမျိုးဖြစ်နိုင်သေးသည်။

အအေးခန်းထဲသိမ်းဆည်းထားသည့် လှူဒါန်းအသည်းကို ပြန်လည်နိုးဆွရန် သွေးကြောနှင့်ပြန်လည်ချိတ်ဆက်ရာတွင်လည်း အခန့်မသင့်ပါက အသည်းဒဏ်ရာ ရသွားစေနိုင်သည်။ အထူးသဖြင့် အသက်ကြီးသူများထံမှ ထုတ်ယူထားသည့်အသည်းမျိုး၊ အဆီများများဖုံးနေသည့် အသည်းမျိုးနှင့် နှလုံးရပ်သွားပြီးဖြစ်သည့် အသည်းအလှူရှင်ထံမှ ထုတ်ယူထားသည့် အသည်းမျိုးများသည် အလွယ်တကူပျက်စီးသွားရန် ပိုမိုလွယ်ကူတတ်သည်။

ထို့အတွက်ကြောင့် အကောင်းဆုံးသောလှူဒါန်းအသည်းများရရှိနိုင်ရန်အတွက် အလှူရှင်ထံမှထုတ်ယူလာသည့် အသည်းများကိုချက်ချင်းဆိုသလို သွေးလည်ပတ်စက်နှင့်ချိတ်ဆက်ပေးခြင်းဖြင့် ပိုမိုရှင်သန်ဖွယ်ရှိသော လှူဒါန်းအသည်းများ ရရှိလာနိုင်သည်။ လှူဒါန်းအသည်းများကို အောက်ဆီဂျင်လွှတ်ထားသည့်အရည်များထဲတွင် စိမ်ထားရသည်။ သို့မှသာ အသည်းသွေးဝတ်ပျက်စီးခြင်း၊ အောက်ဆီဂျင်ပြတ်လပ်၍ ပျက်စီးခြင်းများမှ ကာကွယ်နိုင်ပြီး တာရှည်ခံလှူဒါန်းအသည်းများဖြစ်လာပါလိမ့်မည်။

အသည်းကို စက်ဖြင့်ချိတ်ဆက်သိုမှီးရာတွင်လည်း အပူချိန်လျှော့ချထိန်းသိမ်းနည်းနှင့်ပုံမှန်အပူချိန်ဖြင့် ထိန်းသိမ်းနည်းဟူ၍ နှစ်မျိုးရှိပြန်သည်။ အပူချိန် လျှော့ချထိန်းသိမ်းနည်းမှာ လှူဒါန်းအသည်းကိုအပူချိန် ၄ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်တွင် အောက်ဆီဂျင်ဆေးရည်ဖြင့် စိမ်ထားခြင်းဖြစ်သည်။ ပုံမှန်အပူချိန်ဖြင့် ထိန်းသိမ်းနည်းတွင်မူ အပူချိန် ၃၇ ဒီဂရီစင်တီဂရိတ်တွင် အသည်းသွေးလွှတ်ကြော၊ သွေးပြန်ကြောများကို စက်နှင့်ချိတ်ဆက်ပေးပြီး အောက်ဆီဂျင်ပေးထားခြင်းဖြစ်သည်။ အထက်ပါလှူဒါန်းအသည်း ထိန်းသိမ်းနည်းနှစ်မျိုးစလုံးမှာ သီးသန့်အားသာချက်၊ အားနည်းချက်များရှိနေကြသည်။ ကုန်ကျစရိတ်များပြားသည့် နည်းလမ်းများလည်းဖြစ်သည်။

**အသည်းအစားထိုးခွဲစိတ်ကုသမှုများ၏ နောက်ဆက်တွဲ အလားအလာများ**

အမေရိကန်နိုင်ငံတွင် ၁၉၈၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း အသည်းအစားထိုးခွဲစိတ်မှု ၂၀၀၀၀၀ ကျော်ပြုလုပ်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ဇွန် ၁၀ရက်တွင် အထက်ပါလူနာများထဲမှ လူနာပေါင်း ၉၉၉၉၉ ဦး အသက်ရှင်သန်နေကြဆဲဖြစ်သည်။

အသည်းအစားထိုးခွဲစိတ်ကုသခံထားရသည့်လူနာများ အသက်ရှည်ရသည့်အကြောင်းရင်းတစ်ချက်မှာ အသည်းအစားထိုးကုသခံရလိုက်သည်နှင့်တစ်ပြိုင်နက် ကာယကံရှင်လူနာမှာအထူးကုဆရာဝန်ကြီးများ၊ အတွေ့အကြုံရင့်သူနာပြုများ၏ မျက်စိအောက် ဒေါက်ထောက်အကြည့်ခံရ၊ အပြုစုခံရသည့်ပုဂ္ဂိုလ်ဖြစ်သွားခြင်းကြောင့်ပင်ဖြစ်သည်။

အသည်းအစားထိုးခွဲစိတ်ကုသအထူးကုအဖွဲ့တွင် အသည်းအထူးကုသမားတော်၊ အသည်းအထူးကုခွဲစိတ်ဆရာဝန်၊ ဓာတ်မှန်ဆရာဝန်နှင့်ကိုယ်အင်္ဂါအစားထိုးကုသခြင်းဆိုင်ရာ ကူးစက်ရောဂါများအထူးကုဆရာဝန် အစရှိသည့် ဆရာဝန်ကြီးများပါဝင်သည်။ အစားထိုးထားသည့်ပြင်ပအသည်းကို ကိုယ်တွင်းကိုယ်ခံစွမ်းအားဆဲလ်များမှ တိုက်ထုတ်ဖျက်ဆီးမှု မပြုနိုင်စေရန် ရေရှည်သောက်သုံးရမည့် ကိုယ်ခံစွမ်းအားနှိမ်ချဆေးဝါးများ၏ ဘေးထွက်ဆိုးကျိုးကိုစောင့်ကြည့်ရန်လည်း လိုအပ်သည်။

အသည်းအစားထိုးကုသခံလူနာများအဖို့ သေမင်းနှုတ်ခမ်းဝကို မျက်စောင်းထိုးရသည့်အချိန်များစွာရှိသည်။ အသည်းအစားထိုးခွဲစိတ်မှုပြုလုပ်နေစဉ်နှင့် ပြုလုပ်ပြီးကာလများတွင် အသက်အန္တရာယ်ရှိသည်။ လှူဒါန်းအသည်းပျက်စီးသွားခြင်းဖြင့် ကာယကံရှင်လူနာပါ သေဆုံးသွားနိုင်သည့် အန္တရာယ်လည်းရှိသည်။ လှူဒါန်းအသည်းက မပျက်စီးသော်လည်း အလုပ်ကောင်းကောင်း မလုပ်ခြင်းမျိုးဖြစ်နိုင်သကဲ့သို့ ရုတ်တရက် ကျောက်ကပ်ဒဏ်ရာရသွားသည့်ပြဿနာမျိုးများလည်း ရှိတတ်သည်။ အရင်ကတည်းက အသည်းပျက်စီးပြီး ကျန်းမာရေးမကောင်းသူများဖြစ်သည့်အတွက် အထူးကြပ်မတ်ကုသဆောင်တွင်လည်းကောင်း၊ ဆေးရုံတွင်လည်းကောင်း အချိန်ကြာမြင့်စွာ တက်ရောက်ကုသခံကြရခြင်းမျိုးလည်းဖြစ်တတ်သည်။

အသည်းအစားထိုး ခွဲစိတ်ကုသခံထားရသူများသည် ကိုယ်အလေးချိန်မျှတအောင် ထိန်းထားနိုင်ရန်လိုသည်။ သွေးတိုး၊ ဆီးချိုရောဂါများကိုလည်း ထိန်းထားနိုင်ရမည်။ အရိုးကျန်းမာရေးနှင့်ကင်ဆာရောဂါများ ကြိုတင်စစ်ဆေးခြင်းများကိုလည်း ပုံမှန်ပြုလုပ်နေကြရမည်။ အသည်းအစားထိုးကုသရခြင်း၏ နောက်ခံအသည်းရောဂါ အခြေအနေကိုလည်း အမြဲစောင့်ကြည့်နေကြရသည်။ ဥပမာ- အသည်းကင်ဆာ၊ အသည်းရောင်အသားဝါဘီပိုး၊ စီပိုး၊ အရက်ကြောင့် အသည်းခြောက်ခြင်းအစရှိသည့် နောက်ခံအသည်းရောဂါအခြေအနေများကိုလည်း စစ်ဆေးနေကြရမည်။

အသည်းအစားထိုး ခွဲစိတ်ကုသခံလူနာတစ်ဦး၏ တစ်နှစ်တာအသက်ရှင်နှုန်းမှာ ၉၄ ရာခိုင်နှုန်းဖြစ်သည်။ လှူဒါန်းအသည်း၏ တစ်နှစ်သက်တမ်းမှာမူ ၉၂ ရာခိုင်နှုန်းဖြစ်သည်။ အသည်း တစ်စိတ်တစ်ပိုင်း အစားထိုးကုသခံထားရသူများက အသည်းတစ်ခုလုံး အစားထိုးကုသခံရသူများထက် အသက်ပိုရှည်သကဲ့သို့ အသည်းသက်တမ်းလည်း ပိုကြာကြာခံသည်။ သို့သော် အသည်း တစ်စိတ်တစ်ပိုင်း အစားထိုးကုသခံရသူများက အသည်းသွေးလွှတ်ကြောပိတ်ခြင်းနှင့် သည်းခြေပြွန်ပြဿနာများ ပိုမိုခံစားကြရသည်။ ၁၉၉၀ ပြည့်လွန်နှစ်များကတည်းက အသည်းအစားထိုးကုသခံသူများ၏ ပျမ်းမျှသက်တမ်းမှာ နှစ် ၂၀ ဖြစ်သည်။

**လှူဒါန်းအသည်းကို ခန္ဓာကိုယ်မှတိုက်ထုတ်ခြင်းပြဿနာနှင့် ကိုယ်ခံစွမ်းအားနှိမ်ကုထုံးများ**

လှူဒါန်းအသည်းကို အလှူခံလူနာ၏ ကိုယ်ခံစွမ်းအားစနစ်မှ အလိုအလျောက်တိုက်ထုတ်ဖျက်ဆီးနေခြင်း ရှိ၊ မရှိ သေချာသိနိုင်ရေး အသည်းအသားစ ယူရန်လိုအပ်သည်။ ထိုသို့ လှူဒါန်းကိုယ်အင်္ဂါအား ပျက်စီးစေခြင်းကို Allograft Rejection ဟုခေါ်သည်။ အသည်းအစားထိုးခွဲစိတ်မှုပြုလုပ်ပြီး ရက် ၉၀ အတွင်း လှူဒါန်းအသည်းပျက်စီးသွားနိုင်ခြေမှာ ၁၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းထိရှိပြီး အသည်းအစားထိုးပြီး တစ်နှစ်တာကာလအတွင်း ပျက်စီးနိုင်ခြေမှာ သုံးရာခိုင်နှုန်းသာရှိတော့သည်။ အသည်းအစားထိုးပြီး တစ်နှစ်ကျော်လာသည့်တိုင်အောင် လှူဒါန်းအသည်း ပျက်စီးသွားနိုင်ခြေရှိနေသေးသည်။

လှူဒါန်းအသည်းကို လက်ခံလူနာ၏ ခန္ဓာကိုယ်မှ တိုက်ထုတ်ဖျက်ဆီးသည့်ပြဿနာကို ရေတိုကုသနည်းများဖြင့် ကုသနိုင်သကဲ့သို့ ရေရှည်ကုသရန်လည်း လိုအပ်သည်။ အခြေခံအားဖြင့် ကိုယ်ခံစွမ်းအားကို နှိမ်ချပေးသည့်ဆေးဝါးများ တိုက်ကျွေးခြင်းသာဖြစ်သည်။ အသည်းအစားထိုးပြီး ပထမ သုံးလမှခြောက်လအတွင်း ကိုယ်ခံစွမ်းအား နှိမ့်ချဆေးဝါးများကို ပြန်လည်လျှော့ချလေ့ရှိကြသည်။ သို့သော် အသည်းအစားထိုးကုသထားသည့် လူနာများ၏ ငါးရာခိုင်နှုန်းသာလျှင် ကိုယ်ခံစွမ်းအားနှိမ့်ချဆေးဝါးများ ပုံမှန်မှီဝဲနေရမှုမှ လုံးဝကင်းလွတ်လေ့ရှိကြသည်။

**အသည်းအစားထိုး ကုသခံလူနာများတွင် ကူးစက်ရောဂါဖြစ်ပွားနိုင်ခြေများ**

အသည်းအစားထိုး ကုသမှုခံယူထားရသည့် လူနာတစ်ယောက်ကို ကူးစက်ရောဂါအမျိုးမျိုး ကူးစက်သွားနိုင်ရန် အကြောင်းရင်း သုံးချက်ရှိသည်။ နဂိုရှိပြီး ကူးစက်ရောဂါပိုး ပြန်လည်ထကြွလာခြင်းမျိုးဖြစ်နိုင်သည်။ လှူဒါန်းအသည်းတွင် ပါရှိလာသည့်ကူးစက်ရောဂါပိုးမှ ပြန်လည်ကူးစက်ခံရခြင်းလည်းဖြစ်နိုင်သကဲ့သို့ နောက်ထပ်ကူးစက်ရောဂါသစ်တစ်မျိုးမျိုး ထပ်မံကူးစက်ခံရခြင်းလည်း ဖြစ်နိုင်သည်။ ကိုယ်ခံစွမ်းအားနှိမ့်ချဆေးဝါးများ မှီဝဲနေရခြင်းကြောင့်လည်း ကူးစက်ရောဂါများ ကူးစက်ခံရစေရန် အခြေအနေဖန်တီးပေးနေသကဲ့သို့ ဖြစ်သည်။

အသည်းအစားထိုးခွဲစိတ်ကုသမှု အစောပိုင်းကာလများတွင် အသည်းသွေးကြောနှင့် သည်းခြေပြွန်များကို ပြန်ဆက်သည့်နေရာများတွင် အားနည်းချက်ရှိခြင်းနှင့် အနာကျက်မှု နှေးကွေးခြင်းအစရှိသည့် အကြောင်းရင်းများက ကူးစက်ရောဂါများဝင်ရောက်လာစေရန် တွန်းအားပေးခဲ့ကြသည်။ နောက်ပိုင်းကာလများတွင် ဗက်တီးရီးယားနှင့်ဗိုင်းရပ်ပိုးမွှားကာကွယ်ဆေးများ ကြိုတင်ထိုးနှံလာကြသဖြင့် အသည်းအစားထိုး ကုသခံလူနာများမှာ ကူးစက်ရောဂါဖြစ်ပွားမှုကျဆင်းလာသည်။ တစ်ဖန် ၄င်းကာကွယ်ဆေးတချို့ကြောင့်ပင် သွေးဖြူဥအားနည်းခြင်းဖြစ်တတ်ပြီး ရောဂါကူးစက်မှုများကို ပြန်လည်ဖြစ်ပွားစေနိုင်သည်။

လှူဒါန်းအသည်းမပျက်စီးစေရန် ကိုယ်ခံစွမ်းအားနှိမ့်ချဆေးများ မှီဝဲနေကြရသကဲ့သို့ တစ်ဖက်တွင်လည်း ကိုယ်ခံစွမ်းအားကျဆင်းမှုကြောင့် ကူးစက်ရောဂါပိုးများ ဝင်ရောက်လာနိုင်သည့်အန္တရာယ်ကိုလည်း ရင်ဆိုင်နေကြရခြင်းဖြစ်သည်။

**အသည်းအစားထိုးကုသခံ လူနာများနှင့် ကင်ဆာရောဂါများ**

အသည်းကင်ဆာရောဂါကြောင့် အသည်းအစားထိုး ခွဲစိတ်ကုသခံထားရသည့် လူနာများ၏လှူဒါန်းအသည်းတွင် အသည်းကင်ဆာ ပြန်လည်ပေါ်ပေါက်လာနိုင်ခြေရှိသည်။ ကိုယ်ခံစွမ်းအား နှိမ့်ချဆေးဝါးများ ရေရှည်မှီဝဲကြရခြင်းကြောင့်လည်း အရေပြားကင်ဆာ၊ အစာရေမြိုပြွန်ကင်ဆာ၊ အူမကြီးကင်ဆာနှင့် သားအိမ်ကင်ဆာများ ပိုမိုဖြစ်ပွားနိုင်ခြေရှိကြောင်း တွေ့ရှိရသည်။

**အသည်းအစားထိုးခွဲစိတ်ကုသမှုများ၏ အနာဂတ်**

အသည်းအစားထိုးခွဲစိတ်ကုသမှုများသည် နောင်လာမည့်နှစ်များစွာထိ အကြောင်းအမျိုးမျိုးကြောင့် အသည်းပျက်စီးရသည့် လူနာများအတွက် အားကိုးဖွယ်ကုထုံးတစ်ခုဖြစ်နေပါလိမ့်ဦးမည်။ တစ်ချိန်တည်းမှာပင် အသည်းအစားထိုး ကုသနိုင်ရန် စောင့်ဆိုင်းနေကြရသည့်လူနာစာရင်းသည်လည်း ပိုမိုများပြားလာရန်သာရှိသည်။ အသည်းအစားထိုးခွဲစိတ်ကုသမှုများ ပိုမိုအဆင့်မြင့်မားလာစေရေး ဆက်လက်ကြိုးပမ်းနေကြသကဲ့သို့ အသည်းအစားထိုး ကုသခံလူနာများ သက်တမ်းရှည်ရေးကိုလည်း သုတေသနများဖြင့် ဆက်လက်ဆောင်ရွက်နေကြဆဲဖြစ်သည်။

တစ်ချိန်တည်းမှာပင် လှူဒါန်းအသည်းကို ပိုမိုများပြားစွာရရှိလာနိုင်စေရန် ကျင့်ဝတ်ပိုင်းဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာ စံချိန်စံညွှန်းများဖြင့် ဆောင်ရွက်နေကြဆဲဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- Liver Transplantation by Michael R. Lucey, M.D., Katryn N. Furuya, M.D., and David P. Foley, M.D from NEJM

ဒေါက်တာလွှမ်းမိုးဟန်

# ပဲခူးတိုင်းဒေသကြီး ပန်းပုဈေးကွက်မှ သစ်တွန်းဆင်နှင့် သစ်ဆွဲဆင်ရုပ်များကို ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များသို့ တင်ပို့မည်



**ပဲခူး ဖေဖော်ဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီး ပန်းပုဈေးကွက်မှ ရင်းတိုက်သားဖြင့် ထုလုပ်ထားသည့် သစ်တွန်းဆင်နှင့်သစ်ဆွဲဆင်ရုပ်များကို ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များသို့ တင်ပို့မည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရွှေသာလျောင်းဘုရားကြီး ပန်းပုတန်းမှ ရွှေယမင်းမြန်မာ ပန်းပုလုပ်ငန်းပိုင်ရှင် ဒေါ်အေးအေးမော်က ပြောပြ၍ သိရသည်။

ပဲခူးတိုင်းဒေသကြီး ပန်းပုဈေးကွက်မှ အမြင့် ၁၀ လက်မ၊ အလျား ၁၂ လက်မ၊ ဒု လေးလက်မ အရွယ်အစား ရင်းတိုက်သားဖြင့် ထုလုပ်ထားသည့် သစ်တွန်းဆင်နှင့် သစ်ဆွဲဆင်ရုပ်များကို ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းဆိုင်များသို့ တင်ပို့သွားမည်ဖြစ်ကြောင်း၊ လက်ရှိကာလ ပဲခူးတိုင်းဒေသကြီး ပန်းပုဈေးကွက်အနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရီးသွားဒေသများသို့ ပြည်တွင်းခရီးသွားများ ဝင်ရောက်လျက်ရှိသည့်အတွက် ပန်းပုရုပ်များ ရောင်းချမှုမှာ ပုံမှန်ရှိနေကြောင်း သိရသည်။

"ကျွန်မတို့ပန်းပုတန်းကနေပြီးတော့ အခုလအတွင်းမှာ ရန်ကုန်တိုင်းဒေသကြီးက အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းဆိုင် ၁၀ ဆိုင်လောက်က မှာယူထားတဲ့အတွက် အမြင့် ၁၀ လက်မ၊ အလျား ၁၂ လက်မ၊ ဒု လေးလက်မ အရွယ်အစား ရင်းတိုက်သားနဲ့ ထုလုပ်ထားတဲ့ သစ်တွန်းဆင်နှင့် သစ်ဆွဲဆင်ရုပ်တွေကို ထုလုပ်နေပါတယ်။ အခုထုလုပ်နေတာတော့ ဒီဇိုင်းသစ်ဖြစ်ပါတယ်"ဟု ရွှေယမင်းမြန်မာ ပန်းပုလုပ်ငန်းပိုင်ရှင် ဒေါ်အေးအေးမော်က ပြောပြသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းဆိုင်များသို့တင်ပို့ရန် သစ်တွန်းဆင်နှင့် သစ်ဆွဲဆင်ရုပ် ၅၀ ခန့်ကို ထုလုပ်လျက်ရှိပြီး ဈေးနှုန်းမှာ ဖြန့်ချိဈေးတစ်ရုပ်လျှင် ငွေကျပ် ၁၅၀၀၀၀ ခန့်ဖြစ်ကြောင်း သိရသည်။

ASH

# ကျောင်းကုန်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၆၈၆၁ ဧက စိုက်ပျိုးပြီးစီး

**ကျုံပျော် ဖေဖော်ဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၆၈၆၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၆၈၆၁ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံးစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ နေကြာလျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ကျောင်းကုန်းမြို့နယ်မှာ ဆီထွက်သီးနှံနေကြာ ၆၈၆၁ ဧက လျာထား စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ ဆီထွက်သီးနှံနေကြာ ရာနှုန်းပြည့် စိုက်ပျိုးပြီးပါပြီ။ ဆီထွက်သီးနှံနေကြာ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာတွေကို စတင်မစိုက်မီ ကြိုတင်စီမံဆောင်ရွက်ပေးထားပါတယ်။ ဒေသခံတောင်သူတွေက အရင်နှစ်တွေကလဲ နေကြာစိုက်တဲ့အတွေ့အကြုံရှိပါတယ်။ ဒါကြောင့် အခုနှစ် စိုက်ပျိုးရာမှာ အထောက်အကူဖြစ်စေပါတယ်။ စိုက်ပျိုးမဲ့နေကြာစိုက်ခင်းတွေကို အောင်မြင်ဖြစ်ထွန်းစေဖို့၊ အထွက်နှုန်းတိုးစေဖို့ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့ ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။



ကျောင်းကုန်းမြို့နယ်တွင် နေကြာအပါအဝင် ဆောင်းသီးနှံများအခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းများကို ကွင်းဆင်းပို့ချပေးခဲ့ခြင်း၊ လိုအပ်သောသွင်းအားစုများ ပံ့ပိုးပေးခြင်း၊ မြေဆီလွှာပြုပြင်မှုများဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျ အသုံးပြုမှုမှန်ကန်စေရေး စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မကွေးမြို့နယ် နတ်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု စစ်ဆေး

**မကွေး ဖေဖော်ဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နတ်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ နတ်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ ငွေစာရင်းပုံစံများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လုပ်ငန်းအမျိုးအစားအလိုက် ရန်ပုံငွေထုတ်ချေးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နတ်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၁၇ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၁ ဦးကို ငွေကျပ် ၂၀ ဒသမ ၂ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၂ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၅၅ ဦးကို ငွေကျပ် ၃၉ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အထွေး**

# ဒါရိုက်တာ အင်နာရီတူ၏ ဇာတ်ကားသစ်၌ မင်းသား တွမ်ခရု ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၂၄**

ကမ္ဘာကျော်အက်ရှင်မင်းသား တွမ်ခရုသည် ဒါရိုက်တာအလီဂျန်ဒရိုဂိုအင်နာရီတူ၏ ရုပ်ရှင်ဇာတ်ကားသစ်၌ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၃ ရက် သတင်းများအရ သိရသည်။

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီနှင့် ရယူထားသည့်သဘောတူညီချက်အရ အဆိုပါဇာတ်ကား၌ ပါဝင်ရန် မင်းသား တွမ်ခရုက စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မင်းသားတွမ်ခရုပါဝင်မည့်ဇာတ်ကားနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။


သို့ရာတွင် အဆိုပါဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ အင်နာရီတူက ဇာတ်ညွှန်းရေးဆရာ ဆာဘီနာဘာမင်၊ အလက်ဇန်းဒါးဒီနီလာရိုက်တို့နှင့် ပူးတွဲရေးသားထားသည်။

ဒါရိုက်တာ အလီဂျန်ဒရိုဂိုအင်နာရီတူသည် အော်စကာဆုရ Birdman ဇာတ်ကားကိုတာဝန်ယူရိုက်ကူးခဲ့သူဖြစ်သည်။

လက်ရှိအချိန်တွင် တွမ်ခရုဇာတ်ကားသစ် ရိုက်ကူးမည့်ရက်ကို မသိရသေးကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# The Crow ဇာတ်ကား ရုံတင်မည့်ရက် Lionsgate ရုပ်ရှင်ကုမ္ပဏီကြေညာ

**နယူးယောက် ဖေဖော်ဝါရီ ၂၄**

The Crow ဇာတ်ကားသစ် ရုံတင်ပြသမည့်ရက်ကို Lionsgate ရုပ်ရှင်ကုမ္ပဏီက ဖေဖော်ဝါရီ ၂၂ ရက်တွင် အတည်ပြုကြေညာထားကြောင်း ဖေဖော်ဝါရီ ၂၃ ရက် သတင်းများအရ သိရသည်။

The Crow ဇာတ်ကားသစ်ကို ၂၀၂၄ ခုနှစ် ဇွန် ၇ ရက်တွင် ရုံတင်ပြသမည်ဖြစ်ကြောင်း Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ ကြေညာချက်၌ ဖော်ပြထားသည်။

Lionsgate ကုမ္ပဏီသည် မူလက Ballerina ဇာတ်ကား ရုံတင်ရန် စီစဉ်ထားသည့်ရက်တွင် The Crow ဇာတ်ကားကို အစားထိုး ရုံတင်ရန် စီစဉ်ထားခြင်းဖြစ်သည်။

The Crow ဇာတ်ကားသည် လျို့ဝှက်ဆန်းကြယ် အက်ရှင်ဇာတ်ကားတစ်ကားဖြစ်သည့် The Crow(2014) ဇာတ်ကားကို ပြန်လည်ဆန်းသစ် ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

The Crow ဇာတ်ကားသစ်တွင် မင်းသား ဘီစကားဂေါ့က အဓိကသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။

အဆိုပါဇာတ်ကားကို ကာတွန်းရုပ်ပြဆရာ ဂျိမ်းအိုဘား၏ The Crow ရုပ်ပြစာအုပ်ကိုပင် အခြေခံ၍ ဒါရိုက်တာရူးပတ်ဆန်ဒါးက ရိုက်ကူးပေးထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing attends Diamond Jubilee of Military Engineering Corps



Senior General Min Aung Hlaing speaks at the celebration of the Diamond Jubilee of Military Engineering Corps Day.

**Nay Pyi Taw February 24**

Military Engineering Corps held its 75th Anniversary Diamond Jubilee Day at Hsinbyushin Hall of Transit Centre here this morning, attended by Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing.

Also present together with the Senior General were Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, Chief of General Staff (Army, Navy and Air) General Maung Maung Aye, Commander-in-Chief (Navy) Vice-Admiral Zwe Win Myint, Commander-in-Chief (Air) General Tun Aung, senior military officers from Office of Commander-in-Chief, union level officials, the Nay Pyi Taw Command commander, retired senior officers of the corps, officers and other ranks, officials and invited guests.

On arrival at the venue, the Senior General was welcomed by officials. General Maung Maung Aye, Command Commander Maj-Gen Saw Than Hlaing, and Director of Directorate of Military Engineering Maj-Gen Zaw Naing Oo formally opened the first part of the ceremony.

Then, Senior General Min Aung Hlaing unveiled the signboard commemorating the Diamond Jubilee Day and posed for documentary photos together with attendees.

At the second part, the Senior General and attendees enjoyed the songs **"Our land of cherries"** sung by academy award winner vocalist cum actor and Yang Aung **"Our engineering corps"** sung by members of the corps.

In his address, the Senior General said today is the 75th birthday of the corps, which has been a part of Tatmadaw since its establishment. In accord with its motto **"To move, to fight, to live"** the corps has been serving its missions well with the best of its intellectual and physical ability. Its dutifulness is recognized. It is a corps formed to help realize the Tatmadaw and the State's staff and quartermaster goals and duties.

According to its history, the corps was established as Burma Sapper Miners Madras Sapper Miners after being separated from Madras Sapper Miners in 1937. It was a part of Tatmadaw that evolved through different stages during the independence struggle. It took part in combat missions and field engineering duties and drove out the colonialists to restore independence.

On 21 February 1949, KNDO insurgents seized Maymyo (now Pyin Oo Lwin). Engineering training battalion gathered all available men and women, arms and ammunition, fought gallantly and took back the town on 24 February. During the battle, Ma Chit Po, wife of Corporal Hla Maung of the battalion showed her courage that has been recorded in history. As a true wife of a soldier, Ma Chit Po daringly took part in the battles with the spirit of a martyr and sacrificing spirit for the national cause at any emergency period. She was captured and killed by the enemy while battling the insurgents on 8 April 1949. She is a heroine who sacrificed life for the country. In 1950, the State conferred Thura Title on her as an acknowledgement of her heroism and valor. She is the first woman to receive the Thura Title and the pride of the corps.

In honor of its outstanding courage and the recapture of Pyin Oo Lwin on 24 February 1949, the Day was set as the Military Engineering Corps Day as an example of dutifulness, loyalty towards country and race, and ability to erect a milestone of the corps for all its members at all levels. Now it has reached the Diamond Jubilee.

From the early post-independence period and throughout the past successive periods Military Engineering Corps had provided battlefield engineering support in anti-insurgency operations and gallantly joined the infantry forces in the battles. After 1988, officers and other ranks of the corps took part in nation-building tasks from the respective sectors. It also built roads and bridges in border areas and erected essential infrastructures for the Tatmadaw.



Senior General Min Aung Hlaing greets retired senior officers of the Military Engineering Corps.

The Military Engineering Corps is carrying out humanitarian demining and mine clearance operations. Special demining teams (EOD squads) have been formed in the battlefield engineering battalions and are conducting demining operations in towns and removing unexploded ordnance.

As the Tatmadaw, when a natural disaster occurs in the country, it provides relief and rescue operations without delay. And their engineering skills, machines, vehicles, and mechanisms are also actively contributing.

The Military Engineering Corps participated in the transportation of the Maravijaya Buddha Image, the world's largest marble statue, which was consecrated on August 1, 2023. Moreover, the corps took responsibility to build pagodas, monasteries, lakes, rest houses, a bridge, a garden and administrative buildings in the precinct of the pagoda, and they are historical records of the Military Engineering Corps.

As a result of such efforts, the crops members were awarded honorary degrees and titles presented by the State. From the day it was first designated as the Military Engineering Crops Day to today's Diamond Jubilee, five people were awarded the title of Thura including Tura Ma Chit Po, 136 people gallantry medals, 57 people titles of heroism of the Commander-in-Chief of Defence Services, 103 people certificates of honor of the Commander-in-Chief of Defence Services, and 24 people certificates of honor for military capability. In addition, one person was awarded the honorary degree presented by the State for his excellent management of engineering tasks, the title of Sithu and the title of Zeya Kyawhtin, one person the title of Thiri Pyanchi, eight people the title of Zeya Kyawhti and one person the title of Theikpa Kyawswa totalling 11. In the medal of excellence performance, eight people were awarded management excellence medals (first grade), 16 people (second grade) and 23 people (third grade), one person social excellence medal (second grade),



Senior General Min Aung Hlaing visits a commemorative booth.

*See Page 13*



The Diamond Jubilee of Military Engineering Corps Day celebration starts by cutting the ribbon.

*From Page 12*

one person (third grade), four people industrial and commercial excellence medals (third grade), three people technical excellence medal (second grade), three people technical excellence medal (second grade), and seven people technical excellence medal (third grade) totalling 63.

The Military Engineering Corps, which was part of the Tatmadaw since the struggle for Myanmar's independence, has now been able to proudly stand as an international-level crops. In addition, the officers and soldiers who served in the military engineering corps have proven many times during their 75-year journey that they have been able to carry on the tasks given to them by the State and the Tatmadaw. Therefore, as members of the military engineering corps, they must take responsibility for maintaining these good traditions and pass them on to the next generations as a valuable legacy. The slogans set by the military engineering crops must continue to fulfill their duties.

The military engineering corps are urged to study the engineering technologies that are changing with the times and strive to build a capable corps. Then the Senior General wished that from the Diamond Jubilee Day of the Military Engineering Corps until many jubilees to come, as slogan says, "Continue to fight to win using engineering ability," the corps is to continue to try to stand as a crops on which the State and the Tatmadaw can rely.

After that, the Director of the Military Engineering Corps gave a summary of the history of the Corps and showed a documentary Video commemorating the Diamond Jubilee Day of the Military Engineering Corps. Then, the Military Engineering Corps members performed the commemorative song "Military Engineers in History".

Afterwards, the Director of the Military Engineering Corps presented a commemorative gift to the Senior General.

Then, the Senior General warmly greeted the retired senior officers of the military engineering corps who attended the ceremony.

Then, the Senior General and party toured the booths commemorating the (75th) Diamond Jubilee Military Engineering Corps Day.

Later, the Senior General and party had lunch together to mark the (75th) Diamond Jubilee Military Engineering Corps Day.

100

# More than 1,600 acres of kitchen crops cultivated in Myinmu Township

**Myinmu February 24**

According to Sagaing District Agriculture Deparment stated that more than 1,600 acres of kitchen crops have been cultivated in Myinmu Township of Sagaing District this winter.

The township earmarked cultivation of 2,097 acres of kitchen crops this year, 1,683 acres of which has been placed under kitchen crops, starting from October 2023.

"This year, we have grown more than 1,600 acres of kitchen crops in Myinmu Township against the target of more than 2,000 acres. We are striving for meeting the target cultivation. Agricultural staff help local farmers use GAP system and prevent pests," said Daw Thida Lwin, Head of Sagaing District Agriculture Department.

The township cultivated 1,082 acres of onion, 58 acres of garlic, 338 acres of chilli and 205 acres of potato, totalling 1,683.

In 2023-24 financial year, the township earmarked 1,079 acres of onion, 86 acres of garlic, 490 acres of potato and 442 acres of chilli, totalling 2097 acres.

Township Agriculture Department aims to have set per-acre yield of kitchen crops by helping local farmers with advanced agricultural techniques, GAP systems and prevention of pests as well as improvement of soil.

206

# Nat Yay Kan fisheries station sells 2.5 million fish to people who farm fish

**Mandalay February 24**

A total of 2.5 million fish were distributed and sold to the fish farmers from the Nat Yay Kan fisheries station in Mandalay Region, said Daw San San Oo, deputy director of the fisheries station.

In this fiscal year, the fisheries station has set a target of 4 million fish to be distributed and sold to fish farmers.

"During this financial year, we are distributing and selling good varieties of pure fish from the Nat Yay Kan fisheries station so that fish farmers can raise the high quality pure fish at a low price. The current distribution rate is about 65 percent. We will sell to meet the target. We will also provide the necessary technology. We focus on production, breeding and distribution. In the distribution and sale to farmers, one inch fish is sold at 5 kyats and two inch fish at 10 kyats. We mainly distribute and sell rohu fish which local people like," he explained.

185

# Egypt, UAE sign deal to develop new city on Egypt's northern coast

**Cairo February 24**

Egypt and the United Arab Emirates (UAE) signed a deal on Friday to build a new city on Egypt's northern coast, with the aim of boosting tourism, investment and foreign currency reserves.

The agreement, signed by Egypt's Housing Minister Assem El-Gazzar and UAE's Investment Minister Mohamed Al Suwaidi at Egypt's New Administrative Capital, will develop Ras Al-Hekma, a 170-square-kilometer area west of Alexandria.

Egyptian Prime Minister Mostafa Madbouly, who attended the signing, said the project would be carried out by Egypt's New Urban Communities Authority and Abu Dhabi Development Holding Company, and would inject 35 billion U.S. dollars of foreign direct investment into the economy in two months.

"This is the largest amount of FDI in the history of the country," Madbouly said, adding that the deal was the start of several investment agreements that the government was working on to increase foreign currency sources.

He also said the UAE side would invest at least 150 billion dollars throughout the project, which he expected to draw 8 million tourists when completed.

Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## သဘာဝဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲမှုများနောက်ကွယ်တွင် အစ္စရေးရှိနေကြောင်း အီရန်ပြောကြား



ပြီးခဲ့သည့် သီတင်းပတ်က အီရန် သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှစ်ခု၌ ဖြစ်ပွားခဲ့သော ပေါက်ကွဲမှုများနောက်ကွယ်တွင် အစ္စရေးရှိနေနိုင်ကြောင်း အီရန်အစ္စလာမ့်သမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီး ဂျာဗက် အိုဂျီက ပြောကြားခဲ့သည်။

အီရန်အာဏာပိုင်များ၏ ပြောကြားချက်အရ အဆိုပါပေါက်ကွဲမှုနှစ်ခုသည် အလယ်ပိုင်း Chaharmahal နှင့် Bakh-tiari ပြည်နယ်တောင်ပိုင်း Fars ပြည်နယ်တို့တွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အာဏာပိုင်များက ထိုဖြစ်ပွားမှုများကို အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်အဖြစ် သတ်မှတ်ခဲ့သည်။

"ဓာတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲမှုဟာ အစ္စရေးရဲ့ ကြံစည်မှုတစ်ခုပါပဲ" ဟု ဖေဖော်ဝါရီ ၂၁ ရက်တွင် အိုဂျီ၏ ပြောကြားချက်ကိုကိုးကား၍ ဝါရှင်တန်ပို့စ် သတင်းစာက ရေးသားဖော်ပြခဲ့သည်။

ရန်သူသည် အီရန်နိုင်ငံပြည်နယ်များရှိ ဓာတ်ငွေ့ဝန်ဆောင်မှုကို နှောင့်ယှက်ရန် ရည်ရွယ်ပြီး ပြည်သူများအား ဓာတ်ငွေ့ ဖြန့်ဖြူးမှုကို ဒုက္ခရောက်စေလိုခြင်းဖြစ်နိုင်သည်ဟု အိုဂျီက ထည့်သွင်းပြောကြားခဲ့သည်။

အစ္စရေးနိုင်ငံသည် နိုင်ငံရပ်ခြားတွင် လုပ်ဆောင်သော ၎င်း၏စစ်ဆင်ရေးများနှင့် ပတ်သက်၍ မှတ်ချက်တစ်စုံတစ်ရာ ပြုလေ့မရှိသဖြင့် အီရန်နိုင်ငံထံမှ စွပ်စွဲချက်များအပေါ် အစ္စရေးက တစ်စုံတစ်ရာ မှတ်ချက်ပေးခဲ့ခြင်းတော့ မရှိသေးပေ။ သို့သော် အီရန်သည် ဟားမတ်စ်နှင့်ဒေသတွင်းရှိ အခြားသောစစ်သွေးကြွအစ္စလာမ့်အဖွဲ့များကိုအသုံးပြု၍ အစ္စရေးကို တိုက်ခိုက်နေခြင်းဖြစ်ကြောင်း အီရန်အပေါ် ပြန်လည်စွပ်စွဲထားသည်။

အစ္စရေးသည် အီရန်နိုင်ငံနှင့် အီရန်၏ ကိုယ်ပွားစစ်သွေးကြွများကိုလည်းတိုက်ခိုက်နေရသည်ဟု အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ပြီးခဲ့သည့်လတွင် သတင်းထောက်များကို ပြောကြားခဲ့သည်။

အီရန်သည် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်က အစ္စရေးနိုင်ငံအတွင်းသို့ ဟားမတ်စ်များ ကျူးကျော်ဝင်ရောက်တိုက်ခိုက်မှုများတွင် ပါဝင်ပတ်သက်မှုမရှိကြောင်း ငြင်းဆိုခဲ့သည်။ အဆိုပါတိုက်ခိုက်မှုကြောင့် လူပေါင်း ၁၂၀၀ ခန့် သေဆုံးကာ အစ္စရေးဘက်က ဂါဇာတွင် စစ်ရေးအရတုံ့ပြန်လုပ်ဆောင်လာခဲ့သည်ထိ ဒေသတွင်းတင်းမာမှုများ ကျယ်ပြန့်လာခဲ့ရသည်။ သို့သော်လည်း အီရန်သမ္မတ Ebrahim Raisi က အစ္စရေးနိုင်ငံအတွင်းသို့ ဝင်ရောက်စီးနင်းမှုသည် ပါလက်စတိုင်းနိုင်ငံကို တရားဝင်ကာကွယ်ရေးအဖြစ် ထောက်ခံခဲ့ပြီး ပါလက်စတိုင်းအရေးကို ဆက်လက်ထောက်ခံသွားမည်ဟုလည်း ကတိပြုခဲ့သည်။

**Israel behind Iranian pipeline blasts – Tehran ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းက ဂျပန်ထံမှအကူအညီ အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံကျော်ရရှိမည်

ရုရှားနှင့် ပဋိပက္ခများပြီးဆုံးပြီးနောက် ယူကရိန်းစီးပွားရေး ပြန်လည်တည်ဆောက်ရာတွင် ကူညီပေးရန် ဖေဖော်ဝါရီ ၁၉ ရက်က တိုကျို၌ ကျင်းပပြုလုပ်ခဲ့သော ဂျပန်-ယူကရိန်း ပြန်လည်တည်ဆောက်ရေးညီလာခံတွင် ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါက ကတိကဝတ်ပြုခဲ့သည်ဟု ရုရှားနိုင်ငံပိုင် RT သတင်းဌာနက ဖေဖော်ဝါရီ ၁၉ ရက်တွင် ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

အဖွဲ့ဝင်ပေါင်း ၁၀၀ ကျော်ရှိသော ယူကရိန်းကိုယ်စားလှယ်အဖွဲ့ကို ယူကရိန်းနိုင်ငံဝန်ကြီးချုပ် ဒင်းနစ်ရှမီဂယ်က ဦးဆောင်လာခဲ့ခြင်းဖြစ်ပြီး ယူကရိန်းတွင် စီမံကိန်းအသစ်များလုပ်ဆောင်ရန် အစီအစဉ်ရေးဆွဲထားသော ဂျပန်ကုမ္ပဏီများအတွက် အလွန်အရေးကြီးသော အခွန်နှစ်ထပ်ဆောင်ခြင်းမှ ရှောင်ကြဉ်ခြင်းဆိုင်ရာနှင့် ပတ်သက်ပြီး အစိုးရနှစ်ရပ်ကြား သဘောတူညီချက်တစ်ရပ်အပါအဝင် ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက် ၅၀ ကျော်ကို အခမ်းအနားတွင် လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း သိရသည်။

နှစ်နိုင်ငံတွေ့ဆုံမှုအတွင်း ဂျပန်နိုင်ငံအနေဖြင့် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၁ ဘီလီယံကို ယူကရိန်းထံ ပံ့ပိုးသွားမည်ဟု ဝန်ကြီးချုပ်ဖူမီယိုကီရှီဒါက ထုတ်ဖော်ပြောကြားခဲ့ကြောင်း ယူကရိန်းနိုင်ငံဝန်ကြီးချုပ် ဒင်းနစ်ရှမီဂယ်က Telegram ရုပ်သံလိုင်းတွင် ရေးသားခဲ့သည်။

ရန်ပုံငွေကို မည်သည့်အချိန်တွင် အကောင်အထည်ပေါ်မည်ကို အတိအကျ မသိရသေးသော်လည်း ဂျပန်နိုင်ငံဘက်မှ ပြောကြားချက်အရ ဆွေးနွေးပွဲအတွင်း ဂျပန်နိုင်ငံသည် ယူကရိန်းအတွက် ထပ်ဆောင်း အမေရိကန်ဒေါ်လာ ၁၀၅ သန်းကို စွမ်းအင်နှင့်သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းနှင့် အရေးပေါ်ပြုပြင်မှုများရန်ပုံငွေအဖြစ် ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

ယူကရိန်းမြို့တော် ကီယက်ဗ်တွင် အစိုးရအဆင့် ကုန်သွယ်ရေးရုံးသစ်ဖွင့်လှစ်နိုင်ရန် ဂျပန်ဝန်ကြီးချုပ်က ကတိပြုခဲ့သည်။ ယူကရိန်းနိုင်ငံ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်သည် နှစ်ဖက်စလုံးအတွက် အကျိုးရှိသော ရင်းနှီးမြှုပ်နှံမှုတစ်ရပ်အဖြစ် ဂျပန်နိုင်ငံဘက်က ရှုမြင်ထားကြောင်း၊ ယူကရိန်းပဋိပက္ခသည် ယခုအချိန်တွင် ဆက်လက်ဖြစ်ပွားနေပြီး အခြေအနေက မလွယ်ကူကြောင်း၊ သို့သော် စီးပွားရေးပြန်လည်တည်ဆောက်ရေး အရှိန်မြှင့်တင်




ခြင်းသည် ယူကရိန်း၏အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှုသာမက ဂျပန်နှင့်ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလည်းဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါက တွေ့ဆုံမှုအတွင်း ပြောကြားခဲ့ကြောင်း သိရသည်။

**Ukraine to get $12 billion from Japan – Kiev ကို ဘာသာပြန်ဆိုထားပါသည်။**

## ဟူသီသူပုန်အဖွဲ့က ၂၀၂၄ ခုနှစ်အတွင်း ပထမဆုံးအကြိမ် အမေရိကန် MQ-9 Reaper ဒရုန်းတစ်စင်းကို ပစ်ချနိုင်ခဲ့

ယီမင်ဟူသီသူပုန်များက ၂၀၂၄ ခုနှစ်အတွင်း ပထမဆုံးအကြိမ် ယီမင်လေပိုင်နက်၌ အမေရိကန် MQ-9 Reaper ဒရုန်းကို ပစ်ချနိုင်ခဲ့ကြောင်း Sputnik သတင်းဌာနက ဖေဖော်ဝါရီ ၁၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။



အမေရိကန်တို့သည် အစ္စရေးနိုင်ငံကိုယ်စား ယီမင်နိုင်ငံအပေါ် ရန်လိုသော မစ်ရှင်များ လုပ်ဆောင်နေခြင်းဖြစ်သည်ဟု ဟူသီသူပုန်အဖွဲ့က အခိုင်အမာပြောဆိုခဲ့သည်။

ဟူသီသူပုန်များသည် အမေရိကန်ပိုင် MQ-9 Reaper ဒရုန်းတစ်စင်းကို ပစ်ချခြင်းသည် ပထမဆုံးအကြိမ်မဟုတ်ပေ။ ၂၀၂၃ ခုနှစ် နိုဝင်ဘာလက MQ-9 Reaper ဒရုန်းတစ်စင်းကို ပစ်ချနိုင်ခဲ့သလို ၂၀၁၉ ခုနှစ်အတွင်း၌လည်း အမေရိကန်ဒရုန်းသုံးစင်းထိ ပစ်ချနိုင်ခဲ့သည်။

ဟူသီသူပုန်များသည် ဗြိတိန်ကုန်တင်သင်္ဘော Rubymar ကို ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့ရာ သိသိသာသာပျက်စီးခဲ့ရကြောင်းနှင့် သင်္ဘောအဖွဲ့သားများသင်္ဘောမှ စွန့်ခွာခဲ့ကြောင်းလည်း ထုတ်ဖော်ပြောကြားထားသည်။

ယီမင်နိုင်ငံအနီးတွင်လည်း အခြားအရပ်ဘက် ကုန်တင်သင်္ဘောတစ်စီးကို ဖေဖော်ဝါရီ ၁၈ ရက်က တိုက်ခိုက်ခံခဲ့ရကြောင်း ဗြိတိန်ရေကြောင်း ကုန်သွယ်မှုအဖွဲ့ချုပ်က အတည်ပြုပြောကြားခဲ့ပြီး သင်္ဘောသားများကို ကယ်ထုတ်ခဲ့ရကြောင်း သိရသည်။ အေဒင်ပင်လယ်ကွေ့တွင်လည်း အခြား ကုန်တင်သင်္ဘောတစ်စီးကို နှစ်ကြိမ်တိုင်တိုင် တိုက်ခိုက်ခံခဲ့ရကြောင်း သိရသည်။

ဟူသီသူပုန်များသည် ယီမင်ကမ်းခြေများအနီးရှိ ပင်လယ်နီနှင့် အေဒင်ပင်လယ်ကွေ့တို့တွင် ပင်လယ်ရေကြောင်းကုန်သွယ်မှုကို ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ နှောင့်ယှက်တိုက်ခိုက်မှုများ ဆက်တိုက်ပြုလုပ်လာခဲ့သည်။

ထိုတိုက်ခိုက်မှုများအပေါ် လက်တုံ့ပြန်သည့်အနေဖြင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှစတင်ကာ ယီမင်နိုင်ငံတစ်ဝန်းတွင် အမေရိကန်က လေကြောင်းတိုက်ခိုက်မှုများကို ပြုလုပ်လာခဲ့ရာ ဟူသီနှင့် အမေရိကန်တို့ကြား ပဋိပက္ခပိုမိုပြင်းထန်လာခဲ့သည်။

ဟူသီသူပုန်များသည် MQ-9 Reaper ဒရုန်းများကိုပစ်ချရန်အတွက် ဆိုဗီယက် 2K12 Kub SAM စနစ်မှ ပုံစံတူထုတ်လုပ်ထားသည်ဟုယူဆရသည့် မြည်တွင်း၌ အဆင့်မြှင့်တင်ထားသော Fater-1 ဒုံးကျည်စနစ်ကို အသုံးပြုခဲ့သည်ဟု သိရသည်။ ထိုအချိန်က ဆိုဗီယက်ပြည်ထောင်စုသည် ယီမင်အစိုးရကို Scud-B နှင့် Scud-C ဒုံးကျည်များ၊ Tochka ဒုံးကျည်များ၊ Hwasong-5 နှင့် Hwasong-6 ဒုံးကျည်များ အများအပြား ထောက်ပံ့ပေးခဲ့ပြီး ဟူသီတို့သည် ၁၉၉၀ ပြည့်နှစ်တွင် ယီမင်နိုင်ငံနှင့် ပြန်လည်ပေါင်းစည်းနိုင်ခဲ့ပြီး နောက်ပိုင်း ပိုင်ဆိုင်ခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

**- Houthis Bring Down Second US Reaper Drone as Red Sea Crisis Escalates ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ရဲရဲရင့်ရင့် စစ်မှုထမ်းကြပါစို့

အာကာမောင်မောင်

မြန်မာ့သမိုင်းမှာ ဒီကနေ့တိုင် လေးစားမြတ်နိုး တန်ဖိုးထားရတဲ့ နိုင်ငံခေါင်းဆောင်တွေရှိပါတယ်။ ပထမမြန်မာနိုင်ငံတော်ရယ်လို့ မော်ကွန်းတင်ခြင်းခံထားရတဲ့ အနော်ရထာဘုရင်မင်းမြတ်၊ ဒုတိယမြန်မာနိုင်ငံတော်ရယ်လို့ မော်ကွန်းတင်ခြင်းခံထားရတဲ့ ဘုရင့်နောင်မင်းတရားကြီးနဲ့ တတိယမြန်မာနိုင်ငံတော်ရယ်လို့မော်ကွန်းတင်ခြင်းခံထားရတဲ့ အလောင်းမင်းတရားကြီးတို့ရဲ့သမိုင်းဟာ တုနှိုင်းစရာမရှိအောင်ပါပဲ။ ထို့အတူ မြန်မာ့လွတ်လပ်ရေးရရှိအောင် ဦးဆောင်ကြိုးပမ်းခဲ့တဲ့ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းဟာလည်း မော်ကွန်းတင်ခြင်းခံထားရတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်ပါတယ်။

အနော်ရထာမင်းမြတ်လို့ဆိုလိုက်တာနဲ့ ဆည်မြောင်း၊ ကန်ချောင်းတွေဖောက်လုပ်ပြီး တိုင်းပြည်စီးပွားရေးကောင်းမွန်အောင်ဆောင်ရွက်ခဲ့တာတွေ၊ စိုက်ပျိုးမွေးမြူရေးအတွက် လယ်တွင်း ကိုးခရိုင်သတ်မှတ်ပြီး ဆောင်ရွက်တာတွေ သိထားကြပြီးဖြစ်ပါတယ်။ ထို့အတူ နိုင်ငံတော်ကာကွယ်ရေးအတွက် ကျေးရွာ၊ မြို့ပြ၊ နယ်ပယ်အလိုက် စစ်မှုထမ်းဖို့သတ်မှတ်ခဲ့တဲ့ ဆယ်ပြုမြို့၊ ရာပြုမြို့၊ ထောင်ပြုမြို့၊ သောင်းပြုမြို့တွေ သတ်မှတ်ဖွဲ့စည်းထားတာတွေကြည့်ခြင်းအားဖြင့် စီးပွားရေးအင်အား၊ ကာကွယ်ရေးအင်အားတောင့်တင်းခိုင်မာခဲ့ကြောင်း သိနိုင်ပါတယ်။

ထို့အတူ ဘုရင့်နောင်မင်းတရားကြီးဟာ တစ်နိုင်ငံလုံးကိုစည်းရုံးသိမ်းသွင်းနိုင်ခဲ့ပြီး စစ်အင်အားခိုင်ခိုင်မာမာတည်ဆောက်ထားနိုင်လို့ ဘုရင့်နောင်မင်းတရားကြီးလက်ထက်မှာလဲ စစ်ရေးအင်အားတောင့်တင်းခိုင်မာသလို စီးပွားရေးမှာလဲ တောင့်တင်းခဲ့ပါတယ်။ တတိယမြန်မာနိုင်ငံလို့ မော်ကွန်းတင်ထားတဲ့ ကုန်းဘောင်ခေတ်အလောင်းမင်းတရားကြီးကလဲ နိုင်ငံတော်ကိုစစ်အင်အားကြီးမားအောင်ပြုလုပ်ပြီး တည်ဆောက်ခဲ့ရသလို စီးပွားရေးအတွက် လယ်ယာဆည်မြောင်းတွေ ဖောက်လုပ်ပေးခဲ့ရတာဖြစ်ပါတယ်။ ကုန်းဘောင်ခေတ် မြန်မာနိုင်ငံရဲ့ ပိုင်နက်ဟာ အနောက်မှာအာသံ၊ မဏိပူရထိဖြစ်ပါတယ်။ အရှေ့ဘက်မှာဆိုရင်လည်း စစ်ဆောင်ပနားထိဖြစ်ပါတယ်။

ဒီလိုသမိုင်းကြောင်းတွေကို ကြည့်လိုက်တဲ့အခါမှာ နိုင်ငံတစ်နိုင်ငံကို စုစုစည်းစည်းညီညီညွတ်ညွတ်တည်ဆောက်ဖို့ဆိုရင် ကာကွယ်ရေးအင်အားအမြဲတမ်းတောင့်တင်းခိုင်မာနေဖို့လိုပါတယ်ဆိုတဲ့အချက်တွေ့ရမှာဖြစ်ပါတယ်။ အလားတူ တစ်ဆက်တည်းမှာပဲ စီးပွားရေး မောင်းနှင်အားကောင်းဖို့လိုတယ်ဆိုတာလဲ တွေ့ရပါတယ်။ စီးပွားရေးနဲ့ကာကွယ်ရေးကောင်းနေရင် နိုင်ငံရေးဆိုတာ အဆင်ပြေပြေရှိနေမှာပါ။ အဓိကအကျဆုံးကတော့ ကာကွယ်ရေးမောင်းနှင်အားပါပဲ။ ကာကွယ်ရေးမှာ ချည့်နဲ့နေမယ်ဆိုရင် သေချာပါပြီ ကျွန်တော်တို့ နိုင်ငံကို အင်အားကြီးနိုင်ငံတွေကအနိုင်ကျင့်တော့မှာပါ။ ဒါကလဲ သမိုင်းမှာ ထင်ရှားတဲ့အချက်ပါပဲ။ မြန်မာနိုင်ငံဟာ နှစ်ပေါင်းတစ်ရာကျော် ကိုလိုနီနိုင်ငံအဖြစ် အမည်းကွက်စွန်းထင်းခဲ့တာဟာ ကာကွယ်ရေးအင်အားမခိုင်မာ၊မတောင့်တင်းခဲ့လို့ပါပဲ။

အဲဒီတော့ ကျွန်တော်တို့ဒီကနေ့ခေတ်နိုင်ငံသားတွေကစလို့ နောင်သားစဉ်မြေးဆက်တိုင်ကာကွယ်ရေးအင်အားတောင့်တင်းခိုင်မာနေရန် လုပ်ဆောင်ဖို့လိုအပ်ပါတယ်။ မြန်မာနိုင်ငံကိုလွတ်လပ်ရေးရအောင်ဦးဆောင်ခဲ့ပြီး လွတ်လပ်ရေးမရခင်ကလေးမှာကျဆုံးသွားခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့မိန့်ခွန်း တစ်နည်းပြောရရင် မှာကြားချက်ကိုဖော်ပြချင်ပါတယ်။ ဒါဟာ လွန်ခဲ့နှစ်ပေါင်း ၇၀ ကျော်ကပြောခဲ့တာပါ။ ဒီကနေ့တိုင်လဲ မှန်ကန်နေတုန်းပါပဲ။ နိုင်ငံတော်ကာကွယ်ရေးအတွက် အမြဲတမ်းတွေးပူပင်စိတ်ရှိနေသလို နောင်လာမဲ့အနာဂတ်အတွက်လဲ ကြိုတင်လမ်းပြခဲ့ပါတယ်။ လွတ်လပ်ရေးရတဲ့အခါမှာဖြစ်ရမဲ့တာဝန်ကို ပြောခဲ့ရာမှာ "ကျုပ်တို့တိုင်းပြည် အစိုးရလုပ်တဲ့လူတွေက တိုင်းပြည်ကာကွယ်ဖို့အတွက် မြန်မာပြည်မှာ စစ်သားတွေနည်းနေတယ်ဆိုလို့ရှိရင် မြန်မာတိုင်း၊ မြန်မာတိုင်း အရွယ်ရောက်တဲ့လူမှန်သမျှ ကျန်းမာတဲ့လူမှန်သမျှ စစ်မှုမထမ်းမနေရဆိုပြီးတော့ အတင်းဥပဒေနဲ့ စစ်ထဲကိုထည့်ရလိမ့်မယ်။ အဲဒါမျိုးတွေလုပ်တန်လုပ်ရလိမ့်မယ်။ နှစ်နှစ်တန်သည် သုံးနှစ်တန်သည် စစ်ထဲဝင်ရမယ်။ ဝင်ပြီးတဲ့နောက် စစ်ဖြစ်တဲ့အခါမှာ ဝင်တိုက်ရမယ်ဆိုတာ ခင်ဗျားတို့ တိုက်ချင်တိုက်ချင်၊ မတိုက်ချင် မတိုက်ချင် ဝင်တိုက်ရမှာပဲ။ အဲဒါကလဲ တာဝန်ပဲ။ ဒါဟာလွတ်လပ်ရေးရတဲ့အခါမှာ ဖြစ်ရမဲ့ တာဝန်မျိုးပဲ"လို့ ဖြစ်ပါတယ်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက် မြို့တော်ခန်းမမှာကျင်းပတဲ့ ပြည်သူ့အစည်းအဝေးကြီးမှာပြောခဲ့တာပါ။

> ❖ ဒါကြောင့် ဒီကနေ့ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုတာ ရိုးသားကြိုးစားတဲ့ ပြည်သူတွေရဲ့တောင်းဆိုမှုကနေ ပေါ်လာတာဖြစ်ပါတယ်။ ခေါင်းငုံ့ခံလို့မရတော့တဲ့အနေအထားမို့ ပြည်သူ့စစ်မှုထမ်းဥပဒေကို အတည်ပြုဖို့ တင်ပြလာကြတာဖြစ်ပါတယ်။ သောင်းကျန်းသူအပါအဝင် ပြည်တွင်း၊ ပြည်ပရန်သူတွေဟာ ပြည်သူတွေပါဝင်လာမှာကို အလွန်ပဲကြောက်ပါတယ်။ ဒါကြောင့် ပြည်ဖျက်မီဒီယာတွေနဲ့ အစွန်းရောက်အတွေးအခေါ်အဖျက်စိတ်ရှိသူတွေက ပြည်သူ့စစ်မှုထမ်းဥပဒေထုတ်ပြန်တဲ့အပေါ် အဆိုးမြင်စိတ်နဲ့ဝေဖန်နေတာဖြစ်ပါတယ်။ အဖျက်စိတ်နဲ့ နှောင့်ယှက်နေတာဖြစ်ပါတယ်။ ❖

စာရေးသူက ပြည်သူ့စစ်မှုထမ်းဥပဒေထုတ်ပြန်တာနဲ့ပတ်သက်ပြီး ရေးချင်ပြောချင်လွန်းလို့ ဒီအထိလမ်းကြောင်းခင်းလာခဲ့တာဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုတာ နိုင်ငံသားအားလုံးနဲ့သက်ဆိုင်တဲ့မွေးရာပါတာဝန်ပါပဲ။ ပြည်သူအားလုံးပါဝင်တဲ့ ပြည်သူ့စစ်မှုထမ်းစနစ်မှာ နိုင်ငံရဲ့ကာကွယ်ရေးအင်အားဟာ အမြဲတမ်းတပ်မတော်တစ်ခုတည်းမှာ အဓိကတည်ရှိတော့မှာမဟုတ်ပါဘူး။ တပ်မတော်နဲ့ပြည်သူဟာဟန်ချက်ညီညီလက်တွဲကြရတော့မှာဖြစ်ပါတယ်။ စစ်ဘက်နဲ့အရပ်ဘက်ကြား အပြန်အလှန်ယုံကြည်မှု၊ နားလည်ပေးမှု၊ စာနာမှုတွေရှိ လာတော့မှာဖြစ်ပါတယ်။ စစ်ရေးစစ်ရာနဲ့နိုင်ငံတော်လုံခြုံရေးမှာပြည်သူတွေပါဝင်လာတဲ့အခါ တပ်အပေါ် ပြည်သူ့ဘက်ကခံစားချက်၊ ပြည်သူ့အပေါ် တပ်ဘက်က ခံစားပေးမှုတွေမှာ အပြန်အလှန်ကိုယ်ချင်းစာနာမှုတွေနဲ့အတူ နီးစပ်မှုရှိလာကြတော့မှာဖြစ်ပါတယ်။

ဒီကနေ့ကမ္ဘာ့နိုင်ငံတော်တော်များများမှာ နိုင်ငံရေးကို စစ်ရေးနည်းနဲ့အဖြေရှာလာပြီး အကြမ်းဖက်လုပ်ရပ်ကို ထွက်ပေါက်အဖြစ်လုပ်ဆောင်နေပါတယ်။ မြန်မာနိုင်ငံမှာလဲ လက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ နိုင်ငံရေးကို နိုင်ငံရေးနည်းနဲ့ဖြေရှင်းဖို့ ဘယ်လိုပဲလမ်းဖွင့်ပေးထားပေမဲ့ ဒီလမ်းကြောင်းကို မလျှောက်ဘဲ လက်နက်ကိုင်ဆောင်နေတာဖြစ်ပါတယ်။ လက်နက်ကိုင်အကြမ်းဖက် အဖျက်သမားဆိုတာက အရပ်သားပြည်သူတွေကိုလဲ ငဲ့ညှာနေမှာမဟုတ်ပါဘူး။ ကိုယ့်တိုင်းရင်းသားအချင်းချင်းတောင် ညှာတာမှုမရှိပါဘူး။ ပြည်သူတွေ ကိုးကွယ်ဆည်းကပ်တဲ့ ဘာသာ၊ သာသနာကိုလဲ ဖျက်ဆီးနေတာပါပဲ။ တပ်မတော်ကြီးပြိုပျက်ရင် နိုင်ငံလဲပျက်၊ ပြည်သူ့အသက်အိုးအိမ်စည်းစိမ်ဥစ္စာလဲ ဆုံးရှုံးကြမှာဖြစ်ပါတယ်။ ဒီနိုင်ငံကြီးလုံခြုံရေးဟာ နိုင်ငံသားအားလုံးရဲ့ လုံခြုံရေးပါပဲ။

ဒါကြောင့်လဲ ကမ္ဘာ့တချို့နိုင်ငံတွေနည်းတူ မြန်မာနိုင်ငံမှာလဲ ပြည်သူ့စစ်မှုထမ်းဥပဒေတစ်ရပ်က စတင်အာဏာတည်ခဲ့တာဟာ နိုင်ငံအတွက်အလွန်ပဲ ကောင်းမွန်လှပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုတာ အခုမှပြဋ္ဌာန်းခြင်းမဟုတ်ပါဘူး။ ၁၉၅၉ ခုနှစ်ကတည်းကရှိခဲ့ပြီးသားပါ။ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလမှာ ထပ်မံပြင်ဆင်ရေးဆွဲခဲ့တယ်။ အခုအချိန်အခါမှာ အတည်ပြုလိုက်တာဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံတော်တော်များများမှာလဲ ပြည်သူတွေပါဝင်တဲ့ စစ်မှုထမ်းဆောင်ခြင်းကို ပြဋ္ဌာန်းကျင့်သုံးကြပါတယ်။ စစ်မှုမထမ်းမနေရကျင့်သုံးတဲ့နိုင်ငံ ၃၄ နိုင်ငံလောက်ရှိပါတယ်။ အိမ်နီးချင်းအရှေ့တောင်အာရှနိုင်ငံတွေဖြစ်တဲ့ လာအို၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ စင်ကာပူနိုင်ငံအပါအဝင် အာရှအရှေ့ဖျားက တောင်ကိုရီးယား၊ မြောက်ကိုရီးယားလိုနိုင်ငံတွေ၊ ရုရှား၊ ဒိန်းမတ်၊ နော်ဝေ၊ ဖင်လန်၊ ဂျာမနီ၊ ဆွီဒင်၊ ဆွစ်ဇာလန်စတဲ့ ဥရောပနိုင်ငံတွေထိပါဝင်ပါတယ်။ ဥပဒေကိုပြဋ္ဌာန်းထားပြီး တာဝန်ထမ်းဆောင်ရခြင်းမရှိသေးတဲ့ နိုင်ငံတွေရှိသလို ဥပဒေနဲ့အညီ မဖြစ်မနေစစ်မှုထမ်းနေရတဲ့ နိုင်ငံတွေလဲရှိတာတွေ့ရပါတယ်။

မြန်မာ့သမိုင်းမှာ စစ်မှုထမ်းဆောင်ဖို့ဆင့်ခေါ်ခြင်းဆိုတာ အထူးအဆန်းမဟုတ်ပါဘူး။ ဆောင်းပါးအစမှာပါရှိတဲ့ ပုဂံခေတ်ကတည်းကရှိနေတာပါ။ နိုင်ငံတော်မှာ အရေးပေါ်အခြေအနေနဲ့ကြုံတိုင်း မြို့အလိုက်၊ ရွာအလိုက် အရေအတွက်ခွဲတမ်းချထားပြီးသားဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ပြည်ပကျူးကျော်မှုနဲ့ကြုံတဲ့အချိန်တွေ၊ ပြည်တွင်းသောင်းကျန်းမှုအမြစ်ပြတ်ချေမှုန်းတဲ့အချိန်တွေမှာ ပြည်သူ့စစ်မဟာဗျူဟာကို ကျင့်သုံးပြီး ရန်သူတွေအမြစ်ပြတ်အောင်လုပ်ဆောင်ခဲ့တာ အထင်အရှားရှိပါတယ်။ ပြည်သူ့စစ်မဟာဗျူဟာဆိုတာပြည်တွင်းရန်သာမက ပြည်ပရန်အတွက်ပါရည်ရွယ်တာဖြစ်ပါတယ်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့နိုင်ငံသားတိုင်းက မိမိနိုင်ငံကိုဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံအဖြစ် မြင်တွေ့လိုကြသူတွေချည်းဖြစ်ပါတယ်။ အရှေ့တောင်အာရှမှာတစ်ဆင့် အာရှ၊ အာရှမှတစ်ဆင့်ကမ္ဘာ့အဆင့်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံအဖြစ်၊ တစ်နည်းဆိုရရင် ဖွံ့ဖြိုးဆဲနိုင်ငံမှ ဖွံ့ဖြိုးပြီးနိုင်ငံအဆင့်ကို ရောက်ချင်သူတွေချည်းသာဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုရှိဖို့ဆိုရင် တည်ငြိမ်အေးချမ်းဖို့လိုပါတယ်။ တည်ငြိမ်အေးချမ်းမှုမရှိရင် ဘာအလုပ်မှအောင်မြင်မှာမဟုတ်ပါဘူး။ လက်နက်ကိုင်သောင်းကျန်းသူဆိုတာ မှန်ရာကိုပြောရရင် လက်နက်ကိုင်ပြီး စီးပွားရှာနေသူတွေသာဖြစ်ပါတယ်။ လက်နက်ကိုင်ပြီး ဒေသခံလက်နက်မဲ့သူတွေအပေါ် အနိုင်ကျင့်နေသူတွေဖြစ်ပါတယ်။ သူတို့ရဲ့ တရားဥပဒေဆိုတာ သေနတ်ပြောင်းပါပဲ။ ဒါကြောင့် ဒီကနေ့ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုတာ ရိုးသားကြိုးစားတဲ့ ပြည်သူတွေရဲ့တောင်းဆိုမှုကနေ ပေါ်လာတာဖြစ်ပါတယ်။ ခေါင်းငုံ့ခံလို့မရတော့တဲ့အနေအထားမို့ ပြည်သူ့စစ်မှုထမ်းဥပဒေကို အတည်ပြုဖို့တင်ပြလာကြတာဖြစ်ပါတယ်။ သောင်းကျန်းသူအပါအဝင်ပြည်တွင်း၊ ပြည်ပရန်သူတွေဟာ ပြည်သူတွေပါဝင်လာမှာကို အလွန်ပဲကြောက်ပါတယ်။ ဒါကြောင့် ပြည်ဖျက်မီဒီယာတွေနဲ့ အစွန်းရောက်အတွေးအခေါ် အဖျက်စိတ်ရှိသူတွေက ပြည်သူ့စစ်မှုထမ်းဥပဒေထုတ်ပြန်တဲ့အပေါ် အဆိုးမြင်စိတ်နဲ့ဝေဖန်နေတာဖြစ်ပါတယ်။ အဖျက်စိတ်နဲ့ နှောင့်ယှက်နေတာဖြစ်ပါတယ်။

စာရေးသူကတော့ရင်ထဲရှိတာရေးရရင် ပြည်သူ့စစ်မှုထမ်းဥပဒေဟာ ဒီမိုကရေစီအစိုးရတွေစတင်တဲ့အချိန်ကစလို့ ထုတ်ပြန်ရမှာလို့ မြင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲမှာ လူငယ်တွေဟာ တစ်ဖက်သတ်ဝါဒမှိုင်းတိုက်တာကိုခံရပြီး တောထဲရောက်၊ လက်နက်ကိုင်၊ ဒဏ်ရာရကြ၊ သေကြ၊ အချို့အချင်းချင်း ပြန်သတ်ကြနဲ့ လူငယ်တွေအများကြီးဆုံးရှုံးသွားခဲ့ကြတယ်။ သူတို့တွေဟာ PDF အမည်ခံအကြမ်းဖက် ဆိုတဲ့အမည်ဆိုးကြီးနဲ့သေတာတောင်လျော်ကြေးပေးမဲ့သူမရှိဘူး။ မိဘတွေအဖို့ဝမ်းနည်းစရာအဖြစ်ဆိုးကြီးပါ။

အကယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုတာ ရှိနေရင် ဒီကလေးတွေ နိုင်ငံတော်ကာကွယ်ရေးမှာ ပါဝင်နေကြမယ်။ တပ်မတော်မှာပါဝင်လာပြီဆိုကတည်းက နိုင်ငံချစ်စိတ်ရှိသွားပြီး အမှားနဲ့အမှန်ကိုမှန်ကန်စွာစဉ်းစားသုံးသပ်နိုင်အောင် တပ်မတော်လေ့ကျင့်ရေးကျောင်းတွေက စနစ်တကျသင်ပေးထားပြီးပြီ။ စစ်သည်တော်တိုင်းကျင့်ရမဲ့ ကျင့်ဝတ်ခြောက်ဆယ်ဆိုတာ နားလည်သွားရင် ပြည်သူ့အပေါ် ဘယ်လိုဆက်ဆံရမယ်ဆိုတာသိပြီ။ အခုလိုမျိုး PDF အမည်ခံအကြမ်းဖက်အဖြစ်နဲ့အပြစ်မဲ့ပြည်သူတွေ၊ သံဃာတော်တွေ၊ ဝန်ထမ်းတွေကိုသတ်မှာမဟုတ်တော့ဘူး။ လမ်းတံတားအဆောက်အအုံတွေ မိုင်းထောင်ဖောက်ခွဲလုပ်တော့မှာ မဟုတ်ဘူး။ တပ်မတော်ထဲရောက်သွားတာနဲ့ စိတ်ဓာတ်ကောင်းသွားပြီ၊ စည်းကမ်းရှိသွားပြီ၊ သစ္စာတရားကိုအလေးထားတတ်ပြီ၊ စည်းလုံးညီညွတ်မှုရှိသွားပြီး တစ်ဦးချင်းစွမ်းရည်တွေလဲ မြင့်တက်သွားပြီ။

ပြည်သူ့စစ်မှုထမ်းဥပဒေဆိုတာ နိုင်ငံတော်နဲ့နိုင်ငံသားတွေရဲ့အနာဂတ်အတွက် ကောင်းမွန်တဲ့ဥပဒေပါပဲ။ ဒီဥပဒေကို အဆိုးမြင်မျက်လုံးနဲ့ကြည့်ပြီး အဆိုးဘက်ကပြောနေသူတွေဟာ တကယ်တော့နိုင်ငံကို ချစ်တဲ့သူတွေမဟုတ်လို့ပါပဲ။ လူငယ်တွေအနေနဲ့ ဒါတွေကို နားယောင်ပြီး စစ်မှုထမ်းရမှာ ကြောက်မနေသင့်ပါဘူး။ ကြောက်စိတ်ရှိနေတာဟာ အလွန်ပဲရှက်ဖို့ကောင်းပါတယ်။ ကိုယ့်နိုင်ငံကိုယ်ကာကွယ်ရမှာ။ ဒီနေ့ပဲ သေနတ်ကိုင်ပြီး ဒီနေ့ပဲ ရှေ့တန်းထွက်ခိုင်းမှာမဟုတ်ပါဘူး။ စစ်ပညာ၊ နိုင်ငံတော်ကာကွယ်ရေးပညာတွေကို အပြည့်အဝသင်ကြားပြီးမှ တာဝန်ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ စစ်တိုက်ဖို့တစ်ခုတည်းလဲ မဟုတ်ပါဘူး။ ကွန်ပျူတာ၊ အိုင်တီကျွမ်းကျင်တဲ့သူတွေကလဲ မိမိနိုင်ငံကို ဆိုက်ဘာတိုက်ခိုက်မှုအတွက် ကာကွယ်ရမဲ့တာဝန်ရှိတယ်။ သက်ဆိုင်တဲ့၊ ကျွမ်းကျင်တဲ့ပညာရပ်တွေအလိုက် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ဖို့ အခြေခံစစ်ပညာသင်ကြားပြီး ထမ်း ဆောင်ကြရမှာဖြစ်ပါတယ်။ ဒီပညာရပ်တွေဟာ နိုင်ငံသားအားလုံး တတ်သိထားသင့်တဲ့ပညာဖြစ်ပါတယ်။ သင်စစ်မှုထမ်းဆောင်လိုက်ခြင်းမှာ သင့်ကိုယ်သင် ယောကျာ်းကောင်းတစ်ယောက်ဖြစ်ကြောင်း၊ မျိုးချစ်စိတ်ရှိသူတစ်ယောက်ဖြစ်ကြောင်း ပြသလိုက်ခြင်းပါပဲ။ အမျိုးသမီးတွေလဲ ထို့အတူပါပဲ။ ဒါပေမဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းများကိုခေါ်ဆိုတဲ့နေရာမှာ အမျိုးသမီးတွေကို လတ်တလောခေါ်ယူဖို့ အစီအစဉ်မရှိသေးကြောင်း သိရပါတယ်။ အနှစ်ချုပ်ပြောရရင် နိုင်ငံတော်နဲ့မိမိတို့အနာဂတ်အတွက် ရဲရဲရင့်ရင့်စစ်မှုထမ်းကြပါစို့။ ■

**စာမျက်နှာ ၁၇ မှအဆက်**

အချိန်မဆိုင်းဘဲ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ စစ်အင်ဂျင်နီယာတပ်ဖွဲ့အနေဖြင့် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အင်ဂျင်နီယာပိုင်းဆိုင်ရာ နည်းပညာများ၊ အတတ်ပညာများ၊ စက်၊ ယာဉ်၊ ယန္တရားများနှင့်အင်တိုက်အားတိုက် ပါဝင်ကူညီပေးလျက်ရှိကြောင်း။

၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်တွင် ဗုဒ္ဓါဘိသေကအနေကဇာတင်ပြီးစီးခဲ့ပြီး ကမ္ဘာ့အကြီးဆုံး စကျင်ကျောက်ဆစ်ရုပ်ပွားတော်ကြီး တစ်ဆူဖြစ်လာခဲ့သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်နိုင်ရေးအတွက် စစ်အင်ဂျင်နီယာတပ်ဖွဲ့က သယ်ယူပင့်ဆောင်ရေးအပိုင်းတွင် ပါဝင်ဆောင်ရွက်ခဲ့သည့်အပြင် ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်၊ တံတား၊ ဥယျာဉ်နှင့် အုပ်ချုပ်မှုအဆောက်အအုံစသည်များကို တာဝန်ယူခံရသူ ၂၄ ဦးထိ ရှိခဲ့ကြောင်း၊ ထို့ပြင် အင်ဂျင်နီယာပိုင်းဆိုင်ရာ တာဝန်များမှာ ထူးချွန်စွာ စီမံဆောင်ရွက်နိုင်ခဲ့သည့်အတွက် နိုင်ငံတော်က ပေးအပ်ချီးမြှင့်သည့် "ဂုဏ်ထူးဆောင်ဘွဲ့"ဖြစ်သည့် စည်သူဘွဲ့နှင့် ဇေယျကျော်ထင်ဘွဲ့ ချီးမြှင့်ခံရသူ တစ်ဦး၊ သီရိပျံချီဘွဲ့ချီးမြှင့်ခံရသူ တစ်ဦး၊ ဇေယျကျော်ထင်ဘွဲ့ချီးမြှင့်ခံရသူ ရှစ်ဦး၊ သိပ္ပကျော်စွာဘွဲ့ချီးမြှင့်ခံရသူ တစ်ဦး စုစုပေါင်း ၁၁ ဦးနှင့် "စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်"ဖြစ်သည့် စီမံထူးချွန်တံဆိပ်(ပထမဆင့်) ရှစ်ဦး၊ စီမံထူးချွန်တံဆိပ်(ဒုတိယဆင့်) ၁၆ ဦး၊ စီမံထူးချွန်တံဆိပ်(တတိယဆင့်) ၂၃ ဦး၊ လူမှုထူးချွန်တံဆိပ်(ဒုတိယဆင့်) တစ်ဦး၊ လူမှုထူးချွန်တံဆိပ်(တတိယဆင့်) တစ်ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ်(တတိယဆင့်) လေးဦး၊ နည်းပညာထူးချွန်တံဆိပ် (ဒုတိယဆင့်) သုံးဦး၊ နည်းပညာထူးချွန်တံဆိပ် (တတိယဆင့်) ခုနစ်ဦး စုစုပေါင်း ၆၃ ဦးထိ ထိုက်တန်စွာ ရရှိခဲ့ကြခြင်းကြောင့် **တာဝန်ယူထိန်းသိမ်းသွားကြပြီး အနာဂတ်မျိုးဆက်သစ်စစ်အင်ဂျင်နီယာ တပ်ဖွဲ့ဝင်များကို အဖိုးတန်အမွေအဖြစ်လက်ဆင့်ကမ်း ပေးအပ်သွားကြရမည်ဖြစ်**ကြောင်း၊ စစ်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များ အနေဖြင့် ချမှတ်ထားသည့် ကြွေးကြော်သံများ၊ ဆောင်ပုဒ်များအတိုင်း ကျရာတာဝန်များကို ကျေပွန်အောင် ဆက်လက်ထမ်းဆောင်သွားကြရန်လိုကြောင်း။

စစ်အင်ဂျင်နီယာ တပ်ဖွဲ့ဝင်များသည် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် အင်ဂျင်နီယာဆိုင်ရာ နည်းပညာများကို ကြိုးစားလေ့လာပြီး စွမ်းရည်ထက်မြက်သည့် တပ်ဖွဲ့တစ်ခုဖြစ်အောင် ကြိုးစားတည်ဆောက်ကြရန်မှာကြားရင်း (၇၅)နှစ်မြောက်စိန်ရတု စစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့မှသည် နောင်လာမည့်ရတုများစွာတိုင်အောင် "အင်ဂျင်နီယာ စွမ်းရည်ထက် အောင်နိုင်တိုက်ပွဲဆက်" ဆိုသည့်အတိုင်း နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထားပြုရသည့် လက်ရုံးဝန်ထမ်းတပ်ဖွဲ့ပြီး ကုသိုလ်ပြုပါဝင်တည်ဆောက်ခွင့် ရရှိခဲ့ခြင်းသည် စစ်အင်ဂျင်နီယာတပ်ဖွဲ့၏ သမိုင်းဝင်မှတ်တမ်းများပင် ဖြစ်ကြောင်း။

ထိုသို့ စွမ်းစွမ်းတမံဆောင်ရွက်မှုများကြောင့် နိုင်ငံတော်ကချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့၊ ဘွဲ့ထူးဂုဏ်ထူးဆောင်တံဆိပ် ရရှိသူများစွာရှိကြောင်း၊ တပ်ဖွဲ့နေ့အဖြစ် စတင်သတ်မှတ်ခဲ့သည့်နေ့မှ ယနေ့စိန်ရတုကာလထိ သူရမချစ်ပိုအပါအဝင် "သူရဘွဲ့" ချီးမြှင့်ခံရသူ ငါးဦး၊ "သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်" ချီးမြှင့်ခံရသူ ၁၃၆ ဦး၊ "တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်း လက်မှတ်" ချီးမြှင့်ခံရသူ ၅၇ ဦး၊"တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင် လက်မှတ်" ချီးမြှင့်ခံရသူ ၁၀၃ ဦးနှင့် "တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်လက်မှတ်" ချီးမြှင့်ခံမ်းမြောက်ဂုဏ်ယူကြောင်း။

**မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုကာလကတည်းက တပ်မတော်၏ လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုအဖြစ် ပါဝင်ခဲ့သည့် စစ်အင်ဂျင်နီယာတပ်ဖွဲ့သည် ယနေ့ဆိုပါက နိုင်ငံတကာအဆင့်မီသည့် စစ်လက်ရုံးဝန်ထမ်းတပ်ဖွဲ့ တစ်ခုအဖြစ် ဝင့်ကြွားထည်ဝါစွာ ရပ်တည်နိုင်ခဲ့ပြီဖြစ်**ကြောင်း၊ ထို့ပြင် **စစ်အင်ဂျင်နီယာတပ်ဖွဲ့အတွင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အရာရှိ၊ စစ်သည်များသည် နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသည့် တာဝန်များအပေါ် ဦးလည်မသုန်ထမ်းရွက်နိုင်ခဲ့ကြသည်ကိုလည်း ၇၅ နှစ်တာခရီးမှာအကြိမ်ကြိမ် သက်သေပြခဲ့ကြပြီးဖြစ်**ကြောင်း၊ ထို့ကြောင့် စစ်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါ **အစဉ်အလာကောင်းများကို လက်ဆင့်ကမ်း**တစ်ခုအဖြစ် ဆက်လက်ရပ်တည်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စစ်အင်ဂျင်နီယာတပ်ဖွဲ့ ညွှန်ကြားရေးမှူးက တပ်ဖွဲ့သမိုင်းအကျဉ်းချုပ်ကို ရှင်းလင်းတင်ပြပြီး(၇၅)နှစ်မြောက်စိန်ရတု စစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့ အထိမ်းအမှတ် မှတ်တမ်း Documentary Video ကို ပြသသည်။ ယင်းနောက် (၇၅)နှစ်မြောက်စိန်ရတု စစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့ ဂုဏ်ပြုသီချင်းဖြစ်သည့် "သမိုင်းတွင်သော စစ်အင်ဂျင်နီယာ" တေးသီချင်းကို စစ်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များက ဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ စစ်အင်ဂျင်နီယာတပ်ဖွဲ့ ညွှန်ကြားရေးမှူးက (၇၅)နှစ်မြောက်စိန်ရတု စစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့ အထိမ်းအမှတ်လက်ဆောင်ကို နေရာအရောက် ဂါရဝပြု ပေးအပ်သည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ စစ်အင်ဂျင်နီယာတပ်ဖွဲ့ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်နိုင်ဦးက (၇၅)နှစ်မြောက် စိန်ရတု စစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့အထိမ်းအမှတ်လက်ဆောင်ကို နေရာအရောက် ဂါရဝပြုပေးအပ်စဉ်။**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တက်ရောက်လာကြသည့် အငြိမ်းစား စစ်အင်ဂျင်နီယာတပ်ဖွဲ့ဝင် အရာရှိကြီးများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ (၇၅)နှစ်မြောက်စိန်ရတု စစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့ အထိမ်းအမှတ်ပြခန်းများအတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် (၇၅)နှစ်မြောက် စိန်ရတုစစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ (၇၅)နှစ်မြောက် စိန်ရတု စစ်အင်ဂျင်နီယာတပ်ဖွဲ့နေ့အထိမ်းအမှတ်အဖြစ် တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်စဉ်။**



**နိုင်ငံကျော်သရုပ်ဆောင် အဆိုတော် အကယ်ဒမီရန်အောင်က "မောင်တို့ချယ်ရီမြေ" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်စဉ်။**

---

**☆ ကျောဖုံးမှအဆက်**

ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပြည်နယ်နှင့် တိုင်းဒေသကြီး ဘီလီယက်နှင့်စနူကာပြိုင်ပွဲသို့ လာရောက်ယှဉ်ပြိုင်ကြသည့် အားကစား မောင်မယ်များသည် မိမိတို့ကိုယ်စားပြုယှဉ်ပြိုင်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသင်း အနိုင်ရရှိရေးအတွက် မိမိတို့၏အစွမ်းအစ၊ အရည်အသွေးများကို အစွမ်းကုန်ဖော်ထုတ်ပြသပြီး ကြိုးစားယှဉ်ပြိုင် သွားကြစေလိုကြောင်း၊ အားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် အကောင်းဆုံးပါဝင်ယှဉ်ပြိုင်သွားရန် လိုအပ်ကြောင်း၊ထို့ပြင် အားကစားသမားကောင်းများပီသစွာ သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာကြစေလိုကြောင်း၊ ယခုပြိုင်ပွဲမှတစ်ဆင့် နိုင်ငံတော်က အားထားရသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများဖြစ်လာအောင် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားရင်း ၂၀၂၃-၂၀၂၄ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘီလီယက်နှင့်စနူကာပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများကအားကစားသစ္စာအဓိဋ္ဌာန် လေးချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူတို့သည် ပြိုင်ပွဲဝင် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ပြိုင်ပွဲပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘီလီယက်နှင့်စနူကာပြိုင်ပွဲကို အလားအလာကောင်းမွန်သည့် မျိုးဆက်သစ် အားကစားသမားများပေါ်ထွက်လာစေရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အားကစားသမားများအချင်းချင်း ချစ်ခင်ရင်းနှီးမှုရရှိစေရေးနှင့် မြန်မာ့လက်ရွေးစင် အားကစားသမားများကို အထောက်အကူပြုနိုင်မည့် ထူးချွန်ထက်မြက်သည့် အားကစားသမားများပေါ်ထွက်လာစေရေးအတွက် ရည်ရွယ်၍ ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၁ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၃ သင်းနှင့် အမျိုးသမီး အသင်း ၁၀ သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ရာ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)အတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)အတွင်း လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ညီရိပ်သာ၌ ပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့်အဖွဲ့ဝင်များ၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်အတွင်းရှိ မြို့ပေါ် ဈေးသူ၊ဈေးသားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်အတွင်းရှိ မြို့ပေါ် ဈေးသူ၊ ဈေးသားများက ဂုဏ်ပြုပေးအပ်သည့် ငွေကျပ်သိန်း ၇၃၀ ကျော် တန်ဖိုးရှိ အသင့်စား စားသောက်ဖွယ်ရာများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေးအပ်ရာ တိုင်းမှူးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။



**ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် အသင့်စား စားသောက်ဖွယ်ရာများကို တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်ထံ ဂုဏ်ပြုပေးအပ်စဉ်။**

# (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အကြိမ်(၃၀)မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ



**တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စားပြု စစ်တီးဝိုင်းအသင်းကို ဆုပေးအပ်ချီးမြှင့်စဉ်။**

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

(၇၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် အကြိမ်(၃၀)မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်း ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေး နှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့် ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ တပ်မတော်အရာရှိကြီးများ၊နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်၊ ပြိုင်ပွဲကျင်းပရေးကော်မတီ ဝင်များ၊ အကဲဖြတ်အမှတ်ပေးအဖွဲ့ဝင် များ၊ ပြိုင်ပွဲဝင်စစ်တီးဝိုင်းအသင်းများ နှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

ဦးစွာ ပြိုင်ပွဲဝင်စစ်တီးဝိုင်းအဖွဲ့များ က တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းအား အလေး ပြုခြင်း၊ နိုင်ငံတော်အလံ အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်လေးချက် ရွတ်ဆိုခြင်းတို့ကို အစီအစဉ်အတိုင်း ပြုလုပ်သည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းက (၇၉)နှစ် မြောက် တပ်မတော်နေ့အထိမ်းအမှတ် အကြိမ်(၃၀)မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ (ခ)အဆင့် စစ်တီးဝိုင်းခေါင်းဆောင် ကျွမ်းကျင်မှုတွင် တတိယဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာန ချုပ်ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်း အသင်းခေါင်းဆောင်၊ ဒုတိယဆုရရှိသည့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်းခေါင်းဆောင် နှင့် ပထမဆုရရှိသည့် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်း အသင်းခေါင်းဆောင်တို့ကို ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ (က)အဆင့်တွင် စစ်တီး ဝိုင်းခေါင်းဆောင်ကျွမ်းကျင်မှု အကောင်း ဆုံးဆုရရှိသည့် စစ်တက္ကသိုလ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ (ခ)အဆင့်အသင်းလိုက် အထူးဆု - ၂ ရရှိသည့် တောင်ပိုင်းတိုင်းစစ် ဌာနချုပ်ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်း အသင်း၊အထူးဆု - ၁ ရရှိသည့် အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်း၊ တတိယဆုရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်း၊ ဒုတိယဆု ရရှိသည့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်း၊ ပထမဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအမှတ်(၁) စစ်တီးဝိုင်းအသင်း နှင့် (က)အဆင့် အသင်းလိုက် အထူးဆုရရှိ သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ကိုယ်စားပြု ရဲတီးဝိုင်းအသင်း၊ တတိယဆု ရရှိသည့် စစ်တက္ကသိုလ် ကိုယ်စားပြုစစ်တီး ဝိုင်းအသင်း၊ ဒုတိယဆုရရှိသည့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုစစ်တီးဝိုင်း အသင်းနှင့် ပထမဆုရရှိသည့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်တီးဝိုင်း အသင်းတို့ကို ဆုများအသီးသီးပေးအပ်ချီး မြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါတပ်မတော်နေ့ အထိမ်းအမှတ် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်း ပြိုင်ပွဲများကို ၁၉၉၂ ခုနှစ်မှ စတင်ကျင်းပခဲ့ ပြီး (၇၉)နှစ်မြောက်တပ်မတော်နေ့အထိမ်း အမှတ် အကြိမ်(၃၀)မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်မှစတင်၍ ကျင်းပ ပြုလုပ်ခဲ့ရာ ပြိုင်ပွဲဝင်စစ်တီးဝိုင်းအသင်း ၂၉ သင်း ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။



**(၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အကြိမ်(၃၀)မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပစဉ်။**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာ ထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့ နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူ လူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ် လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက် ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိ နားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက် ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေ ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်း နိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင် ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာ အဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင် မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော် လည်း ဖေဖော်ဝါရီ ၂၃ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြား စေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာ ပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူ လုပ်ဆောင်ခဲ့သည့် "Win NaingKyaw" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်ကျေးရွာနေ ဝင်းနိုင်ကျော် အား ည ၉ နာရီတွင် ထောက်ကြန့်နယ်မြေ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီး ထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ် များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေး ကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ် ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူ များကို ဆက်လက်ဖော်ထုတ်အရေးယူ သွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန် အပ်ပါသည်။

➤ ➤ ➤

# မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး ဆောက်လုပ်ရန် ပန္နက်တော်တင်တွင်းတော်ဝန်း မဟာမင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး ဆောက်လုပ်ရန်အတွက် ပန္နက်တော်တင် တွင်းတော်ဝန်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် စာသင်ဆောင်ဝင်းအတွင်း၌ ပြုလုပ်ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယအဓိပတိ သန်လျင်မင်းကျောင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒအမှူးပြုသော သင်ကြားဆရာတော်ကြီးများ၊ ပြည်ပနိုင်ငံအသီးသီးမှ သင်တန်းသားကိုယ်စားလှယ်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



**ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်၌ ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး ဆောက်လုပ်ရန် ပန္နက်တော်တင် တွင်းတော်ဝန်း မဟာမင်္ဂလာ အခမ်းအနား ကျင်းပစဉ်။**

ဦးစွာ မဟာမင်္ဂလာအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊သံဃာတော်များမှ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများနှင့် ပန္နက်တော်တင် တွင်းတော်ဝန်းပစ္စည်းများကို ဘွဲ့နှင်းသဘင်ခန်းမဆောင် ဆောက်လုပ်မည့် မြေဧရိယာပရိဝုဏ်၌ အရှေ့မြောက်အရပ်မှစ၍ လက်ယာရစ် ပက်ဖျန်းချည်နှောင်ထားရှိပေးသည်။ ယင်းနောက် ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းအစုစုတို့အတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ဒုတိယအဓိပတိ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြား၍ ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒက ရေစက်သွန်းချအမျှပေးဝေ ချီးမြှင့်တော်မူသည်။

ယင်းနောက် ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပန္နက်တော်များကို အမွှေးနံ့သာရည်များ ပက်ဖျန်းခြင်းနှင့် ဆရာတော်၊ သံဃာတော်များက ဇယစက္ကော အောင်ဂါထာတော်အား ရွတ်ဖတ်ပူဇော် ချီးမြှင့်ပြီး အောင်စည်တော် ကိုးချက်တီးကာ ခရုသင်း ကိုးကြိမ်မှုတ်၍ ပူဇော်ကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနား အောင်မြင်စွာ ရုပ်သိမ်းခဲ့ပြီး ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

# မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော် (၆၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် စာရေးတံမဲနှင့် ဆွမ်းတော်ကြီးလောင်းလှူပွဲ ကျင်းပ


**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်၏ (၆၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် စာရေးတံမဲနှင့် ဆွမ်းတော်ကြီးလောင်းလှူပွဲ အခမ်းအနားကို ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိရုပ်ရှင်တော်ရင်ပြင်တော်၌ ပြုလုပ်ရာ တောင်ထီးလင်းတိုက် သဲကုန်းကျောင်း မဟာမုနိရုပ်ရှင်တော် ရေတော်ဆရာတော် ဘဒ္ဒန္တဉက္ကဋ္ဌ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ မဟာမုနိဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဘုရားဖူးပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့တာဝန်ရှိသူများနှင့် အလှူရှင်များက ရေတော်ဆရာတော် ဘဒ္ဒန္တဉက္ကဋ္ဌ အမှူးပြုသော သံဃာတော် ၁၁၁ ပါးတို့ကို ဆွမ်း၊ ဆွမ်းဟင်းသပိတ်၊ လှူဖွယ်ပစ္စည်းများနှင့် စာရေးတံမဲများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ သမိုင်းဝင်မဟာရွှေမြင်တင် စေတီတော်မြတ်ကြီး၌ ဗုဒ္ဓပူဇနိယပွဲတော်၊ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲနှင့် သံဃဒါနဆွမ်းလောင်းလှူပွဲများ ကျင်းပခဲ့ကြောင်းနှင့် ယနေ့ တပို့တွဲလပြည့်နေ့ဖြစ်သည်နှင့်အညီ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သတင်းရရှိသည်။

**မန္တလေးမြို့ မဟာမုနိ ရုပ်ရှင်တော် (၆၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ပွဲတော် စာရေးတံမဲနှင့် ဆွမ်းတော်ကြီး လောင်းလှူပွဲ ကျင်းပစဉ်။**



# မှော်ဘီမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**သံဃာတော်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် သန္ဓေပင်ကျေးရွာအုပ်စု ထိန်စွန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ထိန်စွန်းကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ ဖျားနာရောဂါ၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆိုင်ရာရောဂါနှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင် ရပ်ကွက် ရွှေကျင်ကျောင်းတိုက်ရှိ ဆရာတော်၊သံဃာတော်များအား ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ဆရာတော်၊ သံဃာတော် ၁၅၂ ပါးတို့ကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေပေးခြင်း၊ ဆီးချိုသွေးချို စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ် ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# မြန်မာပြည်သူလူထုကို စိုးရိမ်ထိတ်လန့်စေရန်လုပ်ဆောင်နေသည့် ပြည်ဖျက်မီဒီယာများအကြောင်းနှင့် ၎င်းတို့၏ လတ်တလောလုပ်နည်းလုပ်ဟန်များအကြောင်းကို မိဘပြည်သူများ ပိုမိုသိရှိသတိပြုနိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်




အားလုံးမင်္ဂလာပါဗျာ။ဒီနေ့မှာတော့ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့မြန်မာပြည်သူလူထုကို စိုးရိမ်ထိတ်လန့်အောင်လုပ်နေတဲ့ ပြည်ဖျက်မီဒီယာတွေရဲ့အကြောင်းနဲ့လတ်တလောလုပ်နည်းလုပ်ဟန်များအကြောင်းကို ကျွန်တော်တို့မိဘပြည်သူများ ပိုမိုသိရှိသတိပြုနိုင်ဖို့ တင်ပြလိုပါတယ်။ ပထမဦးစွာဖြစ်ပေါ်နေတဲ့ တိုက်ပွဲများအကြောင်း၊ တိုက်ပွဲများအကြောင်းနဲ့ပတ်သက်ပြီးတော့ ရေးသားနေတာတွေရှိပါလိမ့်မယ်။ ပြည်ဖျက်မီဒီယာတွေကလည်း အမျိုးမျိုးပညာရှင်အမည်ခံ သုံးသပ်နေတဲ့သူတွေလည်း တွေ့ရပါလိမ့်မယ်။ ဒီနေရာမှာ တပ်မတော်အနေနဲ့ လတ်တလောဘယ်လောက်ကျသွားပြီတို့၊ ဘယ်လောက်သေသွားပြီတို့ ဒါမျိုးတွေဦးစားပေးထုတ်လွှင့်နေတာဖြစ်ပါတယ်။ဒါ့ပြင် ပြည်သူလူထုကိုတစ်ဖက်လှည့်နဲ့ ခြိမ်းခြောက်တဲ့အနေနဲ့ ဘယ်နေရာကိုတော့ သိမ်းလိုက်ပြီ ဘယ်နေရာကိုတော့ ဆက်ပြီးလုပ်မယ်ဆိုတဲ့ဟာမျိုးတွေ ဆောင်ရွက်နေတာရှိပါတယ်။ ဒီနေရာမှာ ကျွန်တော်တစ်ခါပြောကြားခဲ့ဖူးပါတယ်။ ဘယ်သူတွေပဲသေသေ ဘယ်သူတွေပဲဒဏ်ရာရရ ပြည်ပမှာနေတဲ့သူတွေ၊ ပြည်ပနိုင်ငံတွေက နိုင်ငံသားတွေဒဏ်ရာရတာမဟုတ်ဘူး။ သေကျေပျက်စီးတာမဟုတ်ပါဘူး။ ဝုဏ်ယူစရာမရှိပါဘူး။ကျွန်တော်တို့မြန်မာနိုင်ငံသားတွေပဲ သေကျေပျက်စီးဒဏ်ရာရတာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်မေးခွန်းထုတ်လိုတာက ပြည်ဖျက် NUG၊ CRPHအဖွဲ့တွေရဲ့ မြှောက်ပင့်ပေးမှုကြောင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့ထဲကိုရောက်သွားတဲ့ ကျွန်တော်တို့ရဲ့ လူငယ်လူရွယ်တွေဘယ်လောက်ထိသေခဲ့ကြပြီလဲ။ ဘယ်လောက်ထိဘဝပျက်ခဲ့ကြပြီလဲ။ NUG၊ CRPH အမည်ခံအကြမ်းဖက်အဖွဲ့တွေရဲ့ မြှောက်ပင့်ပေးမှုကြောင့် လက်နက်ကိုင်ပြီး ဒီမိုကရေစီနည်းလမ်းမကျစွာ သောင်းကျန်းသူလုပ်နေတဲ့ လူငယ်လူရွယ်တွေ၊ ဝင်သွားတဲ့လူငယ်လူရွယ်တွေထဲကဘယ်လူငယ်လူရွယ်တွေနဲ့ မိဘပြည်သူများအဆက်အသွယ်ရရှိပါသလဲ။ သူတို့ဘယ်လောက်ထိ စိတ်ချမ်းသာစွာနေရတယ်။ဘယ်လောက်ထိ လုံခြုံစိတ်ချစွာနေရတယ်ဆိုတဲ့ အဖြေမျိုးကို ဘယ်သူကတိတိကျကျများ ထုတ်ပေးနိုင်ပါသလဲ။ ဒါကိုပထမဦးဆုံးသတိချပ်ရမှာဖြစ်ပါတယ်။သူတို့အနေနဲ့အကြောက်ဆုံးကတော့ မြန်မာတွေစုစည်းညီညွတ်သွားမှာ။ သူတို့ရဲ့အခြေအနေတွေကို အဖြစ်မှန်အတိုင်းပြည်သူသိသွားမှာကို စိုးရိမ်ဆုံးပါပဲ။ ဒါ့ကြောင့် ကောလာဟလအမျိုးမျိုးထုတ်လွှင့်ပြီးတော့ လိမ်လည်နေတာဖြစ်ပါတယ်။လက်တွေ့ဟုတ်မဟုတ်ဆန်းစစ်ကြည့်လိုက်ပါ။ မြှောက်ပင့်ပေးလို့ တောထဲရောက်သွားတဲ့လူငယ်တွေနဲ့ မိဘပြည်သူတွေဘယ်လောက်များအဆက်အသွယ်ရပြီးပါပြီလဲ။ ဘယ်သူတွေကလုံခြုံစိတ်ချ၊ ကျန်းမာကောင်းမွန်စွာနေရပါတယ်လို့ အာမခံချက်ပေးနိုင်တာရှိပါပြီလဲ။

နောက်တစ်ခုကတော့ ဒီပြည်သူ့စစ်မှုထမ်းဥပဒေကိုစတင်ပြီး အာဏာတည်ဖို့ပြဋ္ဌာန်းလိုက်တဲ့အချိန်မှာ ဒီပြည်ဖျက်မီဒီယာတွေ၊ အကြမ်းဖက်အဖွဲ့တွေအနေနဲ့ အားလုံးလူငယ်တိုင်းပဲ၊ အခုလောလောဆယ်ပဲ၊ အခုချက်ချင်းပဲတပ်ထဲဝင်ရမလို ချက်ချင်းပဲစစ်ဆင်ရေးတာဝန်ထမ်းဆောင်ရမလို ဒါတွေနဲ့ခြောက်လှန့်ခဲ့တာရှိပါတယ်။ဒါတွေနဲ့ပတ်သက်ပြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့၊ သက်ဆိုင်ရာအဖွဲ့တွေအနေနဲ့ သတင်းထုတ်ပြန်ရေးအဖွဲ့တွေဖွဲ့စည်းတယ်။ ပြန်ကြားပေးဖို့အတွက် ဖုန်းနံပါတ်တွေပေးပြီး ပြည်သူလူထုနဲ့ တိုက်ရိုက်ထိတွေ့ဖြေရှင်းတဲ့အခါမှာ ဒါတွေသည် မဟုတ်ဘူး။ အလှည့်ကျဆောင်ရွက်ရမယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုဘာကြောင့် တာဝန်ယူခိုင်းတာဖြစ်တယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ဘာကြောင့်ဆောင်ရွက်ခိုင်းတာဖြစ်တယ်ဆိုတဲ့အဖြေမျိုးပြည်သူလူထုဆီကိုရောက်သွားတဲ့အခါမှာ အခုအချိန်မှာတစ်မျိုးပြောင်းပြီးတော့ကျ ပြည်သူလူထုကို စိုးရိမ်ထိတ်လန့်မှုဖြစ်အောင်လုပ်နေပါတယ်။ ဒီဟာတွေကတော့ လူငယ်တွေဘယ်နေရာမှာ ပျောက်သွားတယ်တို့၊ ဘယ်နေရာမှာဖမ်းဆီးခံရတယ်တို့၊ ဘယ်နေရာမှာအတင်းအဓမ္မစစ်သားစုဆောင်းနေပြီတို့၊ ဘယ်နေရာမှာ ပေါ်တာဆွဲနေပြီဆိုတဲ့ ကောလာဟလထုတ်လွှင့်ချက်များဆက်တိုက်ဖြစ်ပေါ်လာတာကို တွေ့ရပါတယ်။ အခြေအမြစ်မရှိတဲ့ဟာတွေပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှင်းရှင်းလင်းလင်းပြောကြားချင်တာက ဘယ်နေရာမှာနာမည်ဘယ်သူ၊ ဘယ်အဖွဲ့အစည်းကလုပ်ခဲ့တယ်။ ဘယ်နေရာမှာနာမည်ဘယ်သူနဲ့ လူငယ်တွေပျောက်ဆုံးနေတယ်။ ဘယ်နေရာမှာနာမည်ဘယ်သူနဲ့ လူငယ်အဖွဲ့တွေကို ပေါ်တာဆွဲသွားတယ်ဆိုတာသိရရင်၊ သတင်းတိကျတယ်ဆိုရင် ကျွန်တော်တို့ပေးထားတဲ့ဖုန်းနံပါတ်များရှိပါတယ်။ အချိန်မရွေးဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ကလည်း ပြည်သူလူထုရဲ့လူမှုစီးပွားဘဝလုံခြုံရေး၊ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးအင်အားများတောင့်တင်းစေရေးအတွက် ဆောင်ရွက်နေတာပဲဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အချိန်မှာ ဒီခြိမ်းခြောက်မှုတွေ၊ ဒီစိုးရိမ်ထိတ်လန့်အောင်ဆောင်ရွက်မှုတွေ ကောလာဟလထုတ်လွှင့်မှုတွေကတော့ ဒီပြည်ဖျက်မီဒီယာတွေ၊ NUG၊ CRPH အမည်ခံအကြမ်းဖက်အဖွဲ့တွေအနေနဲ့ ဆက်လက်ဆောင်ရွက်နေဦးမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ယခင်ကပြောခဲ့သလို သူတို့အကြောက်ဆုံးက မြန်မာတွေစုစည်းသွားမှာသိပ်ကြောက်တယ်။ အဖြစ်မှန်ကိုပြည်သူတွေသိသွားမှာ သိပ်ကြောက်တယ်။ ဒါ့ကြောင့်မလို့ ကောလာဟလလှိုင်းလုံး တစ်လုံးပြီး တစ်လုံးနဲ့ ဆောင်ရွက်နေမှာဖြစ်ပါတယ်။ ကောလာဟလအနေနဲ့ ပတ်သက်ပြီး ပြည်သူလူထုအနေနဲ့ မေးမြန်းစုံစမ်းနိုင်ပါတယ်။ အချိန်မရွေးတိုင်ကြားနိုင်ပါတယ်။ ကျွန်တော်ထပ်အာမခံတာက အချိန်မရွေးတိုင်ကြားနိုင်တယ်။ ပြောနိုင်တယ်လို့ ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။ ကျွန်တော်တို့ မိဘပြည်သူများအနေနဲ့ ဒီသတင်းခေတ်မှာ ကောလာဟလလှိုင်းလုံးတွေစိုးရိမ်ထိတ်လန့်အောင် လုပ်ကြံဖန်တီးဆောင်ရွက်နေတဲ့ မီဒီယာများရဲ့ဆောင်ရွက်ချက်များ၊ NUG၊ CRPHအမည်ခံအကြမ်းဖက်အဖွဲ့များ၊ အချို့သော EAOs များရဲ့ ခြောက်လှန့်မှုများအပေါ်မှာ အားလုံးသည် မိမိရဲ့အသိဉာဏ်၊မိမိရဲ့သတင်းအပေါ်မှာ ချင့်ချိန်နိုင်တဲ့ဉာဏ်တွေနဲ့ဆောင်ရွက်ပြီးတော့ အားလုံးစည်းလုံးညီညွတ်ကြပါစို့လို့ ပြောကြားလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

# ညောင်ဦးမြို့အတွင်း ခရီးစဉ်ဒေသအသစ်များဖော်ဆောင်နိုင်ရေးအတွက် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယနေ့နံနက်ပိုင်းတွင် ညောင်ဦးမြို့အနီးရှိ သဲပြင်တောကျေးရွာသို့ သွားရောက်ပြီး အဆိုပါကျေးရွာရှိ ရှေးနှစ်ပေါင်း ၁၅၀ ခန့်က တည်ထားခဲ့သော ရှေးဟောင်းဘုန်းကြီးကျောင်း(ရုပ်စုံကျောင်း)၊ ကျေးရွာသဘာဝအလှအပများနှင့် နေဝင်ချိန်ရှုခင်းအလှအပများကို ကြည့်ရှုခံစားနိုင်သည့် ရွှေနတ်တောင်ပေါ်သို့ သွားရောက်ကြည့်ရှုခဲ့ပြီး လူထုအခြေပြုခရီးသွားလုပ်ငန်း(Community Based Tourism-CBT) ခရီးစဉ်ဒေသအသစ် ဖော်ဆောင်နိုင်ရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ညောင်ဦးမြို့၏အရှေ့တောင်ဘက်ရှိ ဇီးအိုကျေးရွာသို့သွားရောက်ကာ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များစိတ်ဝင်စားစွာလာရောက်လည်ပတ်လေ့ရှိသော နှစ်ပေါင်း ၉၀၀ ခန့်သက်တမ်းရှိသော မန်ကျည်းပင်ကိုးခွနှင့် အင်ကြင်းတောများကို လှည့်လည်ကြည့်ရှုပြီး ကျေးရွာ၏အထင်ကရဖြစ်သော မန်ကျည်းပင်ကြီးနှင့်အင်ကြင်းတောကို သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးမှုမရှိအောင် ဒေသခံများနှင့် ဒေသအာဏာပိုင်များက ဝိုင်းဝန်းထိန်းသိမ်းကြရန် ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ပလင်းကမ်းသာယာဆင်စခန်းသို့သွားရောက်ကာ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ခရီးသွားဧည့်သည်များ ဘေးအန္တရာယ်ကင်းရှင်း လုံခြုံစိတ်ချစွာ လာရောက်လည်ပတ်၍ အပန်းဖြေနားနေနိုင်ရေးပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါဆင်စခန်းတွင် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များအတွက် ဆင်များကို အနီးကပ်ထိတွေ့ကြည့်ရှုနိုင်ပြီး ကိုယ်တိုင်အစာကျွေးနိုင်ခြင်း၊ အမှတ်တရမှတ်တမ်းဓာတ်ပုံများရိုက်ကူးနိုင်ခြင်း၊ ဆင်များကို မြစ်အတွင်း ကိုယ်တိုင်ရေချိုးပေးနိုင်ခြင်း၊



ဆင်နှင့်ပတ်သက်သည့်စာအုပ်စာတမ်းများကို အခမဲ့ဖတ်ရှုလေ့လာနိုင်ခြင်း၊ ဆင်စီးပြီး ဧရာဝတီမြစ်၏ အလှနှင့် ညနေခင်းကို ကြည့်ရှုနိုင်ခြင်း၊ရှုခင်းကြည့်တဲတားများပေါ်တွင် အပန်းဖြေနားနေနိုင်ခြင်း၊ ဆင်များ၏ သရုပ်ပြသမှုကို ကြည့်ရှုနိုင်ခြင်းနှင့် ဆင်ပြတိုက်သို့ လေ့လာကြည့်ရှုနိုင်ခြင်းစသည်တို့ကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ပုဂံမြို့ Aureum Palace Hotel & Resort ရှိ နန်းမြင့်မျှော်စင်သို့သွားရောက်ကာ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်နိုင်ရန်ပြင်ဆင်ဆောင်ရွက်ထားမှု၊ နန်းမြင့်မျှော်စင်ပေါ်မှ ပုဂံဒေသ၏ ဘုရားစေတီပုထိုးများနှင့်သဘာဝရှုခင်းအလှအပများ၊နေထွက်ချိန်နှင့် နေဝင်ချိန်အလှအပများကိုကြည့်ရှုခံစားနိုင်အောင်ဆောင်ရွက်ထားမှုအခြေအနေများအား လှည့်လည်ကြည့်ရှုကာလိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ အပိုင်း(၁)




အားလုံးပဲမင်္ဂလာပါရှင်၊ ကျွန်မကတော့ တပ်မတော်မှာ လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ ဗိုလ်ကြီးဒေါ်အေးသဥ္ဇာကျော် ဖြစ်ပါတယ်။ ဖေဖော်ဝါရီလ ၁၀ ရက်နေ့ စတင်အာဏာတည်ကြောင်း ထုတ်ပြန်ပြဋ္ဌာန်းခဲ့တဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ ပတ်သက်ပြီးတော့ ပြောကြားလိုပါတယ်။

ဒီပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်ကြောင်း စတင်ထုတ်ပြန်လိုက်တဲ့နေ့ကစပြီး ကျွန်မတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အတွင်းမှာရှိတဲ့ နိုင်ငံသူ၊ နိုင်ငံသားထဲမှာ တချို့တွေထဲက ဒီကိစ္စနဲ့ပတ်သက်ပြီး စိတ်ဝင်စားတဲ့သူတွေ ရှိသလို၊ တချို့ကသူတို့က စိုးရိမ်မှုတွေ ဖြစ်ကြတာလည်းရှိကြပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ကျွန်မပြောချင်တာကတော့ တချို့ကဒီကိစ္စကို ပြည်သူ့စစ်မှုထမ်းဥပဒေပေါ်ထွန်းလာပြီဆိုတာနဲ့ တချို့က ထဲထဲဝင်ဝင်လေ့လာကြတယ်။ တချို့ကျတော့လည်း ကိုယ်လိုရာဆွဲပြီး ကောက်ချက်ချရေးသားထားတဲ့၊ တင်ဆက်ထားတဲ့ မီဒီယာတွေက ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်းကိုနားယောင်ပြီးတော့ သူတို့မှာ စိုးရိမ်မှုတွေဖြစ်ကြတာရှိပါတယ်။ ကျွန်မအကြံပြုလိုတာတစ်ခုကတော့ အခုလက်ရှိကာလမှာ နည်းပညာတိုးတက်ထွန်းကားနေပြီဖြစ်ပါတယ်။ ဒီ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုတာကို ဆိုရှယ်မီဒီယာပလက်ဖောင်းကနေပြီးတော့ အလွယ်တကူ Download ဆွဲရယူနိုင်ပါတယ်။ ဒီအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကို ထဲထဲဝင်ဝင် ကိုယ်တိုင်လေ့လာကြည့်ဖို့ တိုက်တွန်းလိုပါတယ်။ ဒီလိုထဲထဲဝင်ဝင်လေ့လာကြည့်ဖို့အတွက် အချိန်မရဘူး၊ အချိန်မပေးနိုင်ဘူး၊ အခွင့်အရေးနည်းတယ်ဆိုရင်လည်း ဒီပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ပတ်သက်ပြီးတော့ တကယ်ကိုအပြုသဘောနဲ့ရေးသားထားတဲ့ စာတွေ၊ စကားဝိုင်းတွေ၊ နိုင်ငံတော်အစိုးရဘက်က တရားဝင်ထုတ်ပြန်ထားတဲ့ သတင်းမီဒီယာတွေကနေတစ်ဆင့် ဒီကိစ္စတွေကို သေသေချာချာထဲထဲဝင်ဝင် နားလည်နိုင်အောင် မိမိကိုယ်တိုင်လေ့လာဖို့လိုပါတယ်။ ကျွန်မဆိုလိုချင်တာက တခြားသူအပြောနဲ့လည်း ယုံစားလို့မရပါဘူး။ မိမိကိုယ်တိုင်ဆုံးဖြတ်ဖို့အတွက်ဖြစ်ပါတယ်။ ပြီးတော့ ပြောချင်တာက ပြည်သူ့စစ်မှုထမ်းဥပဒေဆိုတာက ခုချက်ချင်းရေးဆွဲ၊ ခုချက်ချင်းပြဋ္ဌာန်းလိုက်တဲ့ ဥပဒေလည်းမဟုတ်ပါဘူး။ လွန်ခဲ့တဲ့ ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလလောက်ကတည်းက ဒီဥပဒေကို ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ဒါပေမဲ့ ဒီနေ့ မြန်မာနိုင်ငံတော်ရဲ့အခြေအနေအရ ဒီဥပဒေကိုအာဏာတည်ကြောင်း ထုတ်ပြန်ဖို့လိုအပ်လာပြီဖြစ်တဲ့အတွက် အခုလို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကနေပြီးတော့ အာဏာတည်ကြောင်း ထုတ်ပြန်လာခဲ့တာဖြစ်ပါတယ်။ ဒီ ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ပတ်သက်ပြီးတော့ ကျွန်မတို့ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေက ဒါနဲ့ အကျွမ်းတဝင်မရှိကြပါဘူး။ အရင်ကလည်း လုပ်လေ့လုပ်ထရှိတဲ့ကိစ္စတစ်ခုမဟုတ်တဲ့အတွက် သူတို့မှာ အထူးအဆန်းဖြစ်ရတာမျိုးတော့ရှိပါတယ်။ ဒါပေမဲ့ ကျွန်မတို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်တယ်။ ကိုယ့်နိုင်ငံတာဝန်ကို ကိုယ်ကျေပွန်အောင် ထမ်းဆောင်ရမယ်လို့ နားလည်လက်ခံထားလိုက်မယ်ဆိုရင် ဒီကိစ္စက အရမ်းထူးဆန်းတဲ့ကိစ္စမဟုတ်တော့ပါဘူး။ ကျွန်မတို့နိုင်ငံက ဒီ ၂၀၂၄ ခုနှစ်မှ ပြည်သူ့စစ်မှုထမ်းဥပဒေကို စတင်ကျင့်သုံးပြဋ္ဌာန်းတာဖြစ်ပါတယ်။ ဒါပေမဲ့ ကမ္ဘာပေါ်မှာ ပြည်သူ့စစ်မှုထမ်းဥပဒေကို ကျင့်သုံးနေတဲ့နိုင်ငံတွေ အများကြီးရှိပါတယ်။ ဒီနိုင်ငံတွေထဲကမှ တောင်ကိုရီးယားနိုင်ငံရဲ့အကြောင်းကို တင်ပြချင်ပါတယ်။ တောင်ကိုရီးယားနိုင်ငံဆိုရင် ကျွန်မတို့ ငယ်ငယ်ကတည်းက ဇာတ်လမ်းတွဲတွေနဲ့ ဖမ်းစားနိုင်ခဲ့တဲ့နိုင်ငံတစ်ခုပဲဖြစ်ပါတယ်။ ကျွန်မတို့ငယ်ငယ်တုန်းက မီခဲ့တဲ့ဇာတ်လမ်းတွဲဆိုရင် ချစ်သူ့အတွက်ဟင်းတစ်မယ်တို့၊ ဆောင်းဦးရွက်ကြွေချစ်သက်သေတို့ပေါ့။ ဒီလိုဇာတ်ကားလေးတွေနဲ့ ကျွန်မတို့ကြီးပြင်းခဲ့ရတာပါ။ ဒီကမှတစ်ဆင့် နည်းပညာတွေတိုးတက်လာချိန်မှာတော့ တီဗွီကပြတာကိုပဲ ထိုင်စောင့်ကြည့်ရတာမျိုးမဟုတ်ဘဲနဲ့ ကိုယ်ကြိုက်နှစ်သက်ရာ မင်းသမီး၊ မင်းသားတွေကို သူတို့သရုပ်ဆောင်ထားတဲ့ကားတွေကို ရွေးချယ်ကြည့်ရှုနိုင်တဲ့အချိန်ကာလတွေကိုလည်း ကျွန်မတို့ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။ ဒီတော့ကျွန်မတို့ဘာလုပ်လဲ ကိုရီးယားဇာတ်ကားတွေကြည့်တယ်။ ကိုရီးယားဇာတ်ကားတွေမှာ ကိုယ်ကြိုက်တဲ့ မင်းသမီး၊ မင်းသားကားတွေကို အရင်ရွေးကြည့်တယ်။ အကယ်လို့ ကိုယ်ကြိုက်တဲ့မင်းသားပေါ့ သူတို့ဇာတ်ကားတွေ ကျဲသွားတယ် ဘာကြောင့်မရိုက်တော့တာလဲဆိုရင် ကျွန်မတို့က သူတို့နဲ့သက်ဆိုင်တဲ့ အေဂျင်စီတွေ သူတို့နဲ့ ပတ်သက်ပြီးတော့ပေါ့နော် တရားဝင် Facebook တို့၊ Instagram တို့ပေါ့နော်။ ကျွန်မတို့ ဒါတွေကိုလိုက်ပြီးတော့ ရှာကြည့်တယ်။ သူတို့ဘာကြောင့် ပျောက်သွားလဲပေါ့။ ဒီချိန်မှာမှ သူတို့ ကိုရီးယားမှာလည်း စစ်မှုထမ်းဆောင်ခြင်းဆိုတဲ့ ဥပဒေရှိတယ်ပေါ့နော်။ ပြည်သူ့စစ်မှုထမ်းဆောင်တဲ့အတွက် ဒီလိုအချိန်မှာ TV ဖန်သားပြင်ပေါ်က ပျောက်ကွယ်သွားရပါလားဆိုတာကို ကျွန်မတို့ သိရှိလာခဲ့ရပါတယ်။ အဲဒီတော့ ကျွန်မတို့ တောင်ကိုရီးယားနိုင်ငံရဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်းကို အနည်းငယ်မျှ ကျွန်မနဲ့အတူ လေ့လာကြည့်လိုက်ကြရအောင်။

တောင်ကိုရီးယားနိုင်ငံက ပြည်သူ့စစ်မှုထမ်းဥပဒေကို သူအသုံးပြုခဲ့တာက ၁၉၄၉ ခုနှစ်က စပြီးတော့ အသုံးပြုခဲ့တာဖြစ်ပါတယ်။ ဒီအသက်ကာလ အပိုင်းအခြားအရဆိုရင် ၁၉ နှစ်ကနေပြီးတော့ ၃၅ နှစ်အတွင်းမှာရှိတဲ့ အမျိုးသားလူငယ်တွေဟာ ဒီပြည်သူ့စစ်မှုထမ်းဥပဒေမှာ မပါဝင်မနေရ တာဝန်ထမ်းဆောင်ရမှာဖြစ်ပါတယ်။ တချို့ ၁၈ နှစ်ပြည့်ပြီးတဲ့သူတွေကလည်း ဆန္ဒပြုတယ်ဆိုရင် ၁၈ နှစ်ကတည်းက စတင်တာဝန်ထမ်းဆောင်လို့ရပါတယ်။ ခြွင်းချက်အနေနဲ့ကတော့ ကျန်းမာရေးအရ စစ်မှုထမ်းဖို့ အသင့်မဖြစ်သူတွေ၊ စစ်မှုထမ်းဖို့အဆင့်မရှိတဲ့ ကျန်းမာရေးရှိတဲ့သူတွေ၊ နောက်တစ်ခုကတော့ ဒီကိုယ်လက်အင်္ဂါချို့ယွင်းနေတဲ့သူတွေ သူတို့တွေကတော့ စစ်မှုထမ်းခြင်းကနေပြီးတော့ ကင်းလွတ်ခွင့်ရကြပါတယ်။ စစ်မှုထမ်းရတဲ့ကာလတွေကတော့ တောင်ကိုရီးယားနိုင်ငံမှာ သူတို့မှာလည်း ကြည်း၊ ရေ၊ လေ ဆိုတာရှိတယ်ပေါ့နော်။ ကြည်း၊ ရေ၊ လေ ဆိုတာရှိတဲ့အတွက် ဒီတောင်ကိုရီးယားနိုင်ငံရဲ့ ကြည်းတပ်နဲ့ မရိန်းတပ်ကတော့ သူက လပေါင်းအားဖြင့်ဆိုရင် ၁၈ လပေါ့ရှင်။ ၁၈ လ သူက တာဝန်ထမ်းဆောင်ရပါတယ်။ ရေတပ်က လ ၂၀ တာဝန်ထမ်းဆောင်ရတယ်။ လေတပ်ဆိုရင်တော့ ၂၁ လ တာဝန်ထမ်းဆောင်ရပါတယ်။ အခြေခံသင်တန်း တက်ရောက်မှုအနေနဲ့ ပတ်သက်ပြီး ပြောပြရမယ်ဆိုရင်တော့ ဒီသင်တန်းကို ကျွန်မတို့က ပြည်သူ့စစ်မှုထမ်းမယ်ဆိုတာနဲ့ သင်တန်း ၅ ပတ်တိတိ တက်ရပါတယ်။ သင်တန်း ၅ ပတ်စဆင်းတဲ့နေ့ကနေပြီးတော့ ၂ လပြည့်တဲ့နေ့မှာ တပ်သားရာထူးကိုရပါတယ်။ ပြီးတော့ ဒုတိယပေါ့ နောက် ၆ လပြည့်တဲ့အခါကျတော့ ဒုတိယတပ်ကြပ်ရပါတယ်။ တတိယ ၆ လပြည့်သွားတဲ့အချိန်မှာဆိုရင် သူတို့က တပ်ကြပ်ရပါတယ်။ စတုတ္ထ ၄ လပြည့်သွားတဲ့အချိန်ဆိုရင်တော့ သူက တပ်ကြပ်ကြီးရရှိမှာဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီး သူတို့မှာ သူတို့ရဲ့အဆင့်သတ်မှတ်ချက်တွေပေါ့နော်။ အဆင့်သတ်မှတ်ချက်တွေကျတော့ ဘယ်လိုသတ်မှတ်လဲဆိုရင် အရည်အချင်းနဲ့ သတ်မှတ်တာတော့ မဟုတ်ဘူးရှင့်။ သူတို့မှာက ဝင်တဲ့အချိန်နဲ့ သတ်မှတ်သွားတာပေါ့နော်။ ဒီအရည်အချင်းနဲ့ သတ်မှတ်သွားတာ မဟုတ်ဘူး။ ခုနက ကျွန်မပြောခဲ့သလိုပဲ ပထမ ၂ လမှာ သင်တန်းတက်ပြီးလို့ နောက် ၂ လ အကြာမှာ တပ်သား၊ နောက် ၆ လကြာတာနဲ့ ဒုတပ်ကြပ်၊ နောက် ၆ လကြာတာနဲ့ တပ်ကြပ်၊ နောက် ၄ လကြာတာနဲ့ တပ်ကြပ်ကြီး။ ဒီလိုမျိုးနဲ့ပဲသွားတာဖြစ်ပါတယ်။ သူတို့ဆီမှာတော့ အရည်အချင်းနဲ့ သွားတာတော့ မဟုတ်ဘူးရှင့်။ အချိန်ကာလနဲ့ပဲ အကုန်လုံးကိုသတ်မှတ်သွားတာဖြစ်ပါတယ်။ ဒီလို ကြည်း၊ ရေ၊ လေ စစ်မှုထမ်းဆောင်တဲ့ကာလတွေ ပြီးဆုံးသွားပြီဆိုရင်တော့ ကျွန်မတို့က အရန်အင်အားအဖြစ် (၈) နှစ် တာဝန်ထမ်းဆောင်ရပါသေးတယ်။ ဒီအရန်တပ်ဖွဲ့နှစ်ခုက ဘာတွေလဲဆိုရင် စစ်ဆင်မှုအရန်တပ်ဖွဲ့ပေါ့ Mobilization Reserves Forces နဲ့ နိုင်ငံတော်လုံခြုံရေးအရန်တပ်ဖွဲ့ Homeland Reserves Forces မှာ ၄ နှစ်စီဆိုတော့ ၈ နှစ်ပေါ့။ အဲဒီ ၈ နှစ်မှာ တစ်နှစ်ကို တစ်ကြိမ်ပေါ့ တစ်ကြိမ်မှာ နှစ်ညအိပ်သုံးရက်ခရီးနဲ့ လာပြီးတော့ စစ်ပညာတွေ ပြန်လည်မွမ်းမံခြင်း၊ ပြန်လည်သင်ကြားပေးခြင်းတွေကို သူတို့ လုပ်ဆောင်ရတာဖြစ်ပါတယ်။ ဘာလို့ ဒီလိုအရန်တပ်ဖွဲ့အနေနဲ့ ဒီလိုမျိုး ၈ နှစ်အထိ တာဝန်ရှိနေသေးလဲဆိုရင် တောင်ကိုရီးယားနိုင်ငံရဲ့ စစ်ဆင်ရေးကိစ္စတစ်ခုခု ကြုံလာပြီဆိုရင် ဒီအရန်အင်အားဖြစ်တဲ့ သူတို့တွေကလည်း ပြန်လည်ပြီးတော့ စစ်မှုထမ်းဆောင်ရမှာဖြစ်ပါတယ်။ ဒီလို အချိန်မျိုးမှာ စစ်ပညာနဲ့ အလှမ်းဝေးမနေအောင်၊ စစ်ပညာနဲ့ဝေးကွာမသွားအောင်လို့ တစ်နှစ်ကိုတစ်ခါဒီလို Training ပေးတာ၊ မွမ်းမံတာတွေ လုပ်ပေးနေတာဖြစ်ပါတယ်။ တာဝန်ပေးအပ်တဲ့အနေနဲ့ကတော့ စစ်မှုထမ်းအင်အားစီမံအုပ်ချုပ်ရေးအေဂျင်စီနဲ့ သူတို့ဆီက စစ်ရေးချုပ်ရုံးနဲ့ ပူးပေါင်းပြီးတော့ တောင်ကိုရီးယားနိုင်ငံမှာရှိတဲ့ သတ်မှတ်တဲ့တပ်များအလိုက် အမြဲတမ်းတပ်ဖွဲ့ဝင်တွေနဲ့ အချိုးကျနှိုင်းယှဉ်ချိန်ထိုးပြီးတော့ တာဝန်ချထားပေးတာမျိုးတွေကိုလည်း ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီ စစ်မှုထမ်းကာလပြီးဆုံးသွားပြီဆိုရင် တချို့ကကျတော့ သူတို့ ကိုယ်တိုင်ဆန္ဒပြုပြီးတော့ တပ်ထဲမှာပဲ ဆက်ပြီးနေချင်တဲ့သူတွေလည်းရှိပါတယ်။ ဒီလို တပ်ထဲမှာပဲ ဆက်ပြီးနေချင်တယ်ဆိုရင်တော့ သူတို့က နောက်ထပ် ၆ လ ဆက်တက်ရပါတယ်။ သင်တန်းပြန်တက်ရတယ်။ အဲဒီအခါကျရင် သူတို့က အမြဲတမ်းတပ်ဖွဲ့ဝင်ဖြစ်သွားမယ်။ အမြဲတမ်းတပ်ဖွဲ့ဝင်အဖြစ်နဲ့ ဒုတိယတပ်ကြပ်အဆင့်ကနေပြီးတော့ ပြန်လည်စစ်မှုထမ်းဆောင်နိုင်မှာဖြစ်ပါတယ်။ အခုပြောပြခဲ့တာတွေကတော့ တောင်ကိုရီးယားနိုင်ငံရဲ့ ပြည်သူ့စစ်မှုထမ်းစနစ်အကြောင်းပဲ ဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ကျွန်မပြောချင်တာကတော့ ကျွန်မတို့ဟာ မြန်မာနိုင်ငံမှာမွေး၊ မြန်မာနိုင်ငံမှာကြီးတဲ့ မြန်မာနိုင်ငံသားတွေဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံသားတွေမှာ အမျိုးသားရေးတာဝန်လို့ အများသိတဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒီတာဝန်အရေးသုံးပါးကို ကျွန်မတို့က ပါးစပ်ကနေ အလွတ်ရနေတာမျိုးမဟုတ်ဘဲနဲ့ လူကိုယ်တိုင်ကလည်း လိုက်ပါလုပ်ဆောင်ကြဖို့လိုပါတယ်။ ကျွန်မတို့ရဲ့ စစ်သည်တော်ကျင့်ဝတ်မှာ ကျင့်ဝတ်တစ်ပါး ပြဋ္ဌာန်းထားတာရှိတယ်။ အဲဒါက ဘာလဲဆိုရင် ပါးစပ်ကသာ တိုင်းပြည်ကိုမချစ်ဘဲ အလုပ်ဖြင့်တိုင်းပြည်ကိုချစ်ပါဆိုတဲ့အချက်ရှိပါတယ်။ ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ်နဲ့ တပ်မတော်ထဲကို ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့တာဖြစ်ပါတယ်။ ကာကွယ်ရေးအတတ်ပညာဆိုတာက နိုင်ငံသားတိုင်း တတ်ထားသင့်တဲ့ အတတ်ပညာဖြစ်ပါတယ်။ ကာကွယ်ရေးစွမ်းအားကောင်းမွန်ဖို့အတွက် နိုင်ငံသူ၊ နိုင်ငံသားတိုင်းမှာ ကာကွယ်ရေးအသိ၊ ကာကွယ်ရေးသတိတွေ ရှိနေကြဖို့လိုအပ်ပါတယ်။ လူတိုင်းက ကိုယ့်ခံယူချက်နဲ့ကိုယ်၊ ကိုယ့်ရပ်တည်ချက်နဲ့ကိုယ်ဖြစ်ပါတယ်။ ဒါကြောင့် လူတိုင်းရဲ့ခံယူချက်တွေက မတူညီနိုင်တဲ့အတွက် လူတိုင်းရဲ့ခံယူချက်တွေနဲ့ ပတ်သက်ပြီး ကျွန်မနဲ့အမြင်မတူဘူး၊ ကျွန်မနဲ့ဝါဒမတူဘူး၊ ကျွန်မနဲ့ခံယူချက်မတူဘူးဆိုပြီးတော့ ကျွန်မ မဝေဖန်လိုပါဘူး။ ဒါပေမဲ့ ကိုယ့်ရဲ့ခံယူချက်၊ ကိုယ်လုပ်ခဲ့တဲ့လုပ်ရပ်၊ ကိုယ်ဆက်လုပ်မယ့်အလုပ်တွေမှာပေါ့ ကျွန်မတို့က သတိရတိုင်းနောက်ပြန်လှည့်ကြည့်တဲ့အခါကျရင်ကိုယ့်ကိုယ်ကိုယ်လိပ်ပြာလုံနေဖို့လည်း လိုအပ်ပါတယ်ရှင်။ ဒီနေ့ကတော့ ဒီလောက်ပါပဲ။ နောက်နေ့မှာလည်း တခြား ပြည်သူ့စစ်မှုထမ်းစနစ်ကျင့်သုံးတဲ့ နိုင်ငံတွေရဲ့အကြောင်းကို ကျွန်မဆက်လက်ပြီးတော့ ပရိသတ်ကြီးဆီကို Knowledge Sharing လုပ်ပေးဖို့ ရည်ရွယ်ထားပါတယ်။ ကျေးဇူးတင်ပါတယ်။

# ထပ်တူညီသောကိန်းများ

**လင်းလှန်ဇော်**



(၁)

“ကလောင် ကလောင် ကလောင်”

ကျောင်းဆင်းခေါင်းလောင်းသံရဲ့အဆုံးမှာ တူညီဝတ်စုံလေးတွေနဲ့ ကလေးတွေပြေးထွက်လာကြတာကို ကျွန်တော်တွေ့လိုက်တယ်။ အချို့က သူငယ်ချင်းတွေ အုပ်စုလိုက်၊ အချို့က လာကြိုနေတဲ့မိဘတွေဆီ ပြေးသွားလိုက်၊ အချို့က ဆော့ကစားရင်းပြေးလွှားနေလိုက်နဲ့ ကျောင်းဆင်းချိန်အလှတရားတွေကို ကျွန်တော် ငေးကြည့်နေမိတယ်။ ဖြူစင်လွတ်လပ်တဲ့ကျောင်းသားလေးတွေရဲ့ဘဝကိုကြည့်ရင်း ငယ်ဘဝလေးကိုတောင် သတိရမိပြန်တယ်လေ။

(၂)

“ဟဲ့ အညာသားလေး ဒီနေ့ဘာချက်လဲ။ ထုံးစံအတိုင်း လက်ဖက်သုပ်ပဲလား”

အတန်းပိုင်ဆရာမရဲ့အသံက ထမင်းစားချိန်တိုင်း အနားလာပြီးပြောနေကျအတိုင်း ရောက်ရှိလာခဲ့တယ်။ အဖေမရှိတော့တဲ့နောက်ပိုင်း အမေကလဲ ကလေးငယ်လေးနဲ့ မချက်မပြုတ်နိုင်တဲ့အခါမှာ လက်ဖက်သုပ်ရောင်းတဲ့ဆိုင်က လက်ဖက်သုပ်ကို မောင်နှမတွေ နေ့စဉ်ထည့်လာဖြစ်ခဲ့တာကြာပေါ့။ အတန်းပိုင်ဆရာမကလဲ သူတို့မောင်နှမကို သနားလို့ထင်ပါရဲ့ သူ့ရဲ့ဟင်းလေးတွေလာထည့်ပေးတတ်သလို သူတို့လက်ဖက်သုပ်ကိုလဲ လာပြီးမြည်းတတ်တယ်။ လက်ဖက်သုပ်ချည်းပဲစားနေရတဲ့ သူတို့အတွက်တော့ ဟင်းတွေစားခဲ့ရသလို ဟင်းတွေချည်းစားနေရတဲ့ ဆရာမအတွက် သူတို့ရဲ့လက်ဖက်သုပ်ကလဲ ဆရာမ အကြိုက်ဖြစ်ခဲ့ရလေတယ်။ ကျောင်းဆင်းတဲ့အချိန်မှာလဲ အကြီးမကော အလတ်မကိုပါခေါ်ပြီး မောင်နှမသုံးယောက် အိမ်ကိုအတူပြန်ရတယ်။ အိမ်ရောက်တာနဲ့ အမေ့ရဲ့အိမ်မှုကိစ္စတွေကို ဝိုင်းကူလုပ်ပေးရတယ်။ ပြီးမှ သူငယ်ချင်းတွေနဲ့ ထွက်ဆော့ရတယ်။ အမေက မောင်နှမသုံးယောက်မှ မုန့်ဖိုးပေးတာက တစ်ကျပ်။ ညီမလေးတစ်ယောက်ကို ၃၅ ပြားပေးပြီး သူကတော့ ပြား ၃၀ ပဲ သုံးရတယ်။ အဲဒီတုန်းက ဆီးထုပ်တစ်ထုပ်မှ တစ်မတ်ပဲပေးရတယ်။ ပိုတဲ့ပိုက်ဆံကို ဆော့ဖို့ အရုပ်လေးတွေ၊ သားရေကွင်းတွေဝယ်ရတယ်။ မောင်နှမသုံးယောက်မှာ သူကအကြီးဆုံးမို့ သူများလိုအခွင့်အရေးအပြည့်မရဘဲ အမြတမ်းအနာခံတဲ့ဘက်ကဖြစ်ရတယ်။ သူများတွေဆော့နေချိန်မှာ လေးယောက်မြောက်ညီမလေးကိုထိန်းရတယ်။ အမေ့ကိုကူရတယ်။ အကြီးမနဲ့ အလတ်မကတော့ အဆော့မပြတ်။ စာကျက်မပြတ်။ သူကတော့ အမေ့အနားမှာနေပြီး အိမ်အလုပ်တွေကူပြီး မနက်လင်းတာနဲ့ လက်ဖက်သုပ်ဆိုင်က လက်ဖက်သုပ်ပြေးဝယ် ညီမလေးတွေနဲ့အတူစားဖို့ သုံးဆင့်ချိုင့်ထဲထမင်းထည့်ပြီးရင် ညီမလေးတွေကို ခေါ်ပြီး ကျောင်းကိုသွားရတယ်။ ကျောင်းရောက်မှသာ သူငယ်ချင်းတွေနဲ့ အားလပ်ချိန်မှာဆော့ရတဲ့အဖြစ်။ ဒီလိုနဲ့ သူ ဆယ်တန်းကျောင်းသားကြီးဖြစ်တဲ့အချိန်မှာတောင် ညီမလေးက မူကြိုတက်ဖို့ပြင်ဆင်နေတုန်းလေ။ အတွေးတို့ဖြင့် ဘယ်လောက်ကြာကြာ ငေးနေမိတယ်မသိ။

“ကိုကြီး”

ညီမလေးရဲ့ခေါ်သံကြားမှ သတိပြန်ဝင်လာတယ်။ လူအုပ်ထဲမှာ လူကောင်သေးသေးကွေးကွေးလေးနဲ့ ညီမလေး သူ့ဆီအပြေးလာနေတာကို သူ လက်ကမ်းကြိုလိုက်တယ်။ ညီမလေးကို သူများမိဘတွေလို လာကြိုမဲ့သူမရှိတာကြောင့် သူပဲအပင်ပန်းခံကာ ကျောင်းသွားကြိုပေးနေရတယ်။ ညီမလေးကို အားမငယ်စေချင်ပါ။ ညီမလေးကို စက်ဘီးပေါ်တင်ပြီး နင်းထွက်လာခဲ့တယ်။ အခြားသူတွေ မိဘတွေ ကျောင်းလာကြိုတာမြင်တိုင်း ညီမလေးအတွက် စိတ်မကောင်းဖြစ်မိတာအမှန်ရယ်။

(၃)

ညီမလေးဟာ တကယ့်ကိုကံဆိုးမလေးပါ။ သူ့ကိုမွေးပြီး တစ်လအကြာမှာ အဖေ ဆုံးသွားခဲ့တယ်။ အမေ့မှာ သားသမီးလေးယောက် ကျန်ခဲ့ရရှာတယ်။ ညီမလေးဆိုတာ တစ်လသမီးလေးမို့ အနှီးထုပ်ထဲမှာ မျက်လုံးလေးပြူးကြောင်ကြောင်နဲ့ လောကကြီးကို ဘာမှမသိရှာပေ။ အစ်ကိုကြီးအဖအရာမို့ သူ့ဘဝကို ပြောင်းလဲပစ်ခဲ့ရတယ်။ အသက်က ၁၃ နှစ်သားပေမဲ့ အဲဒီတုန်းက သူငယ်ချင်းတွေနဲ့ ဆော့ကစားတတ်တဲ့အရွယ်ရှိသေးတယ်။ ဒါပေမဲ့ ကျွန်တော်မဆော့အားပါ။ တစ်ဖက်တစ်လမ်းက မိသားစုအတွက် ဝင်ငွေရှာတတ်လာခဲ့တယ်။ ညီမလေးရဲ့ချေးဝတ်၊ သေးဝတ်တွေအပြင် အမေ့ရဲ့ထဘီတွေနဲ့ အနှီးအဝတ်တွေလျှော်ဖို့ တာဝန်ယူခဲ့ရတယ်။ ညီမလေးကို ထိန်းကျောင်းပေးရတယ်။ ညီမလေးကို အထွေးဆုံးလေးမို့ မောင်နှမတွေအကုန်လုံး ချစ်ကြတယ်။ ဖတဆိုးမို့ အမျိုးတွေကလဲ ဝိုင်းချစ်ခဲ့ကြတယ်လေ။ ဒီလိုနဲ့ပဲ ညီမလေးကို ကျွန်တော်အပါအဝင် မိသားစုမောင်နှမတွေ ထိန်းသိမ်းစောင့်ရှောက်ရင်း ညီမလေးအရွယ်ရောက်လာခဲ့ရတယ်လေ။

(၄)

“ဒါ ငါ့အစ်ကိုလေ။ ငါ့ကိုငယ်ငယ်လေးကတည်းက အဖေလိုတစ်မျိုး၊ အစ်ကိုလိုတစ်မျိုး စောင့်ရှောက်ပေးခဲ့သူပေါ့”

“ဟုတ် အစ်ကိုကြီး ကျွန်တော် ဇေယျာပါ”

ညီမလေးမိတ်ဆက်ပေးမှုကြောင့် သူ့ရဲ့ချစ်သူကို သိခွင့်ရခဲ့တယ်။ သူ့စိတ်ထဲမှာ ကလေးလေးဟု ထင်ထားတဲ့ ညီမအငယ်ဆုံးလေးက အိမ်ထောင်ပြုဖို့ပင် ရည်ရွယ်နေခဲ့လေပြီ။

“အင်း မင်းတို့ချစ်ခြင်းကိုတော့ အစ်ကိုကြီး ဘာမှမပြောလိုဘူး။ ဒါပေမဲ့ ဘွဲ့ရပြီးမှ လက်ထပ်စေချင်တယ်ကွာ”

အသိပညာမပြည့်စုံ၊ အတတ်ပညာမပြည့်စုံနဲ့ ညီမလေးတို့လက်ထပ်ကြရင် ဒုက္ခမရောက်စေချင်လို့ သတိပေးစကားလေးပြောခဲ့တယ်။ ညီမလေးကလဲ လိမ္မာပါတယ်။ တက္ကသိုလ်ရောက်အောင်တက်ခဲ့ပြီး ဘွဲ့ရတဲ့ထိ ကြိုးစားရှာပါတယ်။ ဘွဲ့ရပြီး သူတို့နှစ်ယောက် မင်္ဂလာဆောင်ဖြစ်ခဲ့ကြတယ်။ အမေ့ကို သူတို့ကန်တော့ကြတော့ ကျွန်တော့်ကိုလဲ ကန်တော့ရှာပါတယ်။ ဒါနဲ့ စကားလေးတစ်ခွန်းပဲ ပြောဖြစ်ခဲ့တယ်။

“မင်း ငါ့ကိုလေးစားဖို့၊ ချစ်ဖို့မလိုဘူး။ ငါ့နှမလေးကိုချစ်ရင်၊ လေးစားရင်၊ လင်သားပီသရင် ငါ့ကိုချစ်သလိုပဲ။ မင်းဟာ ငါ့ရဲ့ညီလေးပဲ။ အေး ငါ့နှမလေးကို ဖော်ကားတာတို့၊ စိတ်ဆင်းရဲအောင်လုပ်တာတို့ဆိုရင်တော့ မင်းဟာ ငါ့ရန်သူပဲ။ ဆင်းရဲတာ၊ ချမ်းသာတာ မလိုဘူး။ ငါ့နှမလေးကိုကြင်နာရင်ပြီးပြီ”

အစ်ကိုတစ်ယောက်အနေနဲ့ ရင်ထဲရှိတာတွေပြောပြီး ကျွန်တော် ကန်တော့ခံခဲ့ပါတယ်။ ညီမလေး စိတ်ချမ်းသာရင်ပြီးပြီလေ။

(၅)

ပျော်ရွှင်နေတဲ့ ညီမလေးတို့မိသားစုလေးကို ကြည့်ပြီး ကျွန်တော်စိတ်ချမ်းသာခဲ့ရတယ်လေ။ ညီမလေးယောကျ်ားကလဲ မိသားစုတွေနဲ့တည့်အောင် ပေါင်းတတ်သလို သူ့ကိုလဲ အစ်ကိုကြီးတစ်ယောက်လို ခင်မင်လေးစားတယ်။ သူ့စကားကိုလဲ နားထောင်ပြီး စကားပြောယဉ်ကျေးတဲ့သူမို့ အားလုံးကချစ်ခင်ကြတယ်။ ပို၍ပျော်စရာကောင်းခဲ့တာက ညီမလေးမှာ သားဦးလေးကိုယ်ဝန်လွယ်ထားရတာကို သိရတဲ့အချိန်ကစလို့ ညီမလေးတွေသာထိန်းခဲ့ရတဲ့ကျွန်တော့်အတွက် တူလေးတစ်ယောက်ရတော့မယ်ဆိုတဲ့စိတ်နဲ့ ပျော်ခဲ့မိပါသေးတယ်။

ဒါပေမဲ့ ကံကြမ္မာမုန်တိုင်းက ညီမလေးကို မျက်နှာသာမပေး။ ဝဋ်ကြွေးတို့ကပါလာလေသလား။ သားလေးမွေးပြီး တစ်လသားအရွယ်ရောက်စဉ်မှာပဲ ညီမလေးရဲ့ခင်ပွန်းဖြစ်သူကလည်း ဦးနှောက်သွေးကြောပြတ်ပြီး ရုတ်တရက်ကွယ်လွန်သွားခဲ့တယ်။ ညီမလေးဘဝနဲ့ ညီမလေးရဲ့သားကလေးဘဝ ထပ်တူညီနေတဲ့ကံတရားကို အံ့သြခဲ့ရပြီး နာကျင်ယူကျုံးမရစိတ်တွေဖြစ်ခဲ့ရတာ သူပင်မဟုတ်ပါလား။ ညီမလေးတစ်လသမီးမှာ အဖေဆုံးခဲ့သလို ညီမလေးရဲ့သားကလေးတစ်လသားအရွယ်မှာပဲ ညီမလေးရဲ့ခင်ပွန်းဖြစ်သူ ကွယ်လွန်ခဲ့ရပြန်တယ်လေ။

(၆)

“ကလောင် ကလောင် ကလောင်”

ကျောင်းဆင်းခေါင်းလောင်းသံကြောင့် အတွေးစတို့ ပြယ်လွင့်ကုန်တယ်။ မကြာခင်မှာ ပြေးထွက်လာမဲ့ တူလေးကို ဆီးကြိုပွေ့ဖက်ကာ နှုတ်ဆက်ရအုံးမယ်။ ပြီးရင် တူလေးကို မျက်နှာမငယ်ဖို့၊ အားမငယ်ဖို့ စကားတွေအများကြီးပြောပြရအုံးမယ်။ ပြီးရင် အဖမဲ့သား တူလေးကို လမ်းမမှားဖို့ သွန်သင်ဆုံးမလမ်းပြရအုံးမယ်လေ။

“အစ်ကိုကြီးရယ် ညီမလေးရဲ့သားလေးကို စောင့်ရှောက်ပေးပါအုံးနော်။ ညီမလေး အခြားနိုင်ငံကိုသွားပြီး အလုပ်လုပ်မှာပါ။ မကြာပါဘူး။ လေး၊ ငါးနှစ်ပါ။ ပြန်လာရင်အတူတူနေကြမယ်နော်”

သားဖြစ်သူကိုအပ်နှံသွားတဲ့ ညီမလေးစကားတို့ နားတွင်ကြားယောင်မိပြန်တယ်။ အတွေးတို့မဆုံးခင် နူးညံ့တဲ့လက်ကလေးတစ်စုံက သူ့လက်ကိုလာရောက်ဆုပ်ကိုင်တာသိလိုက်ရတယ်။

“ဦးဇော် သားရောက်ပြီ”

ဩော်. . . အေး အေး တက် သားလေး။ ဆိုင်ကယ်ဘေးတွဲပေါ်တင်ဖို့ တူလေးလက်ကလေးကိုဆုပ်ကိုင်လိုက်တော့ ငယ်ငယ်ကဆွဲကိုင်တွဲခဲ့ရတဲ့ ညီမလေးလက်ကလေးကို သတိရနေပြီး ကျောင်းဝင်းထဲက ထွက်လာခဲ့ပါတော့တယ်။

❖ ကံကြမ္မာမုန်တိုင်းက ညီမလေးကို မျက်နှာသာမပေး။ ဝဋ်ကြွေးတို့က ပါလာလေသလား။ သားလေးမွေးပြီး တစ်လသားအရွယ်ရောက်စဉ်မှာပဲ ညီမလေးရဲ့ခင်ပွန်းဖြစ်သူကလည်း ဦးနှောက်သွေးကြောပြတ်ပြီး ရုတ်တရက်ကွယ်လွန်သွားခဲ့တယ်။ ညီမလေးဘဝနဲ့ ညီမလေးရဲ့သားကလေးဘဝ ထပ်တူညီနေတဲ့ကံတရားကို အံ့သြခဲ့ရပြီး နာကျင်ယူကျုံးမရစိတ်တွေဖြစ်ခဲ့ရတာ သူပင်မဟုတ်ပါလား။ ညီမလေးတစ်လသမီးမှာ အဖေဆုံးခဲ့သလို ညီမလေးရဲ့သားကလေးတစ်လသားအရွယ်မှာပဲ ညီမလေးရဲ့ခင်ပွန်းဖြစ်သူ ကွယ်လွန်ခဲ့ရပြန်တယ်လေ။ ❖

# ကန်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၅၂၈၀ စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် ဖေဖော်ဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၅၂၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၅၆၁ ဧကကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင် လျာထားစိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲတီစိမ်းဧက ၅၂၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ယခုနှစ် ပဲတီစိမ်းများကို လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ကန်ကြီးထောင့်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ပဲတီစိမ်း ၄၅၆၁ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ ပဲတီစိမ်း ဧက ၅၂၈၀ ထိ စိုက်ပျိုးပြီးပြီ။ ပဲတီစိမ်းတွေ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆောင်းသီးနှံပဲတီစိမ်း လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ လိုအပ်တာတွေကို စနစ်တကျဆောင်ရွက်ခဲ့ပါတယ်။ စိုက်ပျိုးပြီးဆောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့ အထွက်နှုန်း ကောင်းမွန်ဖို့ကိုလဲ ဆက်လက်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးဝင်းက ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းအပါအဝင် ဆောင်းသီးနှံများအားလုံး လျာထားချက်ပြည့်မီအောင် စိုက်ပျိုးရန်အတွက် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းခတ်မြို့နယ် ယန်းမိုင်(လားဟူ)ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**မိုင်းခတ် ဖေဖော်ဝါရီ ၂၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယန်းမိုင်(လားဟူ)ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဝေနှင့် တာဝန်ရှိသူများက ယန်းမိုင်(လားဟူ)ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားရန်၊ အကျိုးရှိစွာအသုံးပြုရန်နှင့် ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မိုင်းခတ်မြို့နယ် ယန်းမိုင်(လားဟူ)ကျေးရွာ၌ အရှည်ပေ ၅၂၈၀၊ အကျယ် ၁၂ ပေနှင့် အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ပြည်နယ်ရန်ပုံငွေကျပ် ၄၁ ဒသမ ၂၅ သန်း အသုံးပြု၍ မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများက ၂၀၂၃ ခုနှစ် စက်တင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ယန်းမိုင်(လားဟူ)ကျေးရွာရှိ အိမ်ခြေ ၆၇ အိမ်၊ လူ ၃၄၇ ဦးအတွက် လမ်းပန်းဆက်သွယ်ရေးအဆင်ပြေချောမွေ့စွာ သွားလာအသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။ **မင်းမြင့်မိုရ်**



# ပခုက္ကူမြို့နယ် ရှာနောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပခုက္ကူ ဖေဖော်ဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဆိပ္ပလကျေးရွာအုပ်စု ရှာနောင်ကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်ထွန်းက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရူပမေထက်က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၂ ဒသမ ၃သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရှာနောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၆ ဦးကို ငွေကျပ် ၃၂ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဆက်လှ**

# ဆောင်းလအလွန် မြိုင်ဟောဝန်

- လရာသီ နှင်းရည်ပေါက်တွေက
ညင်းလေနောက် လွင့်စဉ်၊
ရပ်ရှစ်ခွင် ကဆုန်စိုင်း
လေရိုင်းမာန်ဝင်၊
ရော်ရွက်ဝါတို့ ပင်ယံတွင်
သူမခင် မြေသက်ဆင်း၊
ဆောင်းပန်းတွေ ကြွေကာကျ
ကြေမွပျက်ယွင်း။

- သူရိန်နေ အရှိန်ပြင်း
မြိုင်ယံအတွင်း ပန်းရောင်စုံ၊
ပေါက်လက်ပံ ပင်အမြင့်
ဖူးပွင့်စင်ပုံ၊
ရာသီပန်းတို့ သင်းပျံ့ထုံ
ခင်ပျံ့ရဂုံ တေးသံနှော၊
တစ်ခါတလေ မြည်တမ်းလျက်
ငှက်ရွှေဥဩ။

- ကုန်းကမူ ရွက်ကြွေတော
လွမ်းသံနှော ငှက်တေးသီ၊
လျှိုမြောင် သာစခန်းမှာ
စမ်းရေကကြည်၊
ဘုတ်ငှက်တို့ အသံမြည်
အဝေးဆီမှ သဲ့သဲ့ကြား၊
သစ်ပင်အို ကိုင်းဖျားထက်
တေးဖွဲ့ငှက်ခါး။ ။

**ရွှေတိုး(ထုံးဘို)**

# နတ်တလင်းမြို့နယ် သာစည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်တလင်း ဖေဖော်ဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သာစည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သက်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် သာစည်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၄ ဦးကို ငွေကျပ် ၃၂ ဒသမ ၅၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၅ ဒသမ ၉၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၂ ဦးကို ငွေကျပ် ၃၈ ဒသမ ၄၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သုတ**

စာအုပ်စာပေ လူ့မိတ်ဆွေ

# ဗြိတိန်နိုင်ငံက စွမ်းအင်ပဋိညာဉ်စာချုပ်မှနုတ်ထွက်ကြောင်း ထုတ်ပြန်ကြေညာ



**လန်ဒန် ဖေဖော်ဝါရီ ၂၄**

ဗြိတိန်နိုင်ငံသည် ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ရောက်ရှိရေး ရည်မှန်းချက်ကို အကောင်အထည်ဖော်လိုသည့်အတွက် စွမ်းအင်ပဋိညာဉ်စာချုပ်မှ နုတ်ထွက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

စွမ်းအင်ပဋိညာဉ်စာချုပ်အရ စွမ်းအင်ကုမ္ပဏီများသည် အစိုးရကို တရားစွဲဆိုနိုင်သည့် ဥပဒေပြဋ္ဌာန်းချက်ပါဝင်နေပြီး အစိုးရ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စီမံချက်များကို အဟန့်အတားဖြစ်စေနိုင်သဖြင့် စွမ်းအင်ပဋိညာဉ်စာချုပ်မှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

"စွမ်းအင်ပဋိညာဉ်စာချုပ်ဟာ သန့်ရှင်းတဲ့ စွမ်းအင်ကဏ္ဍကို အကောင်အထည်ဖော်ဖို့ အဟန့်အတားဖြစ်စေနိုင်တဲ့ စာချုပ်ဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စီမံချက်တွေကို အကောင်အထည်ဖော်ဖို့အတွက်လဲ အခက်တွေ့စေနိုင်တဲ့စာချုပ်ဖြစ်ပါတယ်။ စာချုပ်ပါ ပြဋ္ဌာန်းချက်အရ စွမ်းအင်ကုမ္ပဏီတွေအနေနဲ့ စွမ်းအင်ကုန်သွယ်မှု အရှုံးပေါ်လာရင် အစိုးရကို တရားစွဲဆိုခွင့်ရှိနေတယ်။ စာချုပ်အရဆိုရင် စွမ်းအင်ကုမ္ပဏီတွေအနေနဲ့ ရပ်ကြွင်းလောင်စာကုန်သွယ်မှုကိုလဲ တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်လုပ်ဆောင်ခွင့် ရှိနေတဲ့အတွက် ကာဗွန်ထုတ်လွှတ်မှု သုညမှတ်ရောက်ရှိရေးစီမံချက်ကို အကောင်အထည်ဖော်ဖို့ အတားအဆီးတစ်ခုဖြစ်နေတယ်။ ဒါကြောင့် စွမ်းအင်ပဋိညာဉ်စာချုပ်ကနေ နုတ်ထွက်ဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်"ဟု ဗြိတိန်စွမ်းအင်လုံခြုံရေးနှင့် ကာဗွန်ထုတ်လွှတ်မှုသုညမှတ်ရောက်ရှိရေး ဝန်ကြီးဂရေဟမ်စတူအက်က ပြောကြားသွားခဲ့သည်။

၁၉၉၁ ခုနှစ်မှစတင်၍ ဘယ်လ်ဂျီယံနိုင်ငံတွင် ဥရောပနိုင်ငံပေါင်း ၅၁ နိုင်ငံက စွမ်းအင်ပဋိညာဉ်စာချုပ်ကို ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း၊ ဗြိတိန်နိုင်ငံသည် ပဋိညာဉ်စာချုပ်မှ နုတ်ထွက်မှုမပြုလုပ်မီ ဒိန်းမတ်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ လူဇင်ဘတ်နိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ပိုလန်နိုင်ငံ၊ ပေါ်တူဂီနိုင်ငံ၊ စပိန်နိုင်ငံ၊ ဆလိုဗေးနီးယားနိုင်ငံတို့က ပဋိညာဉ်စာချုပ်မှ နုတ်ထွက်ထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# ဆွီဒင်နိုင်ငံတွင် လေပြင်းတိုက်ခတ်မှုကြောင့် မီးရထားခရီးစဉ်များ ခေတ္တရပ်နားခဲ့ရ

**စတော့ဟုမ်း ဖေဖော်ဝါရီ ၂၄**

ဆွီဒင်နိုင်ငံတွင် ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက လေပြင်းများ တိုက်ခတ်မှုကြောင့် ဂိုသင်ဘာ့ဂ်မြို့ရှိ မီးရထားဘူတာရုံ၏ ခေါင်မိုး ပျက်စီးခဲ့ပြီး လျှပ်စစ်မီးပြတ်တောက်ခဲ့သဖြင့် မီးရထားခရီးစဉ်များ ခေတ္တရပ်နားခဲ့ရကြောင်း ဆွီဒင်မိုးလေဝသနှင့် ဇလဗေဒအင်စတီကျူက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဆွီဒင်နိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းတစ်လျှောက် ဖြစ်ပေါ်လျက်ရှိသောမုန်တိုင်းကြောင့် ဖေဖော်ဝါရီ ၂၃ ရက်က လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်ခဲ့ရာ ဂိုသင်ဘာ့ဂ်မြို့ရှိ မီးရထားဘူတာရုံ၏ ခေါင်မိုးပျက်စီးခဲ့ပြီး လျှပ်စစ်မီးပြတ်တောက်မှုများကြောင့် မီးရထားခရီးစဉ်များခေတ္တရပ်နားခဲ့ရသည့်အပြင် နိုင်ငံအနောက်ဘက် ကမ်းရိုးတန်းဒေသများတွင် သစ်ပင်များလဲကျမှုကြောင့် လူဦးရေ ၄၀၀၀ ခန့် လျှပ်စစ်မီးပြတ်တောက်မှုများဖြင့် ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

ဆွီဒင်သယ်ယူပို့ဆောင်ရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အင်ဂျလီကာကနူဆင်က ဂိုသင်ဘာ့ဂ်မြို့ရှိ မီးရထားဘူတာရုံကို ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲပိုင်းတွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

မြို့တော်အတွင်းရှိ အများပြည်သူများအနေဖြင့် ထိခိုက်ပျက်စီးမှုများနှင့် အပျက်အစီးများကြောင့် အန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် မလိုအပ်ဘဲ အပြင်မထွက်ကြရန်လည်း မိုးလေဝသနှင့် ဇလဗေဒအင်စတီကျူက တိုက်တွန်းထားကြောင်း သိရသည်။

ဆွီဒင်နိုင်ငံတောင်ပိုင်း၌ ဖြစ်ပေါ်နေသော Rolf ဟု အမည်ပေးထားသည့်မုန်တိုင်းသည် အနောက်တောင်ဘက်သို့ ဆက်လက်ရွေ့လျားလျက်ရှိပြီး မုန်တိုင်းဗဟိုချက်အနီးတွင် လေတိုက်နှုန်းသည် တစ်နာရီလျှင် ၈၄ မိုင်နှုန်းဖြင့်တိုက်ခတ်လျက်ရှိကြောင်း ဆွီဒင်မိုးလေဝသနှင့်ဇလဗေဒအင်စတီကျူ၏ ထုတ်ပြန်ချက်သတင်းများအရ သိရသည်။

**Ref : Russia Today**
**Trs : AZH**

# ဘရာဇီးနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုကြောင့် လူရှစ်ဦးသေဆုံး

**ဘရာစီးလီးယား ဖေဖော်ဝါရီ ၂၄**

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးပြည်နယ်တွင် ဖေဖော်ဝါရီ ၂၂ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုများကြောင့် လူရှစ်ဦးသေဆုံးခဲ့ကြောင်း ပြည်နယ်အာဏာပိုင်များက သတင်းထုတ်ပြန်ခဲ့သည်ဟု ဖေဖော်ဝါရီ ၂၃ ရက် သတင်းများအရ သိရသည်။

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးပြည်နယ်တစ်ဝန်းတွင် ဖေဖော်ဝါရီ ၂၁ ရက်မှစ၍ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းများဖြစ်ပေါ်ခဲ့ပြီး ဖေဖော်ဝါရီ ၂၂ ရက်တွင် Barra do Pirai မြို့ရှိ လူနေအိမ်တစ်လုံးပေါ်သို့ မြေပြိုကျမှုကြောင့် မိသားစုဝင် ရှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ပြည်နယ်တစ်ဝန်း ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် နေအိမ် ၁၀၀ ကျော် ထိခိုက်ပျက်စီးခဲ့ပြီး လူဦးရေ ၆၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း၊ ရီယိုဒီဂျနေးရိုးမြို့အပါအဝင် အခြားမြို့ကြီး ၁၀ မြို့တွင် ရေကြီးမှုနှင့်မြေပြိုမှုများ ထပ်မံဖြစ်ပွားနိုင်သည့်အန္တရာယ် မြင့်မားနေသေးကြောင်း ပြည်နယ်အစိုးရက သတိပေးချက်ထုတ်ပြန်ထားသည်။



ဒေသတွင်း မီဒီယာများ၏ ဖော်ပြချက်များအရ ပြည်နယ်အနှံ့အပြားတွင် ရေကြီးရေလျှံမှုများကြောင့် ဒုက္ခရောက်နေသူအများအပြားရှိနေပြီး မီးသတ်သမားများနှင့် ရဲတပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်းများကို ခက်ခက်ခဲခဲ ဆောင်ရွက်လျက်ရှိသော်လည်း အချို့သောဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ခြင်း မရှိသေးကြောင်း သိရသည်။

ရီယိုဒီဂျနေးရိုးပြည်နယ်အနှံ့အပြား မိုးဆက်လက်ရွာသွန်းနေပြီး ဖေဖော်ဝါရီ ၂၂ ရက်က မိုးရွာသွန်းမှုသည် အမြင့်ဆုံး ၄၃ ဒသမ ၂ မီလီမီတာထိ ရွာသွန်းခဲ့ကြောင်း မိုးလေဝသဌာန၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

**Ref : Russia Today**
**Trs : AZH**

# အနောက်ဩစတြေးလျပြည်နယ်တွင် ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်

**ကင်ဘာရာ ဖေဖော်ဝါရီ ၂၄**

ဩစတြေးလျနိုင်ငံ အနောက်ဩစတြေးလျပြည်နယ်တွင် ဖေဖော်ဝါရီ ၂၃ ရက်က ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း ဩစတြေးလျ မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ကြေညာခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အနောက်ဩစတြေးလျပြည်နယ်တွင် ဝင်ရောက်ခဲ့သည့်မုန်တိုင်းသည် မကြာသေးမီက ဩစတြေးလျနိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့သည့် လင်ကွန်း အပူပိုင်းမုန်တိုင်း၏ နောက်ဆက်တွဲ မုန်တိုင်းဖြစ်ပြီး တစ်နာရီလျှင် ကီလိုမီတာ ၉၀ နှုန်းဖြင့်တိုက်ခတ်ခဲ့ကြောင်း၊ မုန်တိုင်းကြောင့် အနောက်ဩစတြေးလျပြည်နယ်တွင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နေကြောင်း၊ မုန်တိုင်းသည် အနောက်ဩစတြေးလျပြည်နယ် အီတင်မောက်မြို့ကို ဗဟိုပြုတိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ မုန်တိုင်းကြောင့် ဓာတ်တိုင်များလဲကျကာ လျှပ်စစ်မီး ပြတ်တောက်မှုများဖြစ်ပေါ်နေကြောင်း အနောက်ဩစတြေးလျပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"အနောက်ဩစတြေးလျပြည်နယ်မှာ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့ပါတယ်။ အိန္ဒိယသမုဒ္ဒရာဘက်ကနေ အစပျိုးလာတဲ့ လင်ကွန်းအပူပိုင်းမုန်တိုင်းရဲ့ နောက်ဆက်တွဲမုန်တိုင်း ဖြစ်ပါတယ်။ မုန်တိုင်းအားကောင်းပြီး မုန်တိုင်းကြောင့် လေတိုက်နှုန်းဟာ တစ်နာရီ ကီလိုမီတာ ၉၀ နှုန်းနဲ့ တိုက်ခတ်နေပါတယ်။ ကွင်းစလန်းပြည်နယ်မှာတော့ မိုးသက်လေပြင်း ကျရောက်ခဲ့ပါတယ်။ ဒီရေလဲမြင့်တက်နေတဲ့အတွက် ရေကြီးရေလျှံမှု အခြေအနေဆိုးရွားလာနိုင်ပါတယ်" ဟု ဩစတြေးလျ မိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် ဒီရေမြင့်တက်မှုလည်း ဖြစ်ပေါ်လာနိုင်သည့်အတွက် ရေကြီးရေလျှံမှု အခြေအနေ ဆိုးရွားလာနိုင်ကြောင်း ဩစတြေးလျ မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက သတိပေးချက် ထုတ်ပြန်ခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ရာသီဥတုဖောက်ပြန်မှုကြောင့် ဆောင်းရာသီအားကစားပွဲတော်များကျင်းပရန် အခက်အခဲရှိလာနိုင်

**ပဲရစ် ဖေဖော်ဝါရီ ၂၄**

တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ရာသီဥတုဖောက်ပြန်မှုပြဿနာကို ရင်ဆိုင်နေရပြီး ရာသီဥတု ဖောက်ပြန်မှုကြောင့် ဆောင်းရာသီတွင် ဆီးနှင်းကျဆင်းမှု သိသိသာသာလျော့ကျလာသဖြင့် ဆောင်းရာသီတွင် ဆီးနှင်းများကို အမှီပြု၍ ကျင်းပရသည့် အားကစားပွဲတော်များ ကျင်းပရန် အခက်အခဲ ရှိလာနိုင်ကြောင်း ပြင်သစ်နိုင်ငံအခြေစိုက် French Ski Federation(FFS) အဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် ဆီးနှင်းကျဆင်းမှု သိသိသာသာ လျော့ကျခဲ့ခြင်းကြောင့် နှင်းလျှောစီးခြင်း အားကစားပွဲတော်များ ကျင်းပနိုင်ခဲ့ခြင်း မရှိခဲ့ကြောင်း၊ ထို့ပြင် ဥရောပနိုင်ငံများ၌ ဆောင်းရာသီရောက်တိုင်း အပျော်တမ်းနှင်းလျှောစီးခြင်းများ စုဖွဲ့ပြုလုပ်လေ့ရှိသော်လည်း ၂၀၂၃ ခုနှစ် ဆောင်းရာသီက အပူချိန်မြင့်တက်ကာ ရေခဲတောင်များတွင် ဆီးနှင်းများ အရည်ပျော်ကျမှုကြောင့် နှင်းလျှောစီးခြင်းများမပြုလုပ်နိုင်ခဲ့ကြောင်း၊ ဖောက်ပြန်နေသည့်ရာသီဥတုကို ထိန်းချုပ်နိုင်ရေးအတွက် လုံလောက်သည့် ဆောင်ရွက်ချက်မျိုးမပြုလုပ်နိုင်ပါက အနာဂတ်တွင် ဆောင်းရာသီ အားကစားပွဲတော်များ ရာနှုန်းပြည့် ကျင်းပနိုင်တော့မည်မဟုတ်ကြောင်း FFS က ထုတ်ပြန်ခဲ့သည်။

"ရေခဲတောင် နှင်းလျှောစီးလေ့ကျင့်ရေးစခန်းတွေမှာ ဆီးနှင်းကျဆင်းမှု လျော့ကျလာတဲ့အတွက် ပြိုင်ပွဲဝင်ဖို့ နှင်းလျှောစီးလေ့ကျင့်မှုတွေမပြုလုပ်နိုင်တော့ပါဘူး။ လေ့ကျင့်ရေးစခန်းတွေကိုလဲ ယာယီပိတ်ထားရတယ်။ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ရာသီဥတုပြောင်းလဲမှုတွေကို မထိန်းချုပ်နိုင်ရင်တော့ အနာဂတ်မှာဆောင်းရာသီအားကစားပွဲတော်ဆိုတာ ရှိလာမှာမဟုတ်တော့ပါဘူး" ဟု FFS မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

**Ref : Sputnik News**
**Trs : Sai Sat**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# ကလေးခရိုင်တွင် မိုးစပါး ၁၇၇၅၆၅ ဧက ရိတ်သိမ်းပြီးစီး



**ကလေး ဖေဖော်ဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောမိုးစပါး ၁၇၇၅၆၅ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်အတွင်း မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောမိုးစပါးစိုက်ခင်းများကို ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ရိတ်သိမ်းခဲ့ကြရာ ယနေ့ထိ ၁၇၇၅၆၅ ဧက ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၈၆ ဒသမ ၈၄ တင်း ထွက်ရှိကြောင်း သိရသည်။

"ကလေးခရိုင်မှာ မိုးစပါး ၁၇၇၅၆၅ ဧကစိုက်ပျိုးနိုင်ခဲ့တယ်။ လက်ရှိမှာလဲ စိုက်ပျိုးထားတဲ့ မိုးစပါးဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ အထွက်နှုန်း ကောင်းပါတယ်။မိုးစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံတွေပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးနေပါတယ်"ဟု ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် မြို့နယ်အလိုက် မိုးစပါးရိတ်သိမ်းပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် ၁၂၆၄၄၈ ဧက၊ ကလေးဝမြို့နယ်တွင် ၁၈၅၂၆ ဧက၊ မင်းကင်းမြို့နယ်တွင် ၃၂၅၉၁ ဧက စုစုပေါင်း ၁၇၇၅၆၅ ဧကတို့ဖြစ်သည်။

ကလေးခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၁၇၈၅၅၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ကလေးမြို့နယ်တွင် ၁၂၆၄၄၈ ဧက၊ ကလေးဝမြို့နယ်တွင် ၁၈၅၂၆ ဧကနှင့် မင်းကင်းမြို့နယ်တွင် ၃၂၅၉၁ ဧက စုစုပေါင်း ၁၇၇၅၆၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကလေးခရိုင်တွင် မိုးစပါးစိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊ မျိုးသန့်များ စိုက်ပျိုးရန် မိုးသီးနှံများအချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများစိုက်ပျိုးကြရန်အတွက် နည်းပညာပေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# တောင်သာမြို့နယ် ကူရှာကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်သာ ဖေဖော်ဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူရှာကျေးရွာ၌ ပဥ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၃ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လင်းလင်းနွယ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးလက်နေပြည်သူများဆင်းရဲမှု လျော့ကျစေရန်၊ မိသားစု ဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက်လူနေမှုအဆင့်အတန်းကွာဟမှုကို လျော့ချနိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေများကို ထုတ်ပေးခြင်းဖြစ်ကြောင်း၊ အသင်းသားများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများကို အမှန်တကယ်အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ ရန်ပုံငွေလေလွင့်မှုမရှိစေရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကျေးရွာစိတ်ဓာတ်အကြောင်းကို ပြောကြားသည်။

ဆက်လက်၍ တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပပဝင်းခိုင်က ကူရှာကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၃၂၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကူရှာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၄ ဦးကို ငွေကျပ် ၃၁၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ငါးသိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၆ ဦးကို ငွေကျပ်သိန်း ၃၂၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ချစ်ဦးကို**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလတွင် ငါးသလောက်ပိဿာချိန် ၅၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**လပွတ္တာ ဖေဖော်ဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇန်နဝါရီလတွင် ငါးသလောက်ပိဿာချိန် ၅၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလက ငါးသလောက် ပိဿာချိန် ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ ငါးသလောက်ပိဿာချိန် ၅၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ငါးသလောက် တစ်ပိဿာလျှင် ငွေကျပ် ၁၂၅၀၀ မှ ၇၈၀၀၀ ထိ အကြီးအသေး အရွယ်အစား အပေါ်မူတည်ပြီး ဈေးအနိမ့်အမြင့်ရှိကြောင်း သိရသည်။



"ဒေသထွက် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ဇန်နဝါရီလက ငါးသလောက်ပိဿာချိန် ၅၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရတယ်။ လက်ရှိလဲ ငါးသလောက်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ငါးသလောက်တွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကိုတင်ပို့ရောင်းချနေပါတယ်" ဟု လပွတ္တာမြို့နယ်ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

လပွတ္တာမြို့နယ်ကထွက်ရှိသည့် ငါးသလောက်များကို ဒေသဈေးကွက်အပြင် ရန်ကုန်နှင့် နေပြည်တော်ဈေးကွက်ကိုလည်း တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးသလောက်များတင်ပို့ရောင်းချနေရသည့်အတွက် ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# စလင်းမြို့နယ် ဥသျှစ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ ဖွဲ့စည်း

**စလင်း ဖေဖော်ဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဥသျှစ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ဖေဖော်ဝါရီ ၂၃ ရက်က အဆိုပါကျေးရွာမွှာရုံတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က စီမံကိန်း၏ ရည်ရွယ်ချက်နှင့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းမြတ်ကြူက စီမံကိန်းရန်ပုံငွေမတည်ပေးအပ်မှု အခြေအနေများ၊အတိုး၊ အရင်းပေးဆပ်ရမည့်နှုန်းထားနှင့် အချိန်ကာလများ၊ ကျေးရွာသူ၊ကျေးရွာသားများ လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့များ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ပြောကြားပြီး နုတ်ထွက်သွားသော လုပ်ငန်းအဖွဲ့ဝင်များ၏ နေရာများကို တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောတူညီမှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် လေးဦးကို ထပ်မံရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ဥသျှစ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ယခု တတိယနှစ်စက်ဝန်းတွင် အသင်းသား၊ အသင်းသူ ၂၇၅ ဦးကို ငွေကျပ် ၃၂ ဒသမ ၄သန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။ **သန်းသန်းမိုး**



# ကျိုင်းတုံမြို့နယ် ယန်းပူကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကျိုင်းတုံ ဖေဖော်ဝါရီ ၂၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူပြီး ရာသီမရွေးသွားလာနိုင်ရန်ရည်ရွယ်၍ လွယ်လုံကျေးရွာအုပ်စု ယန်းပူကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျိုင်းတုံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ ယန်းပူကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးသော ကွန်ကရစ်လမ်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ယန်းပူကျေးရွာတွင် လမ်းအရှည် ပေ ၅၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၆ ဒသမ ၅၉ သန်း အသုံးပြု၍ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇန်နဝါရီလ တတိယပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ချိုသန်းညွန့်**

# မတည်မငြိမ်ဖြစ်နေသည့် ကမ္ဘာတွင် တည်ငြိမ်မှုအတွက် အင်အားတစ်ရပ်ဖြစ်လာသည့် တရုတ်နိုင်ငံ

ကမ္ဘာကြီး၏အင်အားချိန်ခွင် ပျက်ယွင်းခဲ့ချိန်တွင် နိုင်ငံစုံစနစ်ပုံစံဖြင့် လျှောက်လှမ်းရန် ကြိုးပမ်းလျက်ရှိသည်။ စည်းမျဉ်းအခြေပြုနိုင်ငံတကာအခင်းအကျင်းဟု သတ်မှတ်ဖော်ဆောင်ရေးလုပ်ဆောင်ခဲ့ကြသည်။ သို့ရာတွင် စည်းမျဉ်းဟူသည့် သတ်မှတ်ချက်၌ပင် ဘုံသဘောတူညီချက်ရရှိရန် လိုအပ်နေကြသည်။ အင်အားကြီးနိုင်ငံတချို့က စည်းမျဉ်းအခြေပြုဟုဆိုသည့်တိုင် ၎င်းတို့ကိုယ်တိုင် စည်းမျဉ်းများအပေါ် လိုက်နာရန် ပျက်ကွက်ရုံမက ဘက်လိုက်မှုများလည်း ရှိနေပြန်သည်။ သို့ဖြစ်၍လည်း ကမ္ဘာ့ဒေသတချို့၌ မတည်ငြိမ်မှုများနှင့် ပဋိပက္ခများဖြစ်ပေါ်လျက်ရှိသည်။ ဤကဲ့သို့သောအခြေအနေတွင် တရုတ်နိုင်ငံသည် ကြားနေရပ်တည်မှုကိုဗဟိုပြုကာ ကမ္ဘာ့တည်ငြိမ်မှုအတွက် အင်အားတစ်ရပ်အဖြစ် တည်ရှိလုပ်ဆောင်နိုင်ရေး ကြိုးပမ်းလာခဲ့သည်။

**မြူးနစ်လုံခြုံရေးညီလာခံတွင်ဖွင့်ဟမှု**

တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်ဖြစ်သူ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီသည် ဖေဖော်ဝါရီ ၁၇ ရက်ကကျင်းပသည့် မြူးနစ်လုံခြုံရေးညီလာခံကို တက်ရောက်ခဲ့သည်။ ထိုသို့တက်ရောက်စဉ် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက တရုတ်နိုင်ငံ၏အခန်းကဏ္ဍနှင့်ပတ်သက်၍ အမှာစကားပြောကြားစဉ် "ပဋိပက္ခပြင်းထန်နေသည့် ကမ္ဘာတွင် တည်ငြိမ်မှုအတွက် အင်အားတစ်ရပ်အဖြစ် အခိုင်အမာ လုပ်ဆောင်လျက်ရှိသည်"ဟူသောခေါင်းစဉ်ဖြင့် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ကမ္ဘာ့နိုင်ငံများအနေဖြင့် နှစ်ဖက်အကျိုးတူအခြေအနေကို ကြိုးပမ်းနိုင်ပြီး ဆုံးရှုံးရမည့်အခြေအနေကိုရှောင်ရှားနိုင်သည်ဟုဆိုသည်။ ကမ္ဘာကြီးကို ပိုမိုသေချာရေရာသည့်အခြေအနေတစ်ခုကို ယူဆောင်နိုင်ရန် "တစ်လှေတည်းနေ တစ်ခရီးတည်းသွား"စိတ်ဖြင့် အတူတကွလုပ်ဆောင်နိုင်သည်။ ထို့ပြင် လူသားတို့အတွက် တောက်ပသည့် အနာဂတ်တစ်ခုကိုလည်း နေရာချပေးနိုင်သည်ဟုဆိုသည်။

တရုတ်နိုင်ငံသည် တာဝန်ရှိသည့် အင်အားကြီးနိုင်ငံတစ်ခုဖြစ်သည့်အားလျော်စွာ ၎င်း၏အဓိကမူဝါဒများနှင့် စည်းမျဉ်းများကိုဆုပ်ကိုင်ပြီး ပဋိပက္ခများထူပြောနေသည့်ကမ္ဘာတွင် တည်ငြိမ်မှုအတွက် ယုံကြည်စိတ်ချရသည့် အင်အားတစ်ရပ်အဖြစ် လုပ်ဆောင်လျက်ရှိသည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ပြောကြားခဲ့သည်။ တရုတ်နိုင်ငံသည် အင်အားကြီးနိုင်ငံများကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရာတွင် တည်ငြိမ်မှုအတွက် အင်အားတစ်ရပ်ဖြစ်လိမ့်မည်ဖြစ်သည်။ ထို့ပြင် တရုတ်နိုင်ငံသည် ထိရှလွယ်သည့် ကိစ္စရပ်များကို ဖြေရှင်းရာတွင်လည်းကောင်း၊ ကမ္ဘာလုံးဆိုင်ရာအုပ်ချုပ်မှုကို မြှင့်တင်ရာတွင်လည်းကောင်း၊ ကမ္ဘာလုံးဆိုင်ရာတိုးတက်ဖွံ့ဖြိုးမှုကို မြှင့်တင်ရာတွင်လည်းကောင်း တည်ငြိမ်မှုအတွက် အင်အားတစ်ရပ်ဖြစ်လိမ့်မည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ပြောကြားခဲ့မှုကို တရုတ်စစ်ဘက် အွန်လိုင်းသတင်းတစ်ရပ်က ဖော်ပြခဲ့သည်။

အဆိုပါနယ်ပယ်လေးခုနှင့်ပတ်သက်၍ တည်ငြိမ်မှုဆိုင်ရာအင်အားဖြစ်မှု၏အဓိပ္ပာယ်ဖွင့်ဆိုမှုက ကမ္ဘာ့ငြိမ်းချမ်းရေးကိုထိန်းသိမ်းမှုအတွက် တရုတ်နိုင်ငံ၏ တာဝန်ခံမှုကို သရုပ်ပြပြီး ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးအုပ်ချုပ်မှုပုံစံ မြှင့်တင်ရေးအတွက် တရုတ်နိုင်ငံ၏ ထိပ်တန်းအဆင့်တွေးခေါ်မှုနှင့် ဆောင်ရွက်မည့်အစီအစဉ်တို့ကိုပြသလျက်ရှိသည်။ မကြာသေးမီက အင်အားကြီးနိုင်ငံများ ဆက်ဆံရေးချိန်ညှိမှု၊ ပထဝီနိုင်ငံရေးဆိုင်ရာကစားပွဲများ မြင့်မားလာမှု၊ စစ်အေးတိုက်ပွဲပုံစံစိတ်ဓာတ်များ ပြန်လည်ပေါ်ပေါက်လာမှု၊ အုပ်စုဖွဲ့နိုင်ငံရေးနှင့် အင်အားနိုင်ငံရေးတို့ တိုးမြှင့်လာမှုတို့ ပေါ်ပေါက်လာခဲ့သည်။ ထို့ကြောင့် အမေရိကန်သည် သက်ဆိုင်ရာနိုင်ငံများကို နယ်မြေသတ်မှတ်၍ မိတ်ဖွဲ့စေပြီး Five Eye မဟာမိတ်ဖွဲ့မှု၊ QUAD နှင့် AUKUS ဖွဲ့စည်းမှုနှင့် NATO ကို အရှေ့ဘက်သို့ ချဲ့ထွင်ရေးဖန်တီးမှုတို့နှင့်အတူ လှုံ့ဆော်လျက်ရှိသည်။ ၎င်းလုပ်ဆောင်ချက်အားလုံးသည် နိုင်ငံရေးနှင့်စီးပွားရေးအစီအစဉ်တွင် အကြီးအကျယ်ပြောင်းလဲလာသည့် အခြေအနေများ၏ ခိုင်မာသည့်ပြယုဂ်များဖြစ်သည်။ အမေရိကန်၏ ထိုကဲ့သို့သော နိုင်ငံရေးဆိုင်ရာချုပ်ကိုင်မှုများသည် ကမ္ဘာလုံးဆိုင်ရာ မတည်မငြိမ်ဖြစ်မှုကို ပိုမိုဆိုးရွားစေသည်မှာ သံသယရှိစရာမလိုပေ။

ကမ္ဘာကြီးတွင် သိသာထင်ရှားသည့် ပြောင်းလဲမှုများ အရှိန်အဟုန်ဖြင့် ပေါ်ထွန်းလာနေချိန်တွင် တရုတ်နိုင်ငံသည် ပဋိပက္ခဖြစ်နေသည့် ကမ္ဘာ၌ တည်ငြိမ်မှုအတွက် ယုံကြည်စိတ်ချရသည့် အင်အားတစ်ရပ်အဖြစ်လည်းကောင်း၊ တာဝန်ရှိမှုနှင့်တည်ငြိမ်သည့် အင်အားတစ်ရပ်အဖြစ်လည်းကောင်း နေရာယူထားသည်။ တရုတ်နိုင်ငံ၏ ဤရပ်တည်ချက်က ယခင်က ၎င်း၏မဟာဗျူဟာမြောက်လုပ်ဆောင်မှုများကို ထင်ဟပ်စေသည်။ တရုတ်နိုင်ငံသည် အမေရိကန်နှင့် ဘုံသဘောတူညီချက်ကို ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။ ထို့ပြင် နှစ်နိုင်ငံအပြန်အလှန် ပူးပေါင်းဆောင်ရွက်သည့်ကိစ္စများကို ဆွေးနွေးမှုနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့်သာ ပြုလုပ်သင့်ပြီး ထိပ်တိုက်ရင်ဆိုင်မှု သို့မဟုတ် အကျိုးမရှိသည့် ယှဉ်ပြိုင်မှုဖြင့် မလုပ်ဆောင်သင့်ဟု အဆိုပြုထားပြီးဖြစ်သည်။ တရုတ်နိုင်ငံသည် အဆင့်မြင့်မားသည့် ဖွံ့ဖြိုးတိုးတက်မှုကို ထိန်းသိမ်းရန် တရုတ်-ရုရှားဘက်စုံ မဟာဗျူဟာမိတ်ဖက်ဖြစ်မှုကိုမြှင့်တင်ပြီး တရုတ်-ဥရောပသမဂ္ဂ မိတ်ဖက်ဖြစ်မှုဦးစားပေးရေးကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ ဥရောပသမဂ္ဂ၏ မဟာဗျူဟာမြောက်ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် လုပ်ဆောင်မှုကိုလည်း တရုတ်နိုင်ငံက ထောက်ခံအားပေးလျက်ရှိသည်။ အဓိကအင်အားကြီး နိုင်ငံများကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရာတွင် တည်ငြိမ်မှုအတွက် အားတစ်ရပ်အဖြစ် လုပ်ဆောင်လျက်ရှိသည်။




တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီ မြူးနစ်လုံခြုံရေးညီလာခံတွင် အမှာစကားပြောကြားစဉ်။

**သံတမန်ရေးဆိုင်ရာကြိုးပမ်းမှု**

အီရန်နှင့် ဆော်ဒီအာရေဗျကြား သံတမန်ရေးရာဆက်ဆံမှုပြန်လည်ပြုလုပ်ရေး၊ BRICSကိုအဖွဲ့ဝင်ငါးနိုင်ငံမှ ၁၀ နိုင်ငံထိတိုးချဲ့မှု၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအတွက် တတိယအကြိမ်မြောက် ကုန်သွယ်ရေးရပ်ဝန်း(BRI) ဖိုရမ်အောင်မြင်စွာကျင်းပမှုနှင့် ပထမအကြိမ်မြောက် တရုတ်-ဗဟိုအာရှထိပ်သီးဆွေးနွေးပွဲကဲ့သို့သော အခမ်းအနားများကို ဦးဆောင်ပြုလုပ်ခဲ့သည်။ ထိုလုပ်ဆောင်မှုက ကမ္ဘာ့အခြားနိုင်ငံများကြား စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုခိုင်မာစေရန်၊ ကမ္ဘာလုံးဆိုင်ရာအရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လေးနက်မှုတို့ကို ခိုင်မာအားကောင်းစေရန် တရုတ်နိုင်ငံ၏ ကြိုးပမ်းမှုကို မှတ်တမ်းဖြစ်စေသည်။

ယူကရိန်းအရေးအတွက် နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရေးကို တရုတ်နိုင်ငံကအဆိုပြုထားပြီး ရုရှား-ယူကရိန်း ပဋိပက္ခတွင် ကြားဝင်စေ့စပ်ညှိနှိုင်းရေးကို တက်ကြွစွာ လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် အစ္စရေး-ပါလက်စတိုင်းပဋိပက္ခတွင် တရုတ်နိုင်ငံက နှစ်နိုင်ငံဖြေရှင်းနည်းကို အဆိုပြုထားသည်။ ၎င်းအဆိုပြုမှုက တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့အထိအခိုက်မခံသည့် အရေးကိစ္စရပ်များတွင် ဘက်လိုက်မှုမရှိဘဲ မျှတစွာ ဖြေရှင်းရေးလုပ်ဆောင်မှုကို သက်သေပြနေသည်။ မတည်ငြိမ်သည့် ပဋိပက္ခများဖြင့် ရှုပ်ထွေးနေသည့် ကမ္ဘာတွင် တည်ငြိမ်မှုအတွက် ယုံကြည်စိတ်ချရသည့် အင်အားအဖြစ် တရုတ်နိုင်ငံက ရပ်တည်လုပ်ဆောင်သည့် အဆိုပြုချက်ကို မြူးနစ်လုံခြုံရေးညီလာခံတွင် တင်ပြမှုသည် မှန်ကန်သည့်လုပ်ရပ်ဖြစ်သည်ဟုဆိုသည်။

၂၀၂၄ မြူးနစ်လုံခြုံရေးအစီရင်ခံစာက စစ်အေးခေတ်လွန်ကာလတွင် "ငြိမ်းချမ်းရေး၊ တည်ငြိမ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကောင်းမြင်ဝါဒများပျောက်ကွယ်သွားကာ ကမ္ဘာကြီးသည် နှစ်ဖက်စလုံးဆုံးရှုံးမည့်အခြေအနေသို့ကျရောက်နိုင်သည့် အန္တရာယ်ရှိသည်"ဟုဆိုသည်။ မြူးနစ်လုံခြုံရေးအစီရင်ခံစာတွင် အဆိုးမြင်ဝါဒပေါ်ထွန်းလာမှုသည် အနောက်နိုင်ငံများ၏ စစ်ပန်းမှုကိုသက်သေပြနေသည်။ ၎င်းအဆိုးမြင်ဝါဒသည် ယူကရိန်းအကျပ်အတည်း၊ အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခတို့နှင့်သာမက အမေရိကန်ရွေးကောက်ပွဲနှင့်လည်း ဆက်စပ်နေသည်။ တစ်ဖက်၌ ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင် ငါးနိုင်ငံအနက် တရုတ်နိုင်ငံသည် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့တွင် တပ်ဖွဲ့ဝင်အများဆုံးစေလွှတ်ထားသည့် နိုင်ငံဖြစ်သကဲ့သို့ ကုလသမဂ္ဂရန်ပုံငွေကိုလည်း ဒုတိယအများဆုံးထည့်ဝင်ထားသည့်နိုင်ငံဖြစ်သည်။

**တရုတ်နိုင်ငံ၏ လုံခြုံရေးသဘောတရားသစ်**

မြူးနစ်လုံခြုံရေးညီလာခံ၏ စိုးရိမ်ပူပန်မှုသည် အနောက်တိုင်းလုံခြုံရေးအယူအဆနှင့် လုံခြုံရေးစိန်ခေါ်မှုများကိုဖြေရှင်းနိုင်စွမ်းမရှိသည့်အပြင် ၎င်းတို့၏ လုံခြုံရေးကိုပင် ထိခိုက်စေနိုင်သည်ဟူသောအချက်ကို အတိုင်းအတာတစ်ခုထိ ထင်ဟပ်စေသည်။ ဆန့်ကျင်ဘက်အနေဖြင့် ၎င်းထင်ဟပ်မှုသည် တရုတ်နိုင်ငံ၏ လုံခြုံရေးသဘောတရားအသစ် တန်ဖိုးကိုလည်း မီးမောင်းထိုးပြလျက်ရှိနေသည်။

တရုတ်နိုင်ငံကအဆိုပြုသော ဘုံသက်ဆိုင်ပြီးကျယ်ကျယ်ပြန့်ပြန့်၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် ရေရှည်တည်တံ့သောလုံခြုံရေးဆိုင်ရာအမြင်သည် နိုင်ငံနှင့်ဒေသ ၈၀ ကျော်၏ အသိအမှတ်ပြုမှုကိုရရှိနေပြီး ထောက်ခံအားပေးမှုလည်း ရှိခဲ့သည်ဟုဆိုသည်။ လက်ရှိ ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးပြဿနာများရင်ဆိုင်နေရချိန်တွင် တရုတ်နိုင်ငံ၏ လုံခြုံရေးအယူအဆသစ်သည် နိုင်ငံတကာလုံခြုံရေးအုပ်ချုပ်မှု၏အကျပ်အတည်းကိုဖြေရှင်းရန်နှင့် နှစ်ဖက်စလုံးဆုံးရှုံးရသည့်အခြေအနေကိုရှောင်ရှားရန် ဦးစားပေးရွေးချယ်မှုဖြစ်သည်မှာ ထင်ရှားလျက်ရှိသည်။ တရုတ်နိုင်ငံ၏ လုံခြုံရေးအယူအဆသစ်သည် ပိုမိုကျယ်ပြန့်သောအသိအမှတ်ပြုမှုရှိလာသည်နှင့်အမျှ တရုတ်နိုင်ငံသည် ဤရှုပ်ထွေးနေသောကမ္ဘာကြီးတွင်တည်ငြိမ်မှုအတွက် ယုံကြည်စိတ်ချရသော အင်အားတစ်ခုအဖြစ် နိုင်ငံတကာအသိုက်အဝန်းထံမှ ပိုမိုကျယ်ပြန့်သောထောက်ခံမှုကို ရရှိလိမ့်မည်ဟုယုံကြည်နိုင်သည်။

**မျက်မှောက်ကာလပဋိပက္ခများဖြေရှင်းရေးအဆိုပြုမှု**

တရုတ်နိုင်ငံသည် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်ကလည်း ရုရှား-ယူကရိန်းပဋိပက္ခပြေလည်စေရေးနှင့်ပတ်သက်၍ အချက် ၁၂ ချက်ပါ ဖြေရှင်းရေးနည်းလမ်းတစ်ခုကိုအဆိုပြုခဲ့သည်။ ၎င်းအဆိုပြုချက်တွင် ငြိမ်းချမ်းရေးဆွေးနွေးမှုပြုလုပ်ရန် နှစ်ဖက်စလုံးကို တိုက်တွန်းထားပြီး စေ့စပ်မှုနှင့် ဆွေးနွေးညှိနှိုင်းမှုကသာ ယူကရိန်းပဋိပက္ခကိုပြေလည်စေနိုင်သည့် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်ဟုဆိုခဲ့သည်။ ထို့ပြင် နှစ်နိုင်ငံအနေဖြင့် အခြေအနေကို ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ရန်နှင့် အနောက်အုပ်စုအနေဖြင့်လည်း တစ်ဖက်သတ်ပိတ်ဆို့အရေးယူမှုများ ရပ်တန့်ရေးကို တောင်းဆိုခဲ့သည်။ အစ္စရေး-ပါလက်စတိုင်းပဋိပက္ခနှင့်ပတ်သက်၍ ဂါဇာကမ်းမြောင်ဒေသတွင် အပစ်အခတ်ရပ်စဲရေးနှင့် စစ်ပွဲအဆုံးသတ်ရေး ကြိုးပမ်းအားထုတ်ရန် တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာအသိုက်အဝန်းကို တောင်းဆိုထားသည်ဟု ကုလသမဂ္ဂဆိုင်ရာ တရုတ်လက်ထောက်အမြဲတမ်းကိုယ်စားလှယ်ကျန်ရှုအန်က ဇန်နဝါရီ ၉ ရက်တွင် ပြောကြားခဲ့သည်။ သို့သော်လည်း လုံခြုံရေးကောင်စီသည် အပစ်အခတ်ရပ်စဲရေးတောင်းဆိုမှုအပေါ် သဘောတူညီမှုမရရှိခဲ့ဘဲ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်က လုံခြုံရေးကောင်စီတွင် အမေရိကန်က ၎င်း၏ဗီတိုအာဏာကို ထပ်မံကျင့်သုံးခဲ့ခြင်းအတွက် စိတ်ပျက်မိကြောင်း တရုတ်နိုင်ငံက ထုတ်ဖော်ပြောကြားခဲ့သည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်လုံခြုံရေးအတွက် ဂါဇာကမ်းမြောင်၌အပစ်အခတ်ရပ်စဲရေးကို အကောင်အထည်ဖော်နိုင်မှသာလျှင် ပဋိပက္ခ၏ပြန့်ကျဲနေသော သက်ရောက်မှုများကို အခြေခံကျကျဖယ်ရှားနိုင်ပြီး ပိုမိုကျယ်ပြန့်သော အရှေ့အလယ်ပိုင်းဒေသကို စစ်ပွဲနှင့်ပဋိပက္ခအဖြစ်သို့ ဆွဲငင်ခြင်းမှ တားဆီးနိုင်မည်ဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ တရုတ်လက်ထောက်အမြဲတမ်းကိုယ်စားလှယ်ကျန်ရှုအန်က ဆိုခဲ့သည်။

ခြုံ၍ဆိုရလျှင် ကမ္ဘာ့ဒေသများသည် မတည်ငြိမ်မှုများကို ဆက်လက်ရင်ဆိုင်နေရသည်။ အချို့သောပဋိပက္ခများသည် ပထဝီနိုင်ငံရေးအရဆက်စပ်နေသည့် နိုင်ငံများနှင့် ဒေသများဆီသို့ ဆက်လက်ကူးစက်ပျံ့နှံ့မည့်အခြေအနေသို့ ရောက်ရှိနေသည်။ ထိုကဲ့သို့သော အခြေအနေများကို ဦးဆောင်ဖြေရှင်းမည့် လုပ်ဆောင်မှုများ၊ ဆွေးနွေးမှုများ လိုအပ်လျက်ရှိနေသည်။ အဓိကအားဖြင့် ပဋိပက္ခများပြေလည်စေမည့်နည်းလမ်းများကိုနှစ်ဖက်စလုံးမှ လက်ခံနိုင်ရုံသာမက ဘက်လိုက်မှုမရှိသည့် နည်းလမ်းဖြစ်ရန်လည်း လိုအပ်ပေသည်။ ထို့ကြောင့် တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့တည်ငြိမ်ရေးအတွက် လိုအပ်သည့်အင်အားတစ်ရပ်အဖြစ် လုပ်ဆောင်ရေးကို နိုင်ငံတကာသို့ ချပြလာခြင်းဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။

**ကိုးကား**

- China, staunch force for stability in turbulent world, China Military Online, February 20, 2024

**နေရှား(သုတေသန)**

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

## တန်ဖိုးထားတတ်ပါစေ

မင်္ဂလာပါကလေးတို့ရေ . . ။ဒီတစ်ပတ် သားသားမီးမီးတို့အတွက် ဦးဦးပြောပြမဲ့ပုံပြင်လေးကတော့ “တန်ဖိုးထားတတ်ပါစေ”ဆိုတဲ့ ပုံပြင်လေးပဲဖြစ်ပါတယ်ကွယ်။ ပုံပြင်လေးကတော့ ဒီလိုကွဲ့. . . . . ။

တစ်ခါတုန်းကပေါ့ကွယ် ထော်လဖော်ဆိုတဲ့ မုဆိုးကြီးတစ်ယောက်ရှိသတဲ့။ သူ့မှာ သစ္စာရှိတဲ့အမဲလိုက်ခွေးကြီးတစ်ကောင်ရှိသတဲ့။ ခွေးကြီးရဲ့နာမည်က ဂျော်နီတဲ့ကွယ်။ ဂျော်နီဟာ သန်သန်မာမာထွားထွားကျိုင်းကျိုင်းနဲ့ အပြေးလဲတော်တော်သန်သတဲ့။ နေ့စဉ်မပြတ် မုဆိုးကြီးက ဂျော်နီလေးကို အမြဲလေ့ကျင့်သင်ကြားပေးလေ့ရှိသတဲ့။

ဂျော်နီလေးဟာ မုဆိုးကြီးအပေါ် အလွန်သိတတ်ပြီး ဉာဏ်ကောင်းတာကြောင့်အားကိုးရသတဲ့။ မုဆိုးကြီးဟာ တောထဲသွားတဲ့အချိန်တိုင်း ဂျော်နီလေးကို အဖော်ပြုပြီး အမဲလိုက်လေ့ရှိသတဲ့ကွယ်။ ဂျော်နီလေးဟာ မုဆိုးကြီးအတွက်တော့ တော်တော်ကိုအားကိုးထိုက်ပြီး သစ္စာရှိတဲ့ အမဲလိုက်ခွေးလေးတစ်ကောင်ပေါ့ကွယ်။

တစ်နေ့ မုဆိုးကြီးဟာ ဂျော်နီလေးနဲ့အတူ အမဲလိုက်ထွက်တုန်း ချောက်ကမ်းပါးကနေ ခြေချော်ကျလို့ ခြေထောက်မှာဒဏ်ရာရသွားပြီး လမ်းမလျှောက်နိုင်တော့ဘူးတဲ့ကွယ်။ အလိုက်သိတတ်လွန်းတဲ့ ဂျော်နီလေးဟာ ချက်ချင်းဆိုသလို အိမ်ကိုပြေးပြီး မုဆိုးကြီးလိမ်းနေကျဆေးထုပ်ကြီးကိုကိုက်ချီလို့ မုဆိုးကြီးထံ ယူလာပေးသတဲ့။ မုဆိုးကြီးဟာ ဆေးတွေလိမ်းပြီး အချိန်အနည်းငယ်ကြာပြီးသွားမှ ပုံမှန်အတိုင်းလမ်းပြန်လျှောက်နိုင်သတဲ့။ မုဆိုးကြီးလမ်းပြန်လျှောက်နိုင်တော့မှ ဂျော်နီလေးလဲ ပျော်ရွှင်ရတော့သတဲ့။

မုဆိုးကြီးရဲ့မျက်နှာကိုကြည့်ပြီး အရိပ်အကဲနားလည်တဲ့ဂျော်နီလေးဟာ မုဆိုးကြီးအတွက် သားကောင်ဖမ်းပေးဖို့ ဆုံးဖြတ်လိုက်တော့သတဲ့။ အဲဒီအချိန်မှာ သူတို့ရဲ့ရှေ့ကို ယုန်လေးတစ်ကောင်ဟာ အစာရှာရင်း ရောက်ရှိလာသတဲ့။ မုဆိုးကြီးနဲ့ဂျော်နီလေးကို မြင်တော့ ရှေ့ကိုတိုးရတော့မလို နောက်ကိုပဲပြန်ဆုတ်ရတော့မလို ဖြစ်နေတော့သတဲ့ကွယ်။ နောက်တစ်လှမ်းဆုတ်ပြီး ပြေးဖို့လုပ်နေတဲ့အချိန် ဂျော်နီလေးကမြင်သွားတော့ လိုက်ဖမ်းတော့သတဲ့။ အပြေးသန်တဲ့ဂျော်နီလေးရဲ့ပါးစပ်ထဲမှာ ယုန်လေးကိုဖမ်းမိသွားတော့သတဲ့ကွယ်။ မုဆိုးကြီးက ပြုံးစိစိနဲ့ ဂျော်နီလေးကိုက်ချီလာတဲ့



ယုန်လေးကိုလှမ်းယူလိုက်ပြီး ဒီလိုလေးပြောလိုက်သေးသတဲ့။

“မင်းတော်တယ်ဂျော်နီ။ လာတို့တစ်တွေဒီနေ့အတွက် ယုန်သားနဲ့ပဲဖြတ်သန်းကြရအောင်ပေါ့”လို့ ပြောလိုက်သတဲ့။ ဒီလိုနဲ့ မုဆိုးကြီးနဲ့ဂျော်နီလေးဟာ အိမ်ပြန်လာကြတော့သတဲ့ကွယ်။ ယုန်သားဟင်းမွှေးမွှေးလေးကို ချက်ပြုတ်ပြီးတော့ မုဆိုးကြီးဟာ သူတစ်ယောက်တည်း အားပါးတရ စားသောက်လိုက်သတဲ့။ သူဗိုက်ပြည့်သွားပြီးမှ စားကြွင်းစားကျန်တွေနဲ့အရိုးတွေကိုပဲ ဂျော်နီလေးကိုချကျွေးလိုက်သတဲ့။ မုဆိုးကြီးရဲ့အကြံကတော့ ဂျော်နီလေးကို စားကောင်းသောက်ကောင်းတွေကျွေးလိုက်ရင် ဗိုက်ပြည့်ပြီးပျင်းသွားမှာကြောက်လို့တဲ့ကွယ်။ သစ္စာရှိတဲ့ဂျော်နီလေးကတော့ မုဆိုးကြီးအပေါ်ကို သူ့ရဲ့ကျေးဇူးရှင်မို့ တန်ဖိုးထားပြီး ခင်တွယ်ရှာနေတာပေါ့ကွယ်။

တစ်နေ့ထက်တစ်နေ့ ဂျော်နီလေးကပဲ မုဆိုးကြီးအတွက် အမဲလိုက်၊ သားကောင်ဖမ်းပေးပြီး ဟင်းကောင်းတွေကို ရှာဖွေပေးနေခဲ့တာ။ မုဆိုးကြီးကတော့ ဂျော်နီလေးကို ဘယ်သောအခါမှ အသားဟင်းနဲ့ထမင်းမကျွေးခဲ့ဘူးတဲ့ကွယ်။ ထမင်းစားတော့လဲ မုဆိုးကြီးစားပြီးမှ ကျန်တဲ့ထမင်းဟင်းကိုစားရတာကြောင့် ဂျော်နီလေးက ဗိုက်မပြည့်ရှာဘူးတဲ့ကွယ်။ အချိန်တွေကြာလာတော့ ဂျော်နီလေးဟာ အားအင်တွေကုန်ခန်းပြီး တဖြည်းဖြည်းနဲ့ပိန်ချုံးလာကာ နောက်ဆုံးအဆင့် အသက်ပါသေဆုံးသွားပါတော့သတဲ့ကွယ်။

ဂျော်နီလေးသေဆုံးသွားပြီးတဲ့နောက်မှာ မုဆိုးကြီးဟာ အမဲလိုက်ရတာ အဆင်မပြေတော့ဘူးတဲ့ကွယ်။ အသက်အရွယ်ကြီးလာပြီဖြစ်တဲ့ မုဆိုးကြီးဟာ နေ့စဉ်နဲ့အမျှ ဂျော်နီလေးကို အောက်မေ့သတိရလျက်ဖြစ်နေသတဲ့။ ဂျော်နီလေးမရှိတော့မှ သူ့အပေါ် သစ္စာရှိပြီး အလိုက်သိတတ်တဲ့ ဂျော်နီလေးရဲ့တန်ဖိုးကို နားလည်ပါတော့သတဲ့။ ဒီလိုနဲ့ ဂျော်နီလေးနေရာမှာ အစားထိုးဖို့ဆိုပြီး အမဲလိုက်ဖို့ နောက်ထပ်ခွေးကလေးတစ်ကောင်ကို မွေးလိုက်သတဲ့ကွယ်။ သူမွေးလိုက်တဲ့ ခွေးကလေးဟာ ဂျော်နီလေးလိုလိမ္မာပါးနပ်မှုမရှိတဲ့အပြင် အစားကောင်းတွေကြိုက်တတ်ပြီး အပျင်းထူနေတတ်သတဲ့။ အမဲလိုက်ပညာတွေ ဘယ်လောက်ပဲသင်ပေးသင်ပေး မတတ်ဘူးတဲ့ကွယ်။ ဒီလိုနဲ့ နောက်ဆုံးတော့ သူ့အတွက် ဘာမှအသုံးမဝင်တဲ့ခွေးကလေးကို မောင်းထုတ်လိုက်ပါတော့သတဲ့။ ပုံပြင်လေးကတော့ ဒါပါပဲကွယ်။

ဒီပုံပြင်လေးကို ဖတ်တဲ့အနေနဲ့ ကလေးတို့အားလုံးလဲ “တန်ဖိုးထားတတ်ပါစေ” ပုံပြင်ထဲက မုဆိုးကြီးထော်လဖော်လို သစ္စာရှိတဲ့ဂျော်နီလေးအပေါ် တန်ဖိုးမထားတတ်သူမဖြစ်ကြပါစေနဲ့ကွယ်။ ကလေးတို့ရေ ဘယ်အရာမဆို သူ့နေရာနဲ့သူ တန်ဖိုးရှိကြစမြဲမို့ အတူရှိနေချိန်အတွင်း တန်ဖိုးထားတတ်ပြီး တန်ဖိုးကိုသိတတ်ကြပါစေကွယ်။ မေတ္တာတို့မည်သည် ရောင်ပြန်ဟပ်သည်မို့ လူလူချင်းဖြစ်ဖြစ်၊ သတ္တဝါတွေပဲဖြစ်ဖြစ် မေတ္တာထားပြီး ချစ်ခင်တတ်ပါစေကွယ်။ တန်ဖိုးဆိုတာ တန်ဖိုးထားတတ်သူအဖို့ တန်ဖိုးရဲ့အရည်အသွေးကို ထင်ပေါ်စေမှာဖြစ်ပါတယ်ကွယ်။ ဒါကြောင့် တန်ဖိုးရှိတဲ့သူဖြစ်ဖို့အတွက် အရာရာကို တန်ဖိုးထားကြပါစေလို့ ဆန္ဒပြုရေးသားလိုက်ရပါတယ်ကွယ်။ ကလေးတို့အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေကွယ်။

**ရျာန်လေး(ပညာရေး)**

## သဘာဝလက်ဆောင်

- ကဏန်းကောင်လေး လက်မထောင် မျက်လုံးပြူးကြောင်ကြောင်။
- ရေမှာကျက်စား ငါးလေးတွေ မြူးထူးပျော်လို့နေ။
- ကျောက်ဆောင်ထက်မှာ ခိုဝင်တွား လိပ်က အိပ်စက်နား။
- ဘဝအခြေ မတူလည်း(လဲ) နေထိုင်တူယှဉ်တွဲ။ ။

**မောင်ကြည်လင်(ရွှေကြီးကြာ)**



## သမီးလိမ္မာဖြစ်စေဖို့

- ဘုရားတရား မြတ်သံဃာ
  ဦးနှိမ်ချလို့ ကန်တော့ပါ၊
  နံနက်ချိန်ခါ စဉ်ရွတ်ပွား
  မြတ်ဗုဒ္ဓရဲ့ တရားများ။
- အိပ်ရာဝင်သွား ညအခါ
  နမောတဿ ဆိုလို့သာ၊
  မိဘနှစ်ဖြာ ဘိုးနဲ့ဘွား
  ကန်တော့စို့ကွယ် မမေ့မထား။
- စာပေစကား သင်ပေးတာ
  မြတ်ဆရာမို့ မမေ့သာ၊
  လက်ဆယ်ဖြာစုံ မိုးလို့ထား
  ရိုရိုသေသေ ဦးချထား
  သမီးလိမ္မာ ဖြစ်စေသား။ ။



**လင်းလက်**










"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စားရေရိက္ခာသည် လူတိုင်းအတွက် လိုအပ်ပြီး လက်ရှိကမ္ဘာပေါ်တွင်လည်း စားနပ်ရိက္ခာလုံခြုံရေး (Food Security)မှာ အကြီးမားဆုံးစိန်ခေါ်မှု ဖြစ်နေ...

❖ မိမိတို့နိုင်ငံအနေဖြင့်လည်း စားနပ်ရိက္ခာလုံခြုံရေးအတွက် စားရေရိက္ခာပေါများရေးကို အလေးထားဆောင်ရွက်လျက်ရှိ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဩဂုတ် ၈ ရက်တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**ရဲရဲရင့်ရင့်**
**စစ်မှုထမ်းကြပါစို့**
ဆောင်းပါး
စာမျက်နှာ - ၁၅

**(၇၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် အကြိမ် (၃၀)မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ** စာမျက်နှာ - ၁၉

**တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၏ အနောက်မြောက်ဘက် ၁၉၃ မိုင်ခန့်အကွာပင်လယ်ပြင်၌ ငွေကျပ် ၄၅ ဒသမ ၄၃ ဘီလီယံ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၂၉၈ တန် ဖမ်းဆီးရမိ** စာမျက်နှာ - ၂၃

**မန္တလေး ပြည်ကြီးတံခွန်နှင့် အောင်မြေသာစံ မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ** စာမျက်နှာ - ၂၃



# ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့်စနူကာပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဘိလိယက်နှင့် စနူကာအားကစားရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်နှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်တို့မှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် **စာမျက်နှာ ၁၈ ကော်လံ ၁** ☆


OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la







Phone; 09973037364(Office), 09971922346(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar